www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၅၊ ဒီဇင်ဘာလ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျီတော်လမ်း။ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျီတော်လမ်း။ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၆၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅ ・ ၈၃

မိုးစက်ပွင့်

ပိတောက်နီမှမုန်းမယ်ဆို / မိုးစက်ပွင့်. – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၇၂ – စာ ၊ ၁၂ ・ ၃ × ၁၈ စင်တီ။
(၁) ပိတောက်နီမှမုန်းမယ်ဆို


# မိုးစက်ပွင့်

# ပိတောက်နီမှမုန်းမယ်ဆို

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

♬ ချိုမြိန်းရွှင်သော နှမပျိုရယ် ××× တစ်ကိုယ်လုံးပင်ချော အလှပိုတယ် ♬

သင်္ကြန်တေးသံတွေက နေရာအနှံ့မှာ ပျံ့လွင့်လို့နေသည်။ ဒီနေ့ သင်္ကြန်အကြိုနေ့မို့ လူငယ်တွေ ဗရုတ်သုတ်ခ လုပ်ကြမလား။ ဒါမှမဟုတ် ကုသိုလ်ရေးမှာ လက်မနှေးအောင် ပါဝင်ကြမည်လား။ လူအမျိုးမျိုး စိတ်အထွေထွေမို့ အချိုကျတော့လည်း –

"ရွှေအဆင်း သေတွင်း"

"ဗွမ်း"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ . . . ရွှဲကုန်ပြီ"

တစ်ကိုယ်လုံး ရွှဲစိုသွားသော ရွှေအဆင်းမှာ ကြွက်လေး ရေလောင်းလိုက်သလို ဖြစ်သွားသဖြင့် 'သိုင်း' က သဘောကျစွာ တဟားဟားအော်ရယ်လေ၏။

"နင် ဘယ်လိုလုပ်လိုက်တာလဲ သိုင်းရယ်။ ဒီမှာ စိုကုန်ပြီ"

"အခါတွင်းမှာ ရေစိုမခံချင်ရင် အခန်းအောင်းပြီး စောင်ကြီးကို ခေါင်းမြီးခြုံထားလိုက်ပေါ့ မိသေတွင်းရဲ့"

"သိုင်းနော် . . . ငါ့ကို အဲဒီလို မခေါ်ပါနဲ့ဆို"

"ဒါဆို သေမင်း"

"အသိုင်းစုတ် . . . ကဲဟာ . . . ကဲဟာ"

ရွှေအဆင်းက လိုက်ထုလေသဖြင့် သိုင်း ရေပုံးကြီး ကိုးရိုးကားယားနှင့် ပြေးလေတော့သည်။

"ဟား ဟား ဟား . . . မိအောင်လိုက်နော်၊ မမိရင် အိုးမည်းပါ ထပ်သုတ်မှာ သိလား"

လိုက်လေ ပြေးလေနှင့် ခရေပင်ကြီးကို ပတ်ပြေးနေတာ အခေါက်ပေါင်းများစွာ။ ကြာတော့ ရွှေအဆင်း မောလာပြီး သိုင်းကတော့ ဒီလောက်နဲ့တော့ မဖြုံပါ။ သိုင်းက အားကစားသမား တစ်ယောက်မို့ ပြေးရလွှားရတာ ကျင့်သားရနေသည်လေ။ ဘယ်မှာ





မောပါ့မလဲ။

"ငါ မောနေပြီ မလိုက်တော့ဘူး"

ရွှေအဆင်းက ရင်ဘတ်ကလေးကို လက်နှင့်ဖိ၍ ခရေပင် အမြစ်ပေါ်မှာ ထိုင်ချလိုက်တော့ သိုင်းက ခါးထောက်လျက်ရပ်ကာ–

"အရှုံးပေးပြီလား အိုးမည်းသုတ်ရမယ်"

"နင်မညစ်နဲ့နော် သိုင်း။ ငါ အော်ငိုလိုက်မှာ"

"ဒါ သကြန်တွင်းလေ မေ့နေပြီလား"

သိုင်းက လက်လျှော့ပေးချင်ပုံမပေါ်သဖြင့် ရွှေအဆင်း နှုတ်ခမ်းစူထားရာမှ ငိုမယောင် ညိုမှောင်၍ လာတော့သည်.

"အဟင့် ဟင့် . . . အီး ဟီး ဟီး"

"ဟာ . . . ဟေ့ အဆင်း မဟုတ်ဘူးနော်၊ ငါက တမင်စတာ အဆင်း"

သိုင်း ပျာပျာသလဲဖြစ်သွားကာ ရွှေအဆင်းကို ချော့ဖို့ ကြိုးစားရတော့၏။

"အဟင် . . . ခစ် ခစ် ခစ်"

မျက်စိပျက် မျက်နှာပျက်ဖြစ်သွားသော သိုင်းကိုကြည့်၍ ရွှေအဆင်း ရယ်လေတော့၏။

"ကြည့်စမ်း မျက်ရည်တွေမကျဘဲနဲ့ ငါ့ကို အရူးလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



... ကဲဟာ"

သိုင်းက တွန်းလွှတ်လိုက်သဖြင့် ရွှေအဆင်း ဖင်ထိုင်လေး ဖြစ်သွားလေ၏။ ဒါပေမဲ့ စိတ်မဆိုးရက်ပါဘူးလေ။

"ဟိတ် ... စိတ်ကောက်သွားတာလား။ စိတ်ကောက်ရင် အိတ်ပေါက်ကြီးနဲ့ ပန်းကောက်ခိုင်းမှာနော်"

ရွှေအဆင်းက သိုင်းအနားသို့ တိုးကပ်သွားမှ သိုင်း ဟိုဘက် သို့လှည့်သွားလေ၏။

"ဟင်း ... ချော့လို့မရဘူးလား။ ကလိထိုးမှာနော်"

"-----"

"သိုင်း"

"-----"

"သိုင်းဆို"

"မခေါ်နဲ့"

"ခေါ်မယ်"

"မခေါ်နဲ့ ... ငါ့အနားမကပ်နဲ့"

သိုင်းက ဟိုဘက်တိုးသွားတော့ ရွှေအဆင်းပါ လိုက်တိုး သည်။ နောက် ရွှေအဆင်းကပဲ သိုင်းပခုံးနှင့် ပခုံးချင်းတိုက်ပစ်လိုက် သဖြင့် နှစ်ဦးစလုံး ယိုင်နဲ့သွားကာ လဲကျသွားလေလျှင်–





"ဟာ"

"အို"

ကျသွားပုံက ရုတ်တရက် လူမြင်လို့မတင့်တယ်သလိုတော့ ဖြစ်သွားလေသည်။ သိုင်းက ပက်လက်လန်ကျသွားပြီး ရွှေအဆင်းကို ရုတ်တရက် လှမ်းဖက်လိုက်မိတော့ မျက်နှာချင်းက နီးကပ်သွားလေ၏။ နှစ်ဦးစလုံး အတန်ကြာ မင်သက်နေကြပြီးမှ ရွှေအဆင်းက သတိရ ကာ ထဖို့ကြိုးစားလိုက်တော့ –

"အား"

"နေဦးလေ၊ ဆံပင်နဲ့ဆွဲကြိုး ငြိနေတာ မမြင်ဘူးလား"

ဟုတ်သားပဲ၊ အဆင်း ဆံပင်တွေက သိုင်းလည်ပင်းက ဆွဲကြိုး လော့ကတ်သီးလေးနှင့် ငြိနေသည်။ သိုင်းက ဖြုတ်ပေးလိုက် ပြီး –

"ကဲ ... ရပြီ ထတော့"

အဆင်း သိုင်းမျက်နှာကို မကြည့်ရဲသလို မျက်နှာလွှဲသွား လေ၏။ သိုင်းက ပြုံးစိစိလုပ်ကာ –

"ဘာလဲ ရှက်သွားတာလား။ အရှက်ပြေ ပေးစရာရှိတယ်"

"ဘာလဲ"

သိုင်းက ချထားသောရေပုံးလေးကို လှမ်းယူလိုက်ကာ ရေပုံး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ရောထည့်လာသော ပန်းတွေကိုယူ၍ –

"ရော့"

"ဟယ် ... ပိတောက်ပန်းတွေ"

ရွှေအဆင်း မျက်နှာလေး ဝင်းပသွားပြီးမှ တစ်ခုခုကို သတိရသွားကာ ညှိုးရော်နွမ်းလျသွားလေ၏။ ပြီး ခေါင်းကိုသာ ခါလျက်–

"ယူလေ ... နင့်အတွက် ကြိုးစားပြီး ခူးလာရတာ"

"ငါ မယူချင်ဘူး သိုင်း"

"ဘာဖြစ်လို့လဲ အဆင်းရဲ့၊ ဒီလောက်လှတဲ့ပန်းကို"

ရွှေဆင်း နှုတ်ခမ်းကို ဖိကိုက်လိုက်မိ၏။

"ပိတောက်ပန်းတွေကို ငါ မုန်းတယ်"

"အင်"

ပိတောက်ပန်းတွေကိုင်ထားသော သိုင်းလက်က ချက်ချင်းပင် နောက်ဆုတ်သွားလေ၏။ အိပ်ပျော်နေတဲ့ အဆင်းရဲ့နှလုံးသားကို သူ လှုပ်နှိုးပေးသလို ဖြစ်သွားပြီလား။

"ငါ တောင်းပန်ပါတယ် အဆင်းရယ်၊ တကယ်မေ့သွားလို့ပါ"

"မေ့ထားလိုက်ပါ၊ နင် ငါ့ကို ပေးချင်တယ်ဆိုရင် ခရေပန်းတွေ ကောက်ပြီး သီပေးလေ"

"နင် တကယ်ကြိုက်လို့လား"





"အင်း ... ခရေပန်းက သစ္စာရှိတယ်လေ။ ခြောက်လေ မွှေးလေ၊ နွမ်းလေ မွှေးလေပဲ။ သူ့အလှပျက်သွားပြီး ကြွေမွသွားသည်အထိ ရနံ့က မွှေးနေဆဲပဲလေ"

သိုင်း ပိတောက်ပန်းတွေ စုစည်းထားသော ကြိုးလေးကို ဖြေ၍ နှင်လိုက်သည်။ ပြီး ခရေပန်းတွေကို ကောက်၍ သီကုံးလေတော့၏။ ရွှေအဆင်းက ကူညီ၍ ကောက်ပေးလေတော့ သိုင်းက ခေါင်းခါလေသည်။

"မယူဘူးလား"

"နင့်အတွက် ငါက ငါတစ်ယောက်တည်းပဲ ပန်းတစ်ကုံးဖြစ်အောင် ဖန်တီးပေးချင်တာ။ စပ်တူစပ်ဖက် မလုပ်ချင်ဘူး"

သိုင်း ဘာကိုရည်ရွယ်ပြီးပြောလိုက်သည်ဆိုတာ ရွှေအဆင်း သိပါသည်။ လွန်ခဲ့သောကာလက သူများလက်ဆောင်ပေးဖို့အတွက် သူက အပင်ပေါ်တက်ပြီး စွန့်စွန့်စားစား ခူးပေးခဲ့ရတာတွေ။ ထိုအချိန်က သိုင်းဟာ အဖြည့်ခံလူသားသက်သက်။

"နင် ငါ့ကို အရမ်းဂရုစိုက်တာပဲနော်။ ဘာဖြစ်လို့လဲ"

သိုင်း ခရေပန်းတစ်ပွင့်ကိုသာ ငုံ့ကောက်ပြီး ကြိုးကလေးမှာ သီလိုက်သည်။

"နင် မဖြေချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေချင်ပါတယ်၊ ဒါပေမဲ့ . . . ခု မဟုတ်ဘူး"

"ဘယ်အချိန်လဲဟင်"

"နှင့်နှလုံးသားကဒဏ်ရာတွေ ပျောက်ကင်းသွားတဲ့နေ့ပေါ့"

"အရှင်းမပျောက်သေးပေမယ့် ကျက်သလောက်တော့ ဖြစ်နေပါပြီ"

"တကယ်လား"

"အင်းပေါ့"

သိုင်းက ရှေ့တစ်ပွင့်ကို ကောက်ဖို့ ခြေထောက်ကို ရှေ့တိုးဖို့အပြင် ရွှေအဆင်းက သိုင်းလက်မောင်းကို လှမ်းဆွဲထားလေ၏။

"သိုင်း"

"ဘာလဲ" ဆိုသောသဘောနှင့် ကြည့်တော့ ရွှေအဆင်းက ပြုံးကာ လက်ညှိုးကလေးနှင့် အောက်ကိုထိုးပြ၍ –

"ဒီမှာတစ်ပွင့် တက်နင်းမိမှာစိုးလို့"

"မမြင်လိုက်ဘူး"

သိုင်း ခြေထောက်ကို နောက်ဆုတ်လိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ ပန်းက တစ်ကုံးပြည့်သွားပြီလေ။ ရွှေအဆင်းကလည်း လိုက်ရပ်လေလျှင် –

"နှင့်အဝတ်တွေ ရေစိုနေတာ သွားလဲလိုက်ဦး။ ဒါကို ပြီးမှ





ပန်"

ခရေကုံးလေးကိုလှမ်းပေးတော့ ရွှေအဆင်းက ခေါင်းခါသည်။

"နှင်ပြန်မှ အဝတ်လဲမယ်လေ။ ဒီလိုရေစိုတာ မြင်ချင်လို့ နှင်လောင်းခဲ့တာ မဟုတ်လား။ ပြီးတော့ ဒီပန်းကို နှင်ကိုယ်တိုင်ပဲ ပန်ပေးခဲ့လေ"

သိုင်း ခရေကုံးလေးကို ကိုယ်တိုင်ပဲ အဆင်းခေါင်းမှာ ပန်ပေးလိုက်လေသည်။

"လှလား"

"ဟင့်အင်း . . . မလှပါဘူး"

ရင်ဘတ်ကို လှမ်းထုသော အဆင်းလက်ကို သိုင်းက ဖမ်းဆုပ်ထားလိုက်ရင်း –

"ငါပြန်တော့မယ်၊ အဝတ်လဲလိုက်ဦး။ အအေးပတ်သွားမှာစိုးလို့"

ဒါပဲပြောပြီး သိုင်း လှည့်ထွက်သွားလေတော့သည်။ ရင်ထဲမှာ ကြည်နူးမှုတစ်ခုက ဗိုတုန်းကဆိုတဲ့အချိန်တွေကို ခြေဖျက် တိုက်စားလျက်။

❋ ❋❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"မြေးရေ"

"ရှင် အဘွား"

"အဘွား ဥပုသ်ကျောင်းကို သွားတော့မယ်"

ရွှေအဆင်း ဆွမ်းချိုင့်ပြင်ပြီးသားမို့ စတီးချိုင့်ကို လက်ဆွဲ၍ အပြေးထွက်လာခဲ့သည်။

"ပြီးပြီ အဘွား။ အန်တီလေးရော သွားပြီလား"

"မြေးအန်တီလေးလည်း ဒီနေ့ ဥပုသ်စောင့်မှာ ဆိုင်မထွက်ဘူး"

"ဒါဆို သမီး ဆွမ်းဖြည့်ထည့်လိုက်ဦးမယ်နော်"





"မထည့်နဲ့ကလေး။ အန်တီလေး သီလယူပြီးပြန်လာမှာ။ ဒီနေ့တော့ နားဦးမယ်ကွယ်"

မီးဖိုထဲသို့ ပြန်လှည့်ဝင်မည်လုပ်သော ရွှေအဆင်း၏ခြေလှမ်းတွေ တုံ့သွားလေ၏။

"အိမ်ရှေ့တံခါးကို ပိတ်ထားနော် ကလေး။ တော်ကြာ ကောင်လေးတွေ ရေဝင်လောင်းနေမယ်။ အိမ်မှာ ဘယ်သူမှရှိတာ မဟုတ်ဘူး"

"မေမေ သိုင်းကို မှာထားပါတယ် သမီးရယ်။ ယောကျ်ားလေး ရှိနေတော့ နည်းနည်းလူရှိန်တာပေါ့။ မဟုတ်ရင် ခုခေတ်ကလေးတွေက ဗရုတ်သုတ်ခနဲ့"

ရွှေအဆင်း ဆွမ်းချိုင့်ကို အန်တီလေးလက်ထဲသို့ ထည့်ပေးလိုက်၏။ နောက်တွဲဆံထုံးပုံ့ပုံ့လေးနှင့် အန်တီလေးမျက်နှာက လွန်စွာကျက်သရေရှိလှပါသည်။ တူမလေးကို ချစ်လွန်းလို့သာ အိမ်ထောင်မပြုရှာတာ။ ယခုထိတိုင်ပင် သူမကို ကမ်းလှမ်းသော သားရှင်တွေက ရှိနေသေးသည်။

ဘွဲ့ရပြီး အလုပ်မလျှောက်ဘဲ ဈေးထဲမှာ အထည်ဆိုင်လေး ဖွင့်ထား၏။ အဆင်းရဲ့အန်တီလေးက သုံးဆယ့်ငါးနှစ်သာရှိသေးပြီး အရွယ်တင်နုပျိုနေဆဲပင်။ အဆင်းရဲ့မေမေလည်း ချောတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မေမေက အန်တီလေးထက် သာတာတွေရှိသေး၏။

ရယ်လိုက်ရင် ဘယ်ဘက်က သွားထပ်ကလေးပေါ်လာတာ ရယ်၊ အရပ်မြင့်တာရယ်က အန်တီလေးထက် ပိုရှုံ့ခွဲဆောင်မှုရှိသော အချက်တွေပါ။ အဆင်းက မေမေနဲ့တူလို့ ပိုချောတာဟု ဘွားဘွားက ပြောလေ့ရှိသည်လေ။

"ဩော် ကလေး … သိုင်းလာရင် သူစားဖို့ ပန်းကန်စင်ပေါ်မှာ မုန့်ဟင်းခါး သပ်သပ်ခွဲထားတယ်လို့။ ပြီးတော့ ခေါင်းရင်းအိမ်က လာပို့ထားတဲ့ မုန့်လက်ကောက်လည်း ရှိတယ် ကျွေးလိုက်ဦး"

"အဆင်းသိပါတယ် အန်တီလေးရဲ့။ တကတဲ သိုင်းလာရင် ရှင်ဘုရင်ကြီး ကြွချီလာတဲ့အတိုင်းပဲ"

အန်တီလေးက ပြုံးလျက် –

"စေတနာရောင်ပြန်ဟပ်တဲ့ သဘောပါကွယ်။ သူက တို့ကလေးကို ဂရုစိုက်တာကိုး"

"တူဝရီးတွေ စကားကောင်းမနေနဲ့ သွားမယ်။ တော်ကြာ ဆရာတော် တရားဟောတာ မမီဘဲနေဦးမယ်"

"ကဲ … အန်တီလေးတို့ သွားမယ်နော် ကလေး"

"ဟုတ်ကဲ့"

အဘွားနှင့်အန်တီလေး ထွက်သွားတော့ အဆင်း ခြံတံခါးကို





သို့က်ပိတ်သည်။ ပြီး … အိမ်ပေါ်သို့ တက်လာခဲ့ပြီး တစ်ယော..က်တည်း ပျင်းပျင်းရှိတာနှင့် ဝတ္ထုတစ်အုပ်ကို ကောက်ဖတ်နေလိုက်..။

"အဆင်း … အဆင်းရေ အဆင်း"

"လာပြီ"

သိုင်းအသံမှ မျှော်ကြည့်ပြီးမှ အဆင်း ခြံတံခါးကို ပြေးဖွင့်ပေးလိုက်၏။ သိုင်းကိုမြင်တော့ အဆင်း ရယ်ချင်သွားလေသည်။ ခုမှ အိပ်မှုန်စုတ်ဖွားနှင့် ထလာသည့်ပုံပါ။ သိုင်းတို့အိမ်က အဆင်းတို့အိမ်နှင့် တစ်လမ်းစီပါ။ သိပ်မဝေးဘူးဆိုပေမယ့် ဈေးကိုတော့ ဖြတ်လာခဲ့ရမှာ။ ဆံပင်စုတ်ဖွားနှင့် သိုင်းပုံကိုမြင်ရင် ဈေးထဲကလူတွေ ရယ်ကြမလားပဲ။

"နင် ခုမှ အိပ်ရာကထလာတာလား"

"အဘွား မှာထားလို့ မျက်နှာတောင် မသစ်ရသေးဘူး"

"ဖြစ်ရမယ် နင်ကတော့"

ပြောပြီး အဆင်းက သွားတိုက်တံနှင့် သွားတိုက်ဆေးဘူးကို သွားယူပေးလေသည်။

"ရော့ … သွားတိုက်၊ မျက်နှာသစ် ပြီးရင် မုန့်ကျွေးမယ်"

သိုင်းက အဆင်းပြောသမျှ နာခံပြီး တစ်သဝေမတိမ်း လိုက်နာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်ပြီး သနပ်ခါးဖုံဖုံလေးလိမ်းလိုက်ပါလားဆိုတော့လည်း လိမ်းလိုက်တာပါပဲ။ မုန့်ဟင်းခါးနှင့် မုန့်လက်ကောက်ကို တစ်ပြိုင်တည်း ချပေးတော့ သိုင်းက ပခုံးတွန့်၍ ရယ်လေသည်။

"စေတနာနဲ့လား သွားပုပ်ရိုက်ပြီး သေအောင်လုပ်တာလား"

"နင် တော်တော် စေတနာကို စော်ကားပါလား သိုင်း"

"ဟုတ်တယ်လေ၊ ဒါတွေကို ငါတစ်ယောက်တည်း ဘယ်လိုလုပ် ကုန်အောင်စားရမှာလဲ။ နင် မစားရသေးဘူး မဟုတ်လား။ လာ တစ်ခါတည်းစား"

သူကိုယ်တိုင်ပဲ ပန်းကန်ထဲထည့်ပြီး အဆင်းကို မုန့်စားဖို့ ခေါ်နေသည်။ အဆင်းကလည်း မငြင်းပါ။ အချစ်ကြောင့် ပျော်ရွှင်ခြင်းတွေ ဆိတ်သုဉ်းသွားခဲ့သော အဆင်းသည် သိုင်းကြောင့် အပြုံးတွေ ပြန်လည်ရှင်သန်လာခဲ့သလို သိုင်း၏ ယုယအလိုလိုက်မှုတွေကြောင့်ပဲ သူမနှလုံးသားက ဒဏ်ရာတွေ ပျောက်ကင်းခဲ့ရလေပြီ။

"မုန့်စားပြီးရင် ငါ့ကို သီချင်းဆိုပြပါလား၊ ပျင်းလို့"

"နင်ကလည်း ငါ သီချင်းတစ်ပုဒ် ဖြောင့်အောင်မဆိုတတ်တာ သိရဲ့သားနဲ့။ ငါ သီချင်းဆိုရင် လူတွေတော့ အားပေးမှာ မဟုတ်ဘူး ခွေးတွေပဲ အားပေးမှာ"

စကားတပြောပြောနှင့်စားကြရင်း အဆုံးသတ်လိုက်ကြသည်။





စားပွဲကနေထသွားမှ သိုင်းက သီချင်းတစ်ပုဒ်ကို အော်ဆိုလေ၏။

♫ တကယ်ဆို မေ့ပစ်လိုက် xxx နာကျင်ခြင်းပေ့ မေ့ထားလိုက် xxx မျှော်လင့်ဆုံးကလေးရယ် ဒီလိုတို့တွေ ဆုံတွေ့နိုက် xxx ရွှေရောင်တောက်ပလွန်းတဲ့ မင်းဘဝလေးနဲ့ မင်းနေပါ xxx ♫

"ဝုတ် ဝုတ် ဝူး ဝူး"

သိုင်း သီချင်းဆိုမှပင် အိမ်ရှေ့က ခွေးက ထဟောင်လေသဖြင့် –

"ဟော ...တွေ့လား။ ဂျက်ကီက ငါသီချင်းဆိုတာကို သဘောကျလို့ အားပေးနေတာ"

"နင်ဟာလေ တော်တော် ပေါက်ပေါက်ရှာရှာပြောတတ်တာပဲ"

"နင် ပျော်အောင်ပါ"

"ငါ မပျော်ဘူးဆိုရင်ရော"

"ငါလည်း မပျော်ဘူးလေ"

အဆင်း ကရုဏာသက်စွာပင် သိုင်းကို ကြည့်မိလိုက်၏။ အမြဲတမ်း သွက်လက်ဖျတ်လတ်နေသော သိုင်းကို အဘွားနှင့်အန်တီလေးက သဘောကျနေသည်လေ။ ကလေးဆန်တာကလွဲပြီး ဘာမှ အပြစ်ပြောစရာမရှိဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဆင်းဘဝမှာ –

သိုင်းက အချစ်ဦး ဖြစ်မလာနိုင်ပေမယ့် အချစ်ဆုံးဖြစ်အောင်တော့ အဆင်း ကြိုးစားနေပါသည်။ အတိတ်ကိုမေ့ပစ်ဖို့ ကိုယ့်နှလုံးသားကိုလည်း အကြိမ်ကြိမ် ဆုံးမနေခဲ့သည်ဆိုလျှင်။

"သိုင်း"

"ဟင်"

"ဒီနှစ် ကျောင်းတွေပြန်ဖွင့်ရင် နင် ဘယ်မှာနေမှာလဲဟင်"

"မနှစ်ကလိုပဲပေါ့"

"ဟင်"

"အဆောင်မှာပဲနေမယ်၊ နင်ရော"

"ငါ ဒီနှစ် မေမေ့အိမ်မှာပဲ နေဖြစ်လိမ့်မယ်။ ဘွားဘွားက အဆောင်မှာထားရတာ စိတ်မချဘူးတဲ့။ ငါက အဆောင်မှာပဲ နေချင်တာ"

အဆင်း မျက်လွှာလေးချသွားလေ၏။ ဒီနှစ်ဆို သူမတို့ နောက်ဆုံးနှစ်ကိုရောက်ပြီ။ သိုင်း သူမကို စိတ်ချနိုင်မှာ မဟုတ်တာတော့ မပြောဘဲလည်း သိနေပြီလေ။

"နင့်မေမေအိမ်မှာ နေမယ်ဆိုရင် ငါပြောချင်တယ်။ ဒါပေမဲ့ နင် စိတ်ဆိုးမှာလည်း ကြောက်တယ်"





သိုင်းရယ်လို့ ရင်ထဲမှာသာ ညည်းတွားမိသည်။

"နင့်စိတ်ကို ငါ နားလည်နေပြီပဲ သိုင်းရယ်။ ငါက ကလေးမှ မဟုတ်တော့တာ။ ငါ စိတ်မဆိုးပါဘူး"

"ဒါဆို ငါပြောရတော့မလား"

အဆင်း ခေါင်းညိတ်ပြလိုက်သည်။ မေတ္တာစစ်၏ ပြတင်းပေါက်ကို ထွင်းဖောက်ဖို့ အချိန်တန်ပြီလေ။ သူမအပေါ် အနွံအတာခံပြီး တိတ်တခိုးချစ်နေခဲ့တဲ့ သိုင်းကို အစကတော့ သနားခဲ့တာ။ ခုတော့ သူမ နားလည်သွားခဲ့ပြီ။ သိုင်းက သူမ လက်ဖျားလေးကို ဆွဲယူလျက်–

"ငါ မပြောလည်း နင်သိနေတယ် မဟုတ်လား"

"သိပေမယ့် နင်ပြောတာကိုပဲ ငါ ကြားချင်တာ"

သိုင်း နှုတ်ခမ်းလေးတွေ ပြုံးလာပြီး –

"နင့်ကို ငါ ချစ်တယ် အဆင်း။ နင့်နှလုံးသားမှာ ဒဏ်ရာတွေနဲ့ဆိုတာ သိပေမယ့် ငါ့အချစ်ကို ဆေးအဖြစ်နဲ့ပဲ သုံးသုံး အစားထိုးအဖြစ်နဲ့ပဲ"

"တော်ပါတော့ သိုင်းရယ်"

အဆင်း လက်ကလေးနှင့် သိုင်းပါးစပ်ကို ပိတ်ထားလိုက်မိ၏။

"နင့်ကို ငါ အဲဒီလောက်ရက်စက်နိုင်လိမ့်မယ်လို့ နင်ထင်



www.burmeseclassic.com

www.burmeseclassic.com



နေတာလား။ မေတ္တာအတုအယောင်တွေ နှင့်ကို ငါမပေးချင်ဘူး။ စစ်မှန်တဲ့ ချစ်ခြင်းနဲ့ နှင့်မေတ္တာခံတွင်းထဲကို ငါ သက်ဆင်းချင်တယ်''

''နှင် တကယ်ပြောတာလား အဆင်း''

''မိုက်ရူးရဲဆန်တဲ့ အချစ်မျိုးက သံယောဇဉ်နဲ့ အမြစ်တွယ်ကုပ်ထားတာလောက် မခိုင်မြဲဘူး သိုင်း''

''ဒါဆို နှင်လည်း ငါ့ကို ချစ်တာပေါ့နော်''

ချစ်ပါတယ်ဆိုတဲ့စကားကို လွယ်လွယ်လေးပဲ ဒုတိယအကြိမ် မသုံးလိုတော့ပြီ။

သိုင်းကို သူမ နှလုံးသားထဲမှာ အလေးအနက်ထားခဲ့ပြီမို့ အနက်ရှိုင်းဆုံးသော စကားတွေကိုသာ ဆိုချင်ပါသည်။

''ချစ်တာထက် ပိုပြီးလေးနက်တဲ့ မြတ်နိုးခြင်းနဲ့ပါ''

''အဆင်းရယ်''

လက်ကလေးကိုသာ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိ၏။ ပွေ့တာ ဖက်တာတွေကို သိုင်းမလုပ်ရက်ပါဘူး။ သူ့အချစ်တွေက အဖြူစစ်စစ် သံယောဇဉ် အမြစ်များနှင့်သာ။

''နှင် ငါ့ကိုယုံတယ် မဟုတ်လားဟင်''

''ယုံပါတယ် အဆင်းရယ်''

''နှင်က ငါ့ကို အချစ်ဦးမဖြစ်ခဲ့ပေမယ့် အချစ်ဆုံးတော့





ဖြစ်လာခဲ့ပါတယ်''

''ငါက နှင့်ရဲ့ နောက်ဆုံးချစ်သူပဲ ဖြစ်ချင်တာပါ''

''ငါက ခဲမှန်ဖူးတဲ့ စာသူငယ်လေ''

''ကျောက်ခဲမှန်ခဲ့ဖူးတာ မဟုတ်လား။ ငါ့အချစ်က ရွှံ့ပြိုပြိုကြီးပေါ့။ စာကလေးရဲ့ကိုယ်မှာ အမြဲတွယ်ကပ်နေမှာလေ''

သူက မထိရက် မတို့ရက်ပေမယ့် ကိုယ်ကပဲ အလိုက်သိစွာ သူ့ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လိုက်သည်။ ဒီရင်ခွင်သာလျှင် သူမအတွက် မှေးစက်ရာမှာ အနွေးထွေးဆုံး ရင်ခွင်မဟုတ်လား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

တစ်နေ့တစ်နေ့ ကုမ္ပဏီမှာသာ ပျော်မွေ့နေရသည့် သူ့အဖြစ်က စိတ်သက်သာစရာ တစ်စက်ကလေးမှ မရှိခဲ့။ အစတုန်းကတော့ သူက တက္ကသိုလ်က ဆရာတစ်ယောက်။ ခုတော့ အလုပ်ထွက်ပြီး ကုမ္ပဏီတစ်ခုကို ဦးစီးလုပ်ကိုင်နေရတာ။

ဒီနေ့တော့ –

နှစ်ဆန်းတစ်ရက်နေ့မို့ အလုပ်နားသည်ပေါ့။ အလုပ်နားတာက သင်္ကြန်အကြိုနေ့ကတည်းကပါ။ သင်္ကြန်ဆိုတော့လည်း သူငယ်ချင်းတွေနဲ့ လျှောက်လည်နေရတာနဲ့ ဒီနေ့မှ နားဖြစ်တာ။

"မောင်"





"ဟင်"

အနားသို့လာထိုင်သော ဖနီး၏မျက်နှာက ပြုံးချိုနေသည်။ ဘာကြောင့်လဲလို့မေးဖို့ စိတ်ကူးမရှိသလို ဘာပြောမလို့လဲလို့လည်း မပြောဖြစ်။ သောက်နေသောစီးကရက်ကို ဆေးလိပ်ခွက်ထဲသို့ ထည့်လိုက်၏။

"မောင့်ကို ပြောစရာရှိလို့"

"အင်း . . . ပြော"

စီးကရက်ကို နောက်တစ်လိပ်ထပ်ယူပြီး မီးညှိလိုက်သည်မို့ ဖနီးက စီးကရက်ကိုကြည့်ပြီး အပြုံးလေးတွေ လျော့ပါးသွားလေသည်။

လူအများက လေးစားခဲ့သော ဦးသိုက်ထက်လင်းဟာ အရင်တုန်းက လုံးဝ ဆေးလိပ်မသောက်တတ်။ ခုတော့ ဆေးလိပ်တင်မဟုတ်သည့် အပြင် ဘီယာလေး အရက်ကလေးပါ အကြောင်းဆက်လို့ ပေါင်းဖက်လာခဲ့ပြီ"

"ဒီနှစ် သမီး ဒီမှာပဲနေပြီး ကျောင်းတက်လိမ့်မယ်"

ဦးသိုက်ထက်လင်း ဆိုဖာကိုမှီထားရာမှ ကိုယ်ကို ဆတ်ခနဲ မတ်လိုက်သည်။

"အဲဒါ မောင့်ကိုခွင့်တောင်းတာ။ မောင် မကြည်ဖြူဘူးဆိုရင်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်တော် ပြောရမယ့်စကားပါ။ မကြည်ဖြူခဲ့တာက ဘယ်သူလဲ။ သူကပဲ ကျွန်တော့်ကို ကြည့်မရခဲ့တာမဟုတ်လား။ ရောက်လာတာနဲ့ ချမ်းသာတဲ့မိန်းမကို လက်ထပ်လို့ ယောက်ျားပိုင်းလုံး အဖြစ် အထင်သေး အမြင်သေး မျက်လုံးတွေနဲ့ အကြည့်ခံရတာက ကျွန်တော်လေ"

"အဲဒီအတွက် မမ တောင်းပန်ပါတယ် မောင်ရယ်။ ဒါတွေ အားလုံး မမရဲ့အပြစ်တွေပါ။ မမက မမထက်ငယ်တဲ့ မောင့်ကိုမှ ရွေးပြီး ချစ်ခဲ့မိတာကိုး"

"မမက မမတစ်ယောက်တည်းမှ ချစ်တတ်သူလို့ထင်ခဲ့တာ မဟုတ်လား။ ကျွန်တော့်မှာတော့ နှလုံးသားတစ်ခုလုံး ချုပ်ရိုးကြောင်း အပြည့်နဲ့"

ပြောတော့မောင်၊ အချစ်ငတ်နေတဲ့မိန်းမတစ်ယောက်ရဲ့ နှလုံးသားကို မောင် ဘာဖြစ်လို့ နားလည်မပေးနိုင်ခဲ့တာလဲ။ ဆယ်တန်း မအောင်လို့ဆိုတဲ့ ခေါင်းစဉ်ကြီးတပ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ လင်ပေးစား ခံလိုက်ရတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝမှာ အချစ်ဆိုတာ ချိုသလား ခါးသလားတောင် မြည်းမကြည့်ခဲ့ရဖူးဘူးလေ။

ဒါပေမဲ့ –

ဖြစ်မိတဲ့ဘဝမို့ အစာသွပ်ခံလိုက်ရတဲ့ ပေါက်စီတစ်လုံးလို





ငနိုင်နိုင်တူးတူး မှုးပြီးရောအဖြစ်မျိုးနဲ့ မယားဝတ္တရားငါးပါးဆိုတဲ့ ဆိုင်းဘုတ်ကို လည်ပင်းမှာချိတ်ပြီး အချစ်မပါဘဲ ဘဝတစ်ခုကို ထူထောင်ခဲ့ရတာ။ မုဆိုးမဆိုတဲ့ဘွဲ့ကို လှလှပပယူလိုက်ပြီးပြန်တော့ အချစ်နဲ့ မမဟာ တစ်ကမ္ဘာစီပါ။ မောင့်ကိုတွေ့လိုက်ရမှ –

"ကျွန်တော်က မချစ်တတ်တဲ့ ယောက်ျားတော့မဟုတ်ဘူး။ အချစ်ကြီးပြီး တံမြက်စည်းထုံးသုတ်တာကို ဂစ်တာတစ်လက်ထင်ပြီး ရင်ခွင်မှာ ကောက်ပိုက်မိတာ"

"မမ နောင်တရနေပါပြီ မောင်။ မောင့်ချစ်သူနဲ့ ပြန်တွေ့တဲ့ အခါ မောင်ပြန်ချင်ပြန်သွားပါ။ မမ အားလုံးကို နားလည်ခဲ့ပါပြီ"

"တော်ပါတော့ ဒေါ်လှယမင်းရယ်။ ဒန်ကြွပ်ကို ရွှေရည်သုတ် မနေပါနဲ့တော့။ ခုမှလာပြီး နောင်တရနေလည်း ဟိုရင်ဘတ်ထဲကို မရောက်ဘူး။ ဗီဒီယိုကားတွေထဲကလို မယားကြီးက သည်းခံပါရမီ နှိုလိုက်တာ။ လင်နဲ့မယားငယ်လက်ထပ်ပွဲကို ကိုယ်တိုင်အုပ်ထိန်းသူလုပ်ပြီး ကျင်းပပေးတယ်ဆိုတဲ့ ဂုဏ်ပုဒ်ကို ခင်ဗျားရဖို့အတွက် ကျွန်တော်က အမိုက်ခံပြီး ကျွန်တော့်ချစ်သူကို သွားခေယမယ်လို့ ခင်ဗျား ထင်နေသလား။ ကျွန်တော် အဲဒီလောက်မရူးဘူး"

"မောင်"

ဦးသိုက်ထက်လင်း နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရင်တုန်းက အားနာတတ်ခြင်း၊ သနားတတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းတွေ။ ခုတော့ သူ့ရင်ထဲမှာ ပျောက်ဆုံးနေခဲ့ပြီ။ လုပ်ငန်းအရ ဦးတပ်ခေါ်တာ ခံနေရပေမယ့် သုံးဆယ့်နှစ်နှစ်သာရှိသေးသည့် သူ့နှလုံးသားတွေ ဘယ်လိုရင့်ကျက်နိုင်ဦးမှာလဲ။

"မောင် ခုလိုပြောနေတာတွေဟာ သမီးကြောင့်ဆိုရင် သမီးကို မမ အဆောင်မှာပဲထားပါ့မယ်။ မမကိုတော့ ရင့်သီးတဲ့စကားလုံးတွေနဲ့ မပစ်ပေါက်ပါနဲ့"

"ကျွန်တော်က ခင်ဗျားရဲ့ပိုင်ဆိုင်မှုတွေအောက်မှာ ဖားတစ်ကောင်လို ပြားနေရတဲ့ကောင်ပါ။ ကျွန်တော်က မကြည်ဖြူလို့ဆိုတဲ့ ပုဒ်မကြီးတပ်ပြီး ခင်ဗျားသမီးကို အဆောင်မှာတော့ မထားလိုက်ပါနဲ့။ နောက်ထပ်စွပ်လာမယ့် ကြိုးကွင်းက ခါးသွားထက် ထက်လွန်းလို့ပါ"

ဒီလောက် အလျှော့ပေးနေပါလျက် သူ ဘာဖြစ်လို့ ယမင်းကို နားမလည်နိုင်ခဲ့တာလဲ။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တယ်ဆိုတဲ့စကားဟာ ယမင်းအတွက် အသွားမထက်ပါလား။

"မှားပါတယ်လို့ ဝပ်ဆင်းခယနေတဲ့သူကို တုတ်နဲ့ထပ်ရိုက်နေတာလား မောင်။ မမ မောင့်ကို ချစ်ခဲ့မိတာ အပြစ်တစ်ခုလား။ မစွန့်လွှတ်နိုင်လို့ ပိုင်ဆိုင်ဖို့ကြိုးစားတဲ့သူကို မိုးကြိုးသွားလို့ထင်ရင် ဒသသဘီလူးကို သနားတဲ့လူတွေဟာ အရူးတွေလား မောင်"





"မရူးပါဘူး။ မူးနေတဲ့ကျွန်တော့်နှလုံးသားကပဲ ခါးခုတ်ရာ လက်ထိုးခံမိပေမယ့် သွေးဘယ်လောက်ပဲထွက်ထွက် သေစမ်းဟဲ့ဆိုပြီး သိသိနဲ့ လက်ထိုးခံတဲ့ကောင်လို့ အပြောခံလိုက်ပါ့မယ်။ ပြင်လို့မရနိုင်မှတော့ အပျက်ဟာ အပျက်အတိုင်းပဲ ထားကြတာပေါ့"

ယမင်းက နှုတ်ဆိတ်သွားသလို သိုက်ထက်လင်းဘက်ကလည်း ဘာစကားမှ ဟမလာတော့။ နှုတ်ခမ်းလွှာတွေကို ကြက်ခြေခတ်၍ ဒီအတိုင်းပဲနေသွားကြမှာလား။ မကျေနပ်မှုတွေနှင့် ပစ်ပေါက်နေကြပေမယ့် ရန်ဖြစ်တာမျိုးလည်းမဟုတ်ပြန်။ မှားခဲ့တာက ကိုယ့်အချစ်ကို ကာလဖန်ထိုးပြီး အနိုင်ရဖို့ကြိုးစားခဲ့တာက သူ။ သူ့မှာ ချစ်သူရှိပါတယ်လို့ ပြောခဲ့ပါလျက် ချစ်ပြီးမှ မညားတဲ့လူတွေရှိသလို ညားပြီးမှ ချစ်သွားတဲ့လူတွေက ဒုနဲ့ဒေး။

တစ်နေ့ –

ကိုယ့်ကိုပြန်ချစ်လာမှာပဲဆိုတဲ့ ယုံကြည်မှုတွေနဲ့ ပါတီပွဲတစ်ခုကို အကြောင်းပြုပြီး အရက်နှင့် သူ့ဘဝကို အပိုင်သိမ်းခဲ့တာ မိမိအမှားပါ။ မလိုက်ချင်ပါဘူးလို့ အတန်တန်ငြင်းတဲ့ကြားက နိုင်မာသော အကြောင်းပြချက်တစ်ခုနဲ့ ပါတီပွဲရောက်အောင် ဆွဲခေါ်ခဲ့တာလည်း သူ။

မဖြစ်ကို အဖြစ်၊ မမှားတာ အမှားလုပ်ပြီး သူ့ဘဝကို အပိုင်



www.burmeseclassic.com

www.burmeseclassic.com



မှုယူခဲ့တာလည်း သူပဲမို့ သူ လူတွေကြားထဲမှာပဲ သူနဲ့ကိုယ်ဟာ တစ်ယူဇနာခြားခဲ့ရသည်။ မှားခဲ့ပါတယ်ဆိုတော့ တာဝန်အရ ယောကျ်ားပီပီ သူမကို လက်ထပ်ယူခဲ့ပေမယ့် ထိုနေ့မှစ၍ သူကပဲ အခန်းခွဲအိပ်ဖို့ ပြောခဲ့တာမို့ အိမ်ထောင်သက်နှစ်နှစ်သာ ကျော်လာခဲ့ သည့် ယခုထိတိုင် လင်မယားအရာ မမြောက်သေးတာကိုတော့ သူမ တစ်ယောက်မှလွဲ၍ ဘယ်သူမှမသိနိုင်ခဲ့ပါ။

"ကောင်းပြီလေ၊ ဒါဆို မမ သမီးကို ဒီမှာပဲခေါ်ထားလိုက် တော့မယ်။ သူက လူငယ်ဆိုတော့ ရိုင်းပျတာရှိရင် မောင်က ခွင့်လွှတ် ပေးပါ။ မမ တောင်းပန်ပါတယ်"

"အဲဒီအတွက်တော့ စိတ်ချပါ။ ကျွန်တော်က သူများဆောက် ပြီးသားအသိုက်ကို ဝင်ခိုနေရတဲ့ကောင်ပဲ။ သခင့်အလိုကျ နေပြရုံပဲ ပေါ့"

"အဲဒီလိုတော့ မပြောပါနဲ့မောင်ရယ်။ လင်နဲ့မယားရယ်လို့ ဖြစ်လာမှတော့ ပိုင်ဆိုင်မှုအားလုံးဟာ အတူတူပဲပေါ့။ မမစဉ်းစားထား ပြီးသားပါ။ သမီးနဲ့မောင်"

"နေပါ ဒေါ်လှယမင်း။ ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာလို့ အပြောမခံနိုင်ပါဘူး။ နှလုံးသားတစ်ခုလုံး သေဆုံးပြီးမှတော့ ဒီစည်းစိမ် တွေနဲ့ ပြန်ကုနေရဦးမှာလား။ မျှော်လင့်ချက်မရှိတဲ့ ပန်းတိုင်ကို အမော





ခံနိုင်ရုံ ဝင်ပြီး လှေကျင့်မနေတော့ပါဘူး။ ခြေညောင်းပါတယ်"

ဒီစကားလုံးတွေပြောဖို့ ဘယ်လောက် အားထုတ်လိုက်ရလဲ တော့မသိ။ ရေသန့်ဘူးတစ်လုံးကို ရေခဲသေတ္တာထဲမှာ ထုတ်ယူပြီး မော့သောက်လိုက်၏။

"ဒါက အနိုင်လိုချင်တဲ့သူတွေနဲ့ ပြိုင်ဆိုင်နေရတဲ့ပွဲမှ မဟုတ် တာ မောင်ရဲ့။ မောင့်ကို အနိုင်ပေးချင်လို့ မပြေးဘဲထိုင်နေတာ မောင် မသိဘူးလား"

သိုက်ထက်လင်း မုန့်ပြုံးတစ်ချက်ကို ပခုံးထက်မှာထမ်းထား လိုက်ချင်၏။

"အသိခေါက်ခက် အဝင်နက်တယ်လို့ ပြောချင်ပြောပါ။ အတူတူယှဉ်ပြီးလိုက်ပြေးမယ့်သူထက် ထိုင်နေတဲ့သူ ပေါက်လိုက်တဲ့ ခဲဟာ မြားတစ်စင်းထက်ပိုစူးတယ်။ ခုပဲ ကျွန်တော့်နှလုံးသားတွေ မြားဆိပ်သင့်ခံနေရတာလေ။ အဲဒီအဆိပ်တွေကြောင့် ကျွန်တော် ပန်းတိုင်နားရောက်မှ မှောက်လိကျခဲ့တာ"

"မောင့်ကို စကားအရာနဲ့တော့ ဘယ်လိုမှ မယှဉ်နိုင်တော့ ဘူး။ တော်တော်စကားတတ်တာပဲ စာရေးဆရာလုပ်ပါလား"

ဒီတစ်ခါတော့ တကယ်ပဲ မုန့်ပြုံးတစ်ချက်ကို ပြုံးလိုက်မိသည်။ မသိခဲ့တာလည်း မဟုတ်ဘဲနဲ့ စာရေးဆရာတွေရော ကိုယ်တိုင်ရေးစား



www.burmeseclassic.com

www.burmeseclassic.com



ချည်တောင် အငှားခံစားချက်နဲ့ ရင်ဘတ်ခဏငှားပြီး ရေးခဲ့တာ မဟုတ်ဘူးလား။ သူက ကိုယ်တိုင်ပဲ သေလုမြောပါးခံစားခဲ့ရတာ။ ချစ်သူကို ချစ်ပါတယ်လို့ တဖွဖွပြောပြီး လက်ထပ်ပါ့မယ်လို့ ကတိတွေ အကြိမ်ကြိမ်ပေးခဲ့ပြီးမှ သူကစပြီး သစ္စာဖောက်ခံရတာ။ တစ်ဖက်ကရော သံမဏိနှလုံးသားနဲ့ စက်ရုပ်မှမဟုတ်တာ။ ဘယ်သူက ခွင့်လွှတ်နားလည်ပေးနိုင်မှာလဲ။

အစွယ်ကိုတောင်း နားတောင်းပန်လို့သူက မိဖုရား ရှုဠသုဘဒ္ဒါ၊ စေခိုင်းသူက မင်းကေရာဇ်၊ မြားပစ်သူက ကျွန်တော်မျိုးမှဆိုး သောနုတ္တို လို့ သူများအပြစ်တွေကို လက်ညှိုးထိုးပြီး ကိုယ့်ကိုယ်ကိုယ် လွတ်လမ်းကို ကြောင်းပေးရအောင်လည်း သူထားရစ်ခဲ့သူက ဆဒ္ဒန်ဆင်မင်းလို သည်းခံပါရမီရှိမယ့်သူမှ မဟုတ်တာ။ နူးညံ့တဲ့ နှလုံးသားပိုင်ရှင် မိန်းကလေးလေ။

"မမ သွားပါတော့ ကျွန်တော်တစ်ယောက်တည်း အေးအေးဆေးဆေးနေပါရစေ"

စိတ်ဆိုးပြီးဆို ဒေါ်လှယမင်း၊ စိတ်ကိုလျှော့ချလိုက်ပြီဆို မမ။ ဒါက သူ့မဘာဝနှင့် အထာကျနေခဲ့ပါပြီ။

"ဒီမှာ နှစ်ဆန်းတစ်ရက်နေ့ကြီး အရက်တော့မသောက်ပါနဲ့ မောင်ရယ်"





"ကျွန်တော် မြန်မာလူမျိုးပါ။ ဘာသာတရားတော့ ကိုင်းရှိုင်းဘတ်ပါတယ်"

ထွက်သွားပေးပါဆိုတော့လည်း ယမင်း ထွက်သွားပေးလိုက်ရုံပါပဲ။ ကိုယ်က ပြုခဲ့မိသူဆိုတော့ ဖြစ်ခဲ့သူ ကျေနပ်အောင်တော့ အလျှော့ပေးလိုက်ရုံသာ။ အတ္တတွေကာရံထားတဲ့ သူ့ရင်ဘတ်ထဲက နှလုံးသားကြောင့် လူတစ်ယောက်က သူ့နှလုံးသားကို အရက်နှင့် ပိမ်နေခဲ့ရသည်ဆို၏။ ချစ်မိလို့ မှားခဲ့တာကို မုဒိတာလေး နည်းနည်းတော့ ပွားသင့်ပါတယ် မောင်ရယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ဒါက ဘယ်သွားကြဦးမလို့လဲ"

အိမ်ရှေ့မှာ သိုင်း ဆိုင်ကယ်ထိုးရပ်သွားတာနှင့် ပြေးဆင်းသွားသော အဆင်း၏နောက်မှ လိုက်လာရင်း သူဇာမင်းက မေးလိုက်သည်။ အဘွား ဒေါ်နှင်းကြွေပါ အပါအဝင်ပေါ့။

"သိုင်းနဲ့ ဆိုင်ကယ်လျှောက်စီးမလို့ပါ အန်တီလေးရဲ့"

"အလုပ်မရှိ အလုပ်ရှာလို့ကွယ်"

သိုင်းက ရယ်လိုက်ရင်း –

"အန်တီလေး မသိပါဘူး။ သန်ဘက်ခါဆို ကျွန်တော်တို့က ရန်ကုန်သွားရတော့မှာလေ။ ဟိုမှာက ဆိုင်ကယ်စီးရတာမဟုတ်ဘူး





အဲဒါကြောင့်"

သန်ဘက်ခါဆို သိုင်းရော အဆင်းပါ ကျောင်းတက်ဖို့ ရန်ကုန်ကို သွားရတော့မည်။

"မြေးတို့ သိပ်ဝေးဝေးကြီး မစီးကြနဲ့နော်"

"ဒီအနားတင်ပါ အဘွားရဲ့"

"အေး အေး ... စောစောလည်း ပြန်ခဲ့ကြဦး မိုးမချုပ်စေနဲ့"

"ဟုတ်ကဲ့"

အဆင်းက ဆိုင်ကယ်ဟဲလ်မက်ကိုဆောင်းပြီး တက်လိုက်သည်နှင့် –

"ကလေး ခိုင်ခိုင်ကိုင်ထားနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"စိုးရိမ်လို့ ပြောတာကို"

"ကျွန်တော်တစ်ယောက်လုံး ပါပါတယ် အန်တီလေးရယ်။ ဘာမှစိတ်မပူနဲ့"

သိုင်းက လက်ပြပြီး ဆိုင်ကယ်ကို စက်နှိုးလိုက်သည်။ ဆိုင်ကယ်ကို သိုင်း ဘယ်တော့မှ တအားမမောင်းပေ။ ခုဆိုရင် သူတို့နေတဲ့ မြို့လေးက အလွန်ပင် စည်ကားနေပြီမို့ ဆိုင်ကယ်တွေ များလွန်းလို့ မကြာခဏ တိုက်မှုတွေဖြစ်တတ်တာကြောင့် အမြဲတမ်း သတိနှင့်သာ



www.burmeseclassic.com

www.burmeseclassic.com



မောင်းလေ့ရှိသည်။

ဆိုင်ကယ်ကို မောင်းထွက်လာခဲ့သည်နှင့် လူတွေက သူတို့ကို အားကျသောမျက်လုံးတွေနှင့် ကြည့်တတ်ကြသည်။

"အဆင်း . . . ငါ့ခါးကို ဖက်ထားလေ"

"ဘာလဲ . . . အလျှူရှင်မှန်းသိအောင် မဟ္လာပ်တိုင်တက်ပြနေတာလား"

"အင်း . . . လူအတော်များများက တို့ကိုအားကျနေကြတာလေ"

အဆင်းက သိုင်းအလိုကျ သိုင်းခါးလေးကို ဖက်ထားလိုက်သည်။ သိုင်းပြောသလိုပင် လမ်းမှာတွေ့တဲ့လူတိုင်းက သူတို့ကို သမင်လည်ပြန်လှည့်မကြည့်ဘဲ မနေနိုင်ကြ။ နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်ပုံက ကိုရီးယားဇာတ်ကားထဲက စုံတွဲလေးလို၊ ချစ်သူတွေဖြစ်လာကြပြီဆိုတော့ နှစ်ဖက်မိဘတွေက ကြည်ဖြူလိုလားကြစွာပဲ ကျောင်းပြီးတာနှင့် လက်ထပ်ပေးမည်တဲ့။

ရွှေအဆင်းက တစ်ဦးတည်းသောသမီး။

ဘိုးစဉ်ဘောင်ဆက်က ချမ်းသာခဲ့ကြသူတွေ။

သိုင်းကတော့ မိဘတွေက အဝေးပြေးကားတွေ ပိုင်ထားသူတွေဖြစ်ပြီး အခြားစီးပွားရေးလုပ်ငန်းတွေလည်း လုပ်သေး၏။ သား





နှစ်ယောက်အနက်က သိုင်းက အငယ်လေ။ သိုင်းနှာမည်က မင်းသိုင်းနောင်၊ အကြီးကောင် မင်းဗိုင်းအောင်က နိုင်ငံခြားမှာ –

"ဟိုမှာတွေ့လား အဆင်း၊ ကောင်မလေးတွေ တို့နှစ်ယောက်ကို ငေးနေတာ"

တာဆုံကိုရောက်တော့ ရိပ်သာလေးရှေ့မှာ ဆိုင်ကယ်ကို ရပ်လိုက်ရင်း သိုင်းက ဆိုလေသည်။ သူ့ဟဲလ်မက်ကို အရင်ချွတ်ကာ ရှေ့ကခြင်းထဲကို ထည့်လိုက်ပြီး အဆင်းခေါင်းက ဟဲလ်မက်ကို လာချွတ်ပေးလေ၏။

"ကောင်မလေးတွေဆိုမှတော့ နင့်ကို ငေးတာဖြစ်မှာပေါ့"

"နင် သဝန်မတိုဘူးလား"

"ဘာလို့ သဝန်တိုရမှာလဲ။ ကိုယ့်နာမည်နဲ့ တံဆိပ်ရိုက်ပြီးသား ပစ္စည်းကို ဘယ်သူက ဈေးဗိုပေးပြီး ဝယ်လို့ရမှာလဲ"

"စကားတွေ တတ်မပြန်နဲ့၊ လူရှေ့မှာ ဖက်နမ်းမိနေမယ်"

အဆင်းနဖူးကို ဖွဖွထုရင်း ဆိုလေ၏။ ပြီး အဆင်းလက်ကို ဆွဲ၍ ရိပ်သာလေးထဲသို့ ဝင်ခဲ့သည်။ သူတို့ထိုင်နေသည့်နေရာက ဘယ်နေရာကိုပဲကြည့်ကြည့် ဖြောင့်ဖြူးနေသော လမ်းမကြီးက အဆုံးသတ်မရှိ၊ ရိပ်သာ၏ အနောက်ဘက်ကို မျှော်ကြည့်ပြန်တော့ သာယာလှသော လယ်ကွင်းပြင်တွေ။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ရှိ ရှာငယ်လေးတွေ၏။ ထိပ်ဖျားပေါ်မှာ ကျော်၍ မြင်နေရသည့် ရခိုင်ရိုးမတောင်တန်းကြီးကလည်း ညနေဆည်းဆာ၏ အလှကို အားဖြည့်ကူညီပေးနေပြန်၏။ တောင်စွယ်ရဲ့ရင်ခွင်ထဲမှာ မှေးစက်ဖို့ မျက်တောင်စင်းနေသော နေမင်းက တိမ်ပြာကို မအိုစေလို၍ လိမ္မော်ရောင် နုတ်ခမ်းနီလေး ဆိုးပေးခဲ့သည့်ထင်။ ကောင်းကင်က တောင်စပ်မှာ လိမ္မော်ရောင်ပြေးနေသည်။

"ဒီအနားလေးက တော်တော်သာယာတာပဲနော်"

"နင် ဒီဘက်ကို တစ်ခါမှ မရောက်ဖူးဘူးလား"

"ဟင့်အင်း ... ငါက မိန်းကလေးဆိုတော့ တော်ရုံနေရာတွေ အသွားက လွတ်တာမဟုတ်ဘူး။ ခုမှ နင်နဲ့မို့လို့လာရတာ"

"အင်း ... သူမြေးသမက်တစ်ယောက်လုံးပါမှတော့ စိတ်ချပြီပေါ့"

"သိုင်းနော် ... နင် သိပ်အသားယူတာပဲ"

အဆင်းက တွန်းလွှတ်သဖြင့် သိုင်း ဟိုဘက်သို့ နည်းနည်းယိုင်သွားလေသည်။ မျက်စောင်းလေးထိုးတော့ သိုင်းကရယ်ကာ-

"မဟုတ်လို့လား။ ကျောင်းပြီးရင်ပဲ လက်ထပ်ရမယ့်ဟာကို"

"မသိဘူး"

ချစ်သူနှစ်ဦးနှင့် ညနေခင်းသည် ဆေးခွက်နှင့် စုတ်ချက်လို





နှစ်ဦးနှစ်ဖက် မိတ်ဆက်၍ လှပသော ပန်းချီကားတစ်ချပ်ကို ရေးဆွဲနေပေ၏။ လေညင်းသုန်သုန်က ရှူရှူလေး ခုန်ကြွ၍လာစဉ် –

"ညနေခင်းနဲ့ လေညင်းက နင်နဲ့ငါလိုပဲနော် အဆင်း"

"ဘာဖြစ်လို့လဲ"

အဆင်းက ခေါင်းလေးငဲ့၍ မေးသည်။

"ညနေက လှတယ်၊ လေညင်းက အေးမြတယ်။ လိုက်ဖက်တယ်လေ အဆင်းရဲ့"

မြတ်နိုး၍ မဝနိုင်သော မျက်ဝန်းလေးတွေနှင့် အဆင်းကို သိုင်း ငေးနေမိသည်။ ပါးကလေးတွေဖောင်းပြီး ကလေးတစ်ယောက်လို ချစ်စရာကောင်းသော အဆင်းမျက်နှာပေါ်မှာ ခုတော့လည်း ဘာဝေဒနာ အရိပ်အယောင်မှ မတွေ့ရပါလား။ ဒီလောက် အပြစ်ကင်းစင်ပြီး လှပတဲ့ မိန်းကလေးကို ထားရစ်ခဲ့သူက ရူးများနေလို့လား။

"ဟိတ် ... ဘာကြည့်နေတာလဲ"

"ချစ်လို့"

"ဒီလောက်ပြောနေရတာ မရိုးနိုင်ဘူးလား"

"ဘယ်ရိုးမှာလဲ။ သေတပန် သက်တစ်ဆုံးဆံဖြူပြီး ခါးကုန်းသွားသည်အထိ အဆင်းကို ချစ်တယ်၊ ချစ်တယ်လို့ ပြောနေဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



အဆင်း သိုင်းပခုံးပေါ်သို့ မေးတင်ထားလိုက်သည်။ သိုင်းကြောင့် အဆင်းဘဝမှာ အချစ်ဆိုတာ ပိုရှုံလေးနက် သိပ်သည်းခြင်းနှင့် အဓိပ္ပာယ်ရှိလာသည်ဟု ထင်ရ၏။ အရင်က ချစ်သူတစ်ယောက်ထားခဲ့ဖူးပေမယ့် သိက္ခာတွေ ထိန်းရ ဂုဏ်ဒြပ်တွေကို ကာကွယ်ရနှင့် လွတ်လပ်စွာ ပျော်ရွှင်ကြည်နူးခဲ့ရသည့်အချိန်ဆိုတာ မရှိသလောက်ရှားပါးလှသည်။

ပြီးတော့ –

သူပြောသမျှကိုသာ အဆင်းက ပုတ်သင်ညိုလို ခေါင်းတညိတ်ညိတ်နှင့် နာခံခဲ့ရတာ။ အဆင်းက ပြောပြီဆို ရေပြင်ပေါ်အရုပ်ရေးသလို တစ်ခါမှ အရာမထင်ခဲ့။

"အဆင်း"

"ဟင်"

"ငါ မေးမယ် နင် စိတ်မဆိုးနဲ့နော်"

"မေးလေ"

သိုင်း မေးဖို့ကို ချင့်ချိန်နေသည်ထင်၏။

"ငါ ကြိုပြောထားမယ်။ ငါ မေးမယ့်မေးခွန်းက နင့်ကိုမယုံလို့ အထင်သေးလို့ မေးတာမဟုတ်ဘူးဆိုတာတော့ နင် နားလည်ပေးပါ"





"နင့်အပေါ်မှာ ငါ နားလည်နေပါပြီ သိုင်းရယ်။ နင် မေးသမျှကို ငါ မခြွင်းမချန်ဘဲ ဖြေပါ့မယ်"

သိုင်း ပခုံးပေါ်က အဆင်းမေးစေ့လေးကို ဆွဲဖယ်ပြီး ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ အဆင်းနှင့် မျက်နှာချင်းဆိုင်ကာ –

"လေးငယ်နဲ့ ငါ့ကို"

အဆင်း လက်ကလေးက သိုင်းနှုတ်ခမ်းလွှာလေးပေါ်မှာ ဖိပိတ်ထားလျက်သား –

"သူနဲ့ငါက တူမှမတူတာ သိုင်းရယ်။ သူ့ဆီက မရခဲ့တဲ့ ယုယမှုတွေ နင့်ဆီကရတယ်။ သူနဲ့အတူ ကြည်နူးမှုတွေ သိပ်မရခဲ့ဘူး။ နင်က ငါ့ကို အချိန်ပြည့် ကြည်နူးမှုတွေပေးတယ်။ အခုမြင် အခုချစ်တဲ့ အချစ်က ဖြစ်လွယ်သလို ပျက်လွယ်တတ်တာပဲ။ နင်နဲ့ငါက အေးချမ်းတဲ့ '၅၂၈' မေတ္တာကို အခြေခံပြီးမှ '၁၅၀၀' ထပ်တိုးလိုက်တဲ့ '၂၀၂၈' မေတ္တာမျိုးနဲ့လေ။ နင့်ကို ငါ ပြောခဲ့ဖူးပါတယ်၊ ချစ်ပါတယ်ဆိုတဲ့စကားက မချစ်တတ်သူတွေလည်း သုံးနေကြတာပဲလေ။ ချစ်တာထက် လေးနက်သူတွေလည်း သုံးနေကြတာပဲလေ။ ချစ်တာထက် လေးနက်တဲ့ မြတ်နိုးခြင်းနဲ့ နင့်လက်ကို ငါ ခိုင်ခိုင်ဆုပ်ထားမှာပါ"

"ငါက ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလူပဲ သိလား အဆင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းပြီးရင် နင် ဒီထက်ပိုပြီး ကံကောင်းစေရမှာပါ"

ဘေးဘီကို ငေးကြည့်လိုက်တော့ လူရှင်းနေပြီ။ အဆင်း သိုင်း ရင်ခွင်ထဲသို့ ခေါင်းမှီလိုက်စဉ် သိုင်းက အဆင်း၏နဖူးထက်က ဆံစလေးတွေကို ငုံ့နမ်းလေ၏။ ဒီချစ်သူ၏ရင်ခွင်ကို ဘယ်သူနှင့်မှ နှိုင်းယှဉ်ဖို့မလိုပြီ။ နွေးထွေးခြင်း၊ အေးမြခြင်း၊ လုံခြုံခြင်း၊ ချိုမြိန်ခြင်း စသည်တို့ကို တစ်ပြိုင်နက်တည်း ပေးစွမ်းနိုင်သော ဒီရင်ခွင်ဟာ အဆင်းအတွက် ထာဝရမှေးစက်နားခိုရာ။

"နင် လေးငယ်ကို အတော်မုန်းနေမှာပဲနော်"

"ဟင့်အင်း . . . မမုန်းတော့ဘူး။ သူသာ ငါ့ကို သစ္စာမဖောက်ခဲ့ရင် တကယ်ချစ်တတ်ပြီး တကယ်နားလည်ခွင့်လွှတ်ပေးတတ်တဲ့ နင့်လိုချစ်သူမျိုးကို ငါရခဲ့မှာမဟုတ်ဘူး။ အချစ်ဆိုတာ ထူးဆန်းတယ် နော်။ သူ ထားရစ်ခဲ့လို့ ငါ မတုန်လှုပ်ခဲ့ပေမယ့် နင်သာထားရစ်ခဲ့ရင် ငါ သေသွားနိုင်တယ် သိုင်း"

"ဒီလောက်တောင်ပဲလား အဆင်းရယ်"

"ဒီထက်ပိုတာ ရှိသေးတယ်"

"ဘာလဲဟင်"

အဆင်းက မော့အကြည့် သိုင်းက ငုံ့အကြည့် အသက်ရှူသံချင်း ထိခတ်သွားချိန်မှာတော့ အဆင်းဆီမှ အနမ်းလေးတစ်ပွင့်က





သိုင်းပါးပြင်ပေါ်မှာ ဒူးထောက်ခယလျက်ရှိသည်။

"ငါ ယောက်ျားတစ်ယောက်ကို နမ်းခဲ့ဖူးတာ ဒါ ပထမဆုံး အကြိမ်ပဲ။ မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လောက်အရဲစွန့်ရမယ်ဆိုတာ နင်သိမှာပါ"

ရင်ခုန်သံတွေက အမြင့်ဆုံးဒီဂရီအထိ။ ဒီကမ္ဘာပေါ်မှာ သိုင်း လောက် ပျော်တဲ့သူ ရှိပါဦးမလား။ အရင်တုန်းက မမျှော်လင့်ရဲခဲ့သည့် အခြေအနေ။ ခုတော့ သိုင်း သူမက်ခဲ့သော အိပ်မက်များကို တကယ် ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။

"သိုင်း"

"ပြောလေ"

"ရန်ကုန်ရောက်ရင် နင် ငါ့ဆီကို မကြာမကြာ လာခဲ့ပါနော်"

"တစ်နေ့တစ်ခေါက် မှန်မှန်ရောက်မယ်ဆို ကျေနပ်မလား"

"အဲဒါတော့ လွန်တာပေါ့"

"ဖြစ်နိုင်ရင် နင့်ဘေးမှာ လွယ်အိတ်တောင်ဖြစ်ချင်တာ"

"မေ့ရှာခြင်းမှ မတူတဲ့ဟာကို"

သိုင်း အပြုံးလေးက ခုမှပင် တကယ့်ရင်ခုန်လှိုက်မောဖွယ် ရာ ဖြစ်နေသည်။ အရင်က ဒီလိုချစ်စရာကောင်းတဲ့ အချက်ကလေး တွေကို အဆင်းဘာဖြစ်လို့ မမြင်မိခဲ့ပါလိမ့်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ ကျောင်းကိုပဲ လာတွေ့မှာနော်။ နင့်အိမ်ကို မလာချင်ဘူး"

"ဘာဖြစ်လို့လဲ၊ မဏ္ဍပ်တိုင်တက်မပြတော့ဘူးလား"

"နင့်ပထွေးနဲ့ ငါ မျက်နှာချင်း မဆိုင်ချင်ဘူး အဆင်း"

အဆင်းမျက်နှာကလေး ညှိုးသွားလေသည်။ ပထွေးဆိုတဲ့ သူနဲ့ အဆင်းလည်း မျက်နှာချင်း မဆိုင်ချင်တာတော့ အမှန်ပါ။ ဘွားဘွားအမိန့်ကို မလွန်ဆန်နိုင်လို့သာ မေမေ့အိမ်မှာနေရမှာ။ မေမေ့ရဲ့ ချမ်းသာကြွယ်ဝမှုကို မက်မောလို့ ချစ်သူတစ်ယောက်ကိုတောင် စွန့်လွှတ်ခဲ့တဲ့ လူတစ်ယောက်ကို အဆင်း အဖေနေရာမှာထားပြီး ဘယ်လိုလေးစားရမလဲ။

"မျက်နှာတော် ညှိုးမသွားပါနဲ့ အချစ်ရယ်။ လာစေချင်ရင်လည်း မောင် လာခဲ့ပါ့မယ်"

"ဘာ မောင်လဲ"

"မခေါ်ချင်ဘူးလား"

"မခေါ်ချင်ပါဘူး။ အဲဒီအခေါ်တွေက အပေါ်ယံတွေ"

"စတာပါ၊ ငါလည်း အခေါ်မခံချင်ပါဘူး။ အချွဲလုံးတွေ နားရှက်လို့"

"ငှက်တွေတောင် အိပ်တန်းရှာကုန်ပြီ ပြန်ရအောင် သိုင်း"





နှစ်ဦးသား မတ်တတ်ရပ်လိုက်ကြသည်။ သိုင်းက လက်တစ်ဖက်ကို ခါးပေါ်မှာ ထောက်လိုက်၏။ အဆင်း သူ့လက်မောင်းကို ချိတ်စေချင်သော သဘောဆိုတာ သိလိုက်တာမို့ သိုင်း လက်မောင်းကို ချိတ်လိုက်သည့်တွင် –

"အထာကို သိသားပဲ၊ နှလုံးသားချင်း နားလည်နေတာပေါ့"

"အထာကိုသိမှ ကမ္ဘာတည်သရွေ့ လက်တွဲလို့ရမှာ"

"အရင်တုန်းက ဒီလောက်စကားမတတ်ဘူးလားလို့"

"မေတ္တာစစ်က သင်ပေးတဲ့ တော်ကီတွေလေ"

ချစ်သူနှစ်ဦး၏ရယ်မောသံလေးက ငှက်ကလေးများ၏တေးသံသာထက် ချိုလိမ့်မည်ထင်ပါ့။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"အန်တီလေးကလည်း မိုးလင်းတာနဲ့ အဆင်းက ထသွားရတော့မှာကို ဒီကိုရီးယားကားကို ဘာဖြစ်လို့ကြည့်ရဦးမှာလဲ"

အဝတ်တွေထည့်ရင်း အဆင်းက တဗျစ်တောက်တောက် ပြောလေသည်။ ပြောဆို အဝတ်တွေကူခေါက်ပေးရင်း အန်တီလေးက မြန်မြန်လုပ် ကိုရီးယားကား ကြည့်ရအောင်လို့ပြောတာကို။

"ဒီည နင် ဘယ်အချိန်ထိ အိပ်ဦးမှာလဲ၊ တော်ကြာပဲ သိုင်းလာခေါ်တော့မယ်"

ခုည အဆင်း သိုင်းတို့အိမ်မှာ သွားအိပ်ရမှာပါ။ သိုင်းတို့အိမ်က အဝေးပြေးကားနဲ့ လိုက်ရမှာဆိုတော့ နောက်ကျမှာ စိတ်မပူရတော့





ဘူးပေါ့။ ပြီးတော့ သိုင်းနဲ့ အတူတူသွားရမှာ –

"ဘာကားမို့ အန်တီလေးက ဒီလောက်ကြည့်ချင်နေရတာလဲ"

"ငါ ကြည့်ချင်လို့ မဟုတ်ပါဘူးဟယ်။ နင်တို့နှစ်ယောက်ကို ပြချင်လို့ပါ"

"ဘာဖြစ်လို့လဲ"

"ကြည့်ရင် သိလိမ့်မယ်။ ထည့်လို့သိုလို့ ပြီးပြီလား"

"ပြီးပြီ"

အဆင်းတစ်ယောက် အန်တီလေး လက်ဆွဲခေါ်ရာနောက်သို့ ပါလာခဲ့သည်။ ထိုစဉ် သိုင်း ဆိုင်ကယ်နှင့်ရောက်လာလေ၏။

"အဆင်း"

"သိုင်းတောင်လာပြီ"

"လာပါစေ၊ နှစ်ယောက်စလုံးကို အန်တီလေးက ကြည့်စေချင်တာ"

သိုင်းက အိမ်ပေါ်သို့ပြေးတက်လာပြီး –

"ဘာဖြစ်နေကြတာလဲ။ တစ်ယောက်က ရှုန်း။ တစ်ယောက်က ဆွဲနဲ့"

အဆင်းက အန်တီလေးကို မေးဆတ်ပြလေသည်။ -



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ သိုင်းရယ်၊ ဈေးထဲကလူတွေက ငါ့ကိုပြောတယ်။ ညှာကုမလေးစုံတွဲက ချစ်စရာလေးတွေတဲ့။ ကိုးရီယားဇာတ်ကား တစ်ကားထဲက စုံတွဲလေးနဲ့ တူလွန်းလို့ ဝယ်ကြည့်ပါဆိုတာနဲ့ အန်တီလေး ဝယ်လာတာ။ အဲဒါ နင်တို့နှစ်ယောက်ကိုပြချင်လို့၊ ခဏလေး ကြည့်ပါလို့ ပြောနေတာ"

သိုင်း ပြုံးလိုက်မိသည်။ ဘာကားလဲဆိုတာ သိုင်း သိပြီးသား ပါ။ ဒီကားကို သိုင်းတို့ကြည့်ပြီးသား။ ဇာတ်ကားနာမည်က 'ရင်ဂှက် လိဝ်ပြာ' တဲ့။

မေမေနဲ့ဖေဖေကတောင် ပြောပါသည်၊ အဲဒီကားထဲက ဟန်ဆန်ဝူးက ငါ့သားနဲ့တစ်ပုံစံတည်းပဲတဲ့။ ကိုယ့်သားလေးမျက်နှာကို ကြည့်နေရသလိုပဲဟုဆိုကာ နှစ်ခါတောင်ပြန်ကြည့်ကြတယ်လေ။ ဒါပေမဲ့ အဲဒီကားထဲက ဇာတ်လိုက် မာယွန်ဟီးက အဆင်းနဲ့ ဘယ်နေရာမှာမှ မတူတာ။

"အန်တီလေးပြောတာ 'ရင်ဂှက်လိဝ်ပြာ'ကား မဟုတ်လား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာကားလဲ"

"သူတို့ပြောတာ 'ကမ်းစပ်က ခြေရာလေးများ' ဆိုတဲ့ကား ဆိုလို့ အဲဒီကားကို ရှာပြီးဝယ်လာရတာ"





သူထင်ထားသည့်ကားမဟုတ်သဖြင့် သိုင်းပါ ဝိ ်ဝင်စား သွားလေသည်။

"ဘယ်နှစ်တွဲတဲ့လဲ"

"ဆယ့်လေးတွဲတဲ့"

"ဒါဆို ကြည့်ကြတာပေါ့"

အဆင်း ဝါသနာတူနှစ်ယောက်ကြားမှာ မျက်လုံးပြူးသွားရ သည်။

"နင့်အိမ်က စိတ်ပူနေပါဦးမယ် သိုင်းရယ်"

"ရတယ်၊ အဘွားတို့နဲ့ စကားပြောချင်လို့ ညဦးနက်မှ ပြန်လာ မယ်လို့ ငါပြောခဲ့ပြီးသား"

အဆင်း ဆက်မပြောတော့ပေ။ အန်တီလေးက ဖွင့်လိုက်ပြီး အားလုံးကို ထိုင်ဖို့ အချက်ပေးလေ၏။ ကြည့်နေကြရင်း မင်းသားနဲ့ င်းသမီးနှစ်ယောက် ဆုံနေတဲ့အခန်းလေးပေါ်လာတော့ အဆင်းက ံ့သြသလို သိုင်းကို လှမ်းကြည့်လေသည်။

"တကယ်တူတာပါလားဟယ်။ မင်းသမီးကတော့ ကလေးနဲ့ ိပ်မတူချင်ဘူး။ တို့ကလေးက သူ့ထက်ပိုလှတယ်"

သိုင်းက ဂုဏ်ယူသလို အကျီကော်လံစကို ဆွဲထောင်ပြလေ ၏ အဆင်း တကယ်ပင် မယုံနိုင်လောက်အောင် သိုင်းက မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသယ်ဖုန်လေးနှင့် တူလွန်း၏။ အဆင်းပါ ကြာတော့ စိတ်ဝင်စားလာပြီး ကားဆုံးအောင် ကြည့်ဖြစ်ခဲ့ကြသည်။

"အိပ်တောင်အိပ်ချင်လာပြီ"

"အိပ်ချင်မနေနဲ့ . . . သွားမယ်၊ ကားပေါ်မှာပဲ တစ်လမ်းလုံး အိပ်ပေတော့"

သိုင်းက အဆင်း၏အဝတ်အစားအိတ်ကို ကူဆွဲလေလျှင်-

"မဆွဲပါနဲ့ သိုင်းရယ်။ အထဲမှာ ထဘီတွေပါတယ်။ တော်ကြာနင် ဘုန်းနိမ့်နေပါ့မယ်"

"လာစမ်းပါဟာ။ ပုဆိုးနဲ့ထဘီ ယောကျ်ားဝတ်တာနဲ့ မိန်းမဝတ်တာ ခွဲခြားထားလို့သာ၊ ဝတ်တာချင်းကအတူတူပဲ"

အပြောရခက်သည့် သိုင်းပါ။ အဆင်းလက်ကိုဆွဲ၍ ဆိုင်ကယ်ဆီသို့ ဆင်းလာခဲ့ကြ၏။ ပြီး သိုင်းက ဆိုင်ကယ်ပေါ်သို့တက်လိုက်ပြီး အဝတ်အိတ်နဲ့အဆင်းကို တစ်ချက်လှည့်ကြည့်ကာ အသွားနှင့်အနှင် လေး မကြားအောင် စလေ၏။

"ခုမှ မိန်းမဓိုးတာနဲ့တောင် တူနေတယ်"

"သိုင်း"

"အ"

အဆင်း၏ထုချက်ကြောင့် သိုင်း ကျောကော့သွားလေသည်။





ဆိုင်ကယ်ကို မောင်းထွက်လိုက်တော့ ထုံးစံအတိုင်း အဆင်းက သိုင်းခါးကိုဖက်ထားလိုက်၏။

လမ်းချင်းက သိပ်မဝေးတော့ သိပ်မကြာခင်ပဲ သိုင်းတို့အိမ်သို့ ရောက်ခဲ့ကြသည်။ ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ကြသည်နှင့် သိုင်းမိဘတွေက စီး၍ စပြီလေ။

"ကြာလိုက်တာ သားရယ်။ ခုမှ ငါ့သားပုံက မိန်းမခိုးလာသလိုပဲ"

"အို . . . ဦးကလည်း ဘာတွေပြောမှန်းမသိဘူး"

"မရှက်ပါနဲ့ သမီးရယ်။ အကြိုလေ့ကျင့်တာလို့ သဘောထားလိုက်"

"ဖေဖေကလည်း အဆင်းကို အားနာစရာကြီး"

ရှက်သွားသောအဆင်းရှေ့မှာ သိုင်းက ကွယ်၍ရပ်လိုက်ရင်း ခင်ကို ဆိုမိ၏။ အဆင်းကတော့ ရှက်ရှက်နှင့် ခေါင်းကိုသာ ငုံ့ထားလေသည်။

"အားနာစရာလားကွာ၊ ချွေးမအဖြစ် သတ်မှတ်ပြီးသားပဲဟာ"

"ပြောလေ ကဲလေပါလား။ မေမေ့ယောကျ်ားကို ကြည့်ပြောထားဦး"



www.burmeseclassic.com

www.burmeseclassic.com



ရွှတည်တည်မျက်နှာနှင့် မေမေ့ဘက်သို့ လှည့်ချန်ပေးလိုက်ပြီး အဆင်းလက်ကိုဆွဲ၍ အိမ်ပေါ်သို့ တက်ခဲ့တော့သည်။

"ရှင်ကလည်း ရှင်ပဲ၊ အဆင်းလေး ရှက်သွားပြီ"

"မိန်းမရယ် . . . ဒါက သဘာဝပါပဲကွ"

❋ ❋ ❋



## အခန်း (၆)

"တီ တီ တီ တီ"

ကားဟွန်းတီးသံကြားတာနှင့် မောင်ထွေးက တံခါးပြေးဖွင့်ပေးလေသည်။ ဘယ်သူလဲလို့ လှည့်ကြည့်စရာမလိုပါ။ လှယမင်းသူ့သမီးချောကို သွားကြိုတာလေ။ သိုက်ထက်လင်း၊ ရွှေအဆင်းနှင့် ဆုံမိအောင် အတတ်နိုင်ဆုံး ကြိုးစားနေရမည်။ သူမကလည်း ဒီလိုပဲ တွေးထားလိမ့်မယ်ဆိုတာ ပြောစရာမလိုဘဲ သိထားပြီးသားပါ။

"မောင်"

အိမ်ပြန်ရောက်လာတာနှင့် လှယမင်းဆိုတဲ့မိန်းမက သူ့မျက်နှာမှ မမြင်ရလျှင် စားမဝင်ပါဘူးဆိုတဲ့မိန်းမ။ ရောက်တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တန်းလာသည်။

"မောင်ကတော့လေ ဘယ်အချိန်ပဲဖြစ်ဖြစ် ကြည့်လိုက်ရင် ဆေးလိပ်ကို လက်ကြားက ချတာယ်ကို မရှိဘူး။ နည်းနည်းပါးပါးလည်း လျှော့သောက်မှပေါ့။ တော်ကြာ ကျန်းမာရေး ထိခိုက်နေလိမ့်မယ်"

ဆေးလိပ်မီးခိုးကြားမှ သူမမျက်နှာကို သိုက်ထက်လင်း တစ်ချက် လှမ်းကြည့်ကာ –

"အရက်သောက်တော့လည်း မမ ကျွန်တော့်ကိုတားတာပဲ မဟုတ်လား။ အရက်သောက်ရင် ကျွဲခိုးပေါ်တတ်လို့ ကျွန်တော် အရက်ကိုတော့ အတတ်နိုင်ဆုံးရှောင်ခဲ့တာပဲ။ ဆေးလိပ်သောက်တာကိုတော့ ထပ်မတားပါနဲ့။ အတိတ်က ဖြစ်ရပ်တွေကို တွေးမိတိုင်း ဒေါသတွေကို မမအပေါ် စုပုံပြီး ပစ်မချချင်လို့ ဆေးလိပ်နဲ့ပါးစပ်ကို ပိတ်နေတာ။ ကျန်းမာရေးထိခိုက်ပြီး စောစောသေတော့လည်း စောစော ဝဋ်ကျွတ်တာပေါ့"

လှယမင်း မျက်နှာညှိုသွားလေသည်။ သမီးလေးရောက်နေတဲ့အချိန်မှာ သူနဲ့ စကားလည်း မများချင်ပါ။ သမီးလေးကို စိတ်ဆင်းရဲမှာ စိုးတယ်လေ။

ဒါကြောင့် –

အလိုက်သင့်နေတာ အကောင်းဆုံးပါပဲ။ သူလည်း ယမင်းလို့

ရွှေပဒေသာစာပေ



ပဲ တွေးလို့ဖြစ်လိမ့်မည်။ အရင်ကတည်းက သမီး တစ်ခါတစ်ရံ အိမ်လာပြီဆို စကားသိပ်မပြောတော့။

သူမလို မုဆိုးမတစ်ယောက်ကို လူပျိုလူလွတ်ဖြစ်တဲ့ သိုက်ထက်လင်းက ဘာကြောင့်ယူခဲ့တာလဲဆိုတဲ့ မေးခွန်းကိုမေးပြီး ပစ္စည်းဥစ္စာမှုအရှိန်အဝါတွေကို မက်တဲ့လူလို့ စွပ်စွဲပြီး ပက်ခနဲပြောခဲ့တာကို သူက ဘာမှပြန်မပြောဘဲ ဟုတ်ပါတယ်လို့ပင် ဝန်ခံခဲ့တဲ့သူလေ။

"မောင်"

မျက်လုံးနှင့်သာ ထူးလေသည်။

"သမီးကို လိုက်ပြီး နှုတ်ဆက်လိုက်ဦးလေ"

"မမရဲ့သမီးက ကျွန်တော့်ကို မမြင်ရလေ ကောင်းလေပဲ နေမှာပါ"

"မဟုတ်သေးဘူးလေ မောင်ရဲ့၊ ကိုယ်က မိဘပဲ။ သားသမီးနဲ့အပြိုင် မာနထားနေလို့ မရဘူးလေ။ ကိုယ်က မိဘပီသအောင်တော့ တွေ့ရအရပဲဖြစ်ဖြစ် တွေ့လိုက်ပါ။ ကြာတော့လည်း မောင့်အပေါ် သူ နားလည်သွားမှာပါ"

မိဘတဲ့လား ဒေါ်ယမင်းရယ်။ ခင်ဗျားရဲ့အတ္တမိုးတဲ့နှလုံးသားကြောင့် လေးဘက်ထောက်ပြီး တွားသွားခဲ့ရတဲ့ ခွေးတစ်ကောင်လောက်တောင် တန်ဖိုးမရှိတဲ့ကောင်က ကျွန်တော်ပါ။ သစ္စာကို ထရံလို



www.burmeseclassic.com

www.burmeseclassic.com



...က်ပြီး မေတ္တာပုခက်ထဲက ကြိုးပြတ်ကျခြင်းခံရတဲ့ ကျွန်တော်က ခင်ဗျားသမီးကို ကျွန်တော့်သမီးအဖြစ် ဘယ့်လိုရှလုံးသားနဲ့ လက်ခံရမှာလဲ။

ရွှေအဆင်းကရော ကျွန်တော့်ကို သူ့မိဘဆိုတဲ့ ရုပ်ဝါဟာရအောက်မှာ ကျက်သရေခေါင်းပေါင်းနဲ့ တိုက်ပုံဝတ်ပေးပြီး အခန့်သားကိုးကွယ်ထားမယ်လို့ ခင်ဗျား ထင်နေသလား။

ဒါပေမဲ့ –

ကျွန်တော်က ခင်ဗျားလိုရာခရီးကိုဆက်ဖို့ အရောက်ပို့ပေးရမယ့် ဖိနပ်တစ်ရံပါ။

"လာပါ မောင်ရယ် ... ခဏလေးပါ။ တော်ကြာ သမီးက မမကို စိတ်ကောက်နေပါဦးမယ်"

"ကျွန်တော်ကိုတော့ စိတ်ပျက်နေတာလေ"

"ကြာပြီပဲကွယ်၊ သူလည်း စိတ်ပြေလောက်ရောပေါ့"

"ကောင်းပြီလေ ... မမအလိုကျမှ ကျွန်တော်က မှီရမှာ မဟုတ်လား"

"မောင်က အရမ်းလိမ္မာတာပဲ"

သူမ ဆွဲခေါ်တော့လည်း လိုက်လာရတာပါပဲ။ တစ်သက်လုံး ရှောင်နေလို့မှ မရဘဲလေ။ အိမ်ထဲကိုရောက်လာတော့ ရွှေအဆင်း–





ထိုင်စောင့်နေသည်။

"မောင်ထွေးရော သမီးရဲ့အိတ်တွေ သယ်သွားပြီလား"

"ဟုတ်ကဲ့ သယ်သွားပါပြီ မေမေ"

အရင်တုန်းက တွေ့လိုက်တာနှင့် သူ့ကိုရန်လိုနေသော မျက်လုံးများနှင့် ကြည့်တတ်သည့် ရွှေအဆင်းက ယခုတော့ –

သူ့ကို ယောင်၍ပင် လှည့်မကြည့်သေးပါ။

"အဘွားနဲ့အန်တီလေး နေကောင်းရဲ့လားသမီး"

"ကောင်းပါတယ်၊ အဘွားက ခုအထိ မီးဖိုချောင်ဝင်နေတုန်းပဲ"

"ဟယ် ... အဲဒီလောက်ထိ သန်မာတုန်းလား။ ထမင်းချက်မငြီးဘူးလား သမီးရယ်"

အဆင်းက ပြုံးလျက် –

"သူများချက်တာ သဘောမကျလို့တဲ့လေ။ သူကိုယ်တိုင်ပဲ ဝင်တာ"

"ကြားရတာ ဝမ်းသာပါတယ်ကွယ်။ မေမေလည်း ဒီနှစ်တော့ ရောက်အောင်သွားရဦးမယ်၊ ခုထိ သူ့သမက်ကို မမြင်ဘူးရှာသေးဘူးလေ။ သွားပြရဦးမယ်"

အဆင်း ဦးသိုက်ထက်လင်းကို ကွက်ခနဲ ...ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ သူကလည်း အဆင်းကို ကြည့်နေတာနှင့် တိုးသဖြင့် မျက်နှာလွှဲပစ်လိုက်ကြတာက ပြိုင်တူပင်။ မေမေ လက်ထပ်တော့ ကျောင်းပိတ်ရက်မှာမို့ အန်တီလေးနဲ့အဆင်းသာ လာခဲ့တာ အဘွားက လိုက်မလာခဲ့ပေ။ အိမ်ပြန်ရောက်တော့ အန်တီလေးက အဘွားကို ပြောပြလေ၏။

"မမယောက်ျားက မမထက် ငယ်တယ် မေမေ။ တက္ကသိုလ်က ဆရာတစ်ယောက်တဲ့။ ချောလည်း ချောတယ်၊ မမနဲ့တော့လိုက်ပ"

လို့ပြောတော့ ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေရှာသူ။

"လှုယမင်းက ကံကောင်းတဲ့မိန်းကလေးပါ" တဲ့။

ပထမအိမ်ထောင်တုန်းကလည်း အသက်ကြီးတာကလွဲရင် ဥစ္စာပေါ၊ ရုပ်ချောပါတဲ့လေ။

"အခုလည်း ငါးပိကြော်တွေ သူကိုယ်တိုင်ပဲ ကြော်ပြီးထည့်ပေးလိုက်တာလေ။ သူ့လက်ရာကို သူ့သမက် စားဖူးအောင်လို့တဲ့"

သိုက်ထက်လင်း ခေါင်းထောင်လာလေပြီ။ သူ့သမက်ဆိုတဲ့ စကားကို ပြောလိုက်တာ ခက်ထန်ခြင်း လုံးဝကင်းမဲ့နေသည်။ လှုယမင်းမျက်နှာမှာတော့ လပြည့်ညမှာ သာတဲ့လပမာနှယ်။

"ခုလိုကြားရတာ မေမေ အရမ်းဝမ်းသာတယ် သမီးရယ်။ မေမေက မောင် ...အဲ သိုက်နဲ့မေမေ လက်ထပ်လိုက်တာကို





သဘောမတူလို့ သူ မေမေ့ဆီမလာတော့တာလို့ ထင်ထားတာ"

"အဘွားက ခရီးဝေးမသွားနိုင်တော့ဘူးလေ မေမေရဲ့။ သန်မာတုန်းဆိုပေမယ့် မသင့်တော်တော့ဘူးမို့လား"

"ဟုတ်တာပေါ့ကွယ်၊ တကယ်ဆို ငယ်ရွယ်တဲ့မေမေတို့က သူ့ကို သွားတွေ့သင့်တာ"

သူတို့သားအမိကြားမှာ ဘာစကားတစ်ခွန်းမှမဆိုဘဲ ငုငုကြီးထိုင်နေသူက သိုက်ထက်လင်းပါ။ ဝေဒနာတွေ အဆင်းအတက်နှင့် ဟင်းတစ်ချက်ချနိုင်ဖို့အတွက် ဒီတစ်သက် ဝဋ်ကြွေးဘယ်လောက်ကြာအောင် ပေးဆပ်ရဦးမှာလဲ။

"ဒီနှစ် သမီးကျောင်းပြီးလို့ပြန်ရင် မေမေတို့လိုက်ခဲ့လေ"

"လိုက်ဖြစ်အောင်တော့ ကြိုးစားရမှာပဲသမီးရေ။ သမီးရဲ့ အဘွားကို မေမေပစ်ထားခဲ့တာကြာပြီလေ"

အဆင်း ဦးသိုက်ထက်လင်းဘက်သို့ မျက်လုံးကို စွေကြည့်လိုက်သည်။ ဒီအချိန်မှာ ဦးသိုက်ထက်လင်းနဲ့ သူမကြားမှာ တင်းမာနေခဲ့သည့် ဆက်ဆံရေးက ပြေလည်သင့်ပြီထင်ပါရဲ့။ အဆင်းရင်ထဲမှာ ဘာအာဃာတမှ မရှိတော့တာ သေချာနေပြီပဲ။

အထူးသဖြင့် –

တတွတ်တွတ်မှာခဲ့သည့် ချစ်သူသိုင်းစကားကို သူမ နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချင်ပါသည်။ အရင်က အနိုင်ယူခဲ့သမျှ အခုမှ အတိုးချပြီး ပေးဆပ်ချင်တာ အချစ်ဆုံးမို့ပါ။ ကိုယ့်အမေနဲ့ညားနေမှတော့ သူက ကိုယ့်အဖေလိုပဲတဲ့။ သိုင်းက အရမ်းဖြူစင်တဲ့ ကောင်လေးပါ။ သိုင်းနဲ့ အဆင်း လက်ထပ်တော့မယ့်အကြောင်းကိုတော့ နောက်မှပဲ ဖွင့်ပြောပါတော့မည်။ လောလောဆယ်တော့ ရှိခဲ့ဖူးသည့် အာဃာတမီးတွေကို သာ ငြိမ်းသက်ချင်ပါသည်။

"ဒါနဲ့ ဦးသိုက်တောင် ပိန်သွားသလိုပဲနော်။ ကျန်းမာရေး ကောင်းရဲ့လား"

မြတ်စွာဘုရား။ သိုက်ထက်လင်း နားကြားများ မှားလေရော့ သလား။ မယုံနိုင်စရာ ကြည့်လိုက်မိတော့ အခြေအနေကို လှယမင်းက ထိန်းမတ်ပေးသွားသည်။

"အဲဒါပဲ ပြောနေရတာပေါ့ သမီးရယ်။ ဆေးလိပ်တွေ အရမ်း သောက်တာလေ။ လျှော့သောက်ပါလို့ပြောတာ ပြောလို့ကိုမရဘူး"

"ဦးသိုက်က မေမေ့စကားကို နားမထောင်ဘူးလား။ နား မထောင်ရင် နားရွက်ဆွဲပြီး ကိုင်ပေါက်ပစ်လိုက်ပါလား မေမေရဲ့"

သိုက်ထက်လင်း ပြုံးလိုက်မိပါသည်။ ရင်ထဲမှာတော့ ကြည် နူးသလိုလိုတော့ အရှိသား။ ဒါပေမဲ့ အဲဒီကြည်နူးမှုတွေကိုပဲ သူ မလိုချင်ခဲ့တာ။





"မလုပ်ရဲပါဘူး သမီးရယ်။ မေမေက ကလေးကို မုန့်ကျွေး နေရတာလေ"

"မမ"

သိုက်ထက်လင်း ဒီစကားကို မကြားချင်တော့ပါ။ ဒီစကားက ဒဏ်ရာကိုဆွပေးတာနဲ့ အတူတူပါပဲ။ သူ ပေါက်ကွဲမပြချင်တော့ပါ ဘူး။

"မလိုအပ်တဲ့စကားတွေကို ဘာဖြစ်လို့ထည့်ပြောနေရတာလဲ။ စကားစကား ပြောပါများတော့ စကားထဲက ဇာတိပြတယ်တဲ့။ တောက် တဲ့လို ဘာဖြစ်လို့ နာမည်ဖော်ပြီး ခေါ်ချင်တာလဲ"

လှယမင်း သူမ စကားမှားသွားပြီဆိုတာ သိလိုက်ပါပြီ။ သမီး ရှေ့မှာ ဒါတွေ သူမ မပြောသင့်ပါဘူးလေ။ မောင့်ကို မထိခိုက်စေချင် သလို သမီးအတွက်လည်း အနှောင့်အယှက်ဖြစ်မှာစိုးမိ၏။

"ဆောရီး . . . မမ စတာလွန်သွားလို့ တောင်းပန်ပါတယ်"

သိုက်ထက်လင်း ဒီနေရာမှာ ကြာကြာဆက်ထိုင်မနေချင် တော့ပါ။

လက်မှနာရီကိုငုံ့ကြည့်ရင်း အကြောင်းရှာ၍ လစ်ဖို့ ပြင်ရ တော့၏။

"မေ့နေလိုက်တာ၊ ညေ့သည်နဲ့ချိန်းထားလို့ သွားလိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

သိုက်ထက်လင်းက ထသွားတော့မှ ယမင်းက သမီးဖြစ်သူ အနားတွင်ကပ်ထိုင်ကာ –

"ကဲ သမီး … ခရီးပန်းလာတာ နားတော့လေ"

"ဟုတ်ကဲ့ မေမေ"

ခရီးပန်းလာတာနှင့် သူမအတွက် စီစဉ်ပေးထားသောအခန်းမှာ အဆင်း အိပ်ပျော်သွားလိုက်တာ တစ်နေ့လုံး။ ညဘက်ရောက်တော့ အတွေးပေါင်းစုံနှင့် အိပ်မပျော်တော့ပါ။ ညကမ္ဘာရဲ့ အလှမကြွယ်တဲ့ အမှောင်ထဲမှာ စိတ်တွေက အတိတ်ခြေရာကို ပြန်လည်ပြီး ငုံ့စောင်းကြည့်မိပြန်သည်။

သိပ်ချစ်တဲ့သိုင်းကို သတိရမိတော့ သူမကို ချစ်လှပါသည်ဆိုသော လေးငယ်ဆိုသည့်လူတစ်ယောက်နှင့် နှိုင်းယှဉ်ကြည့်မိပြန်သည်။ အချစ်တွေက လူတိုင်းရင်မှာ ကိုယ်စီရှိကြပေမယ့် ချစ်တတ်ကြတာချင်းတော့ ပုံစံချင်းမှ မတူကြတာလေ။

❋ ❋ ❋



## အခန်း (၇)

"ရော့"

မျက်နှာရှေ့သို့ ထိုးပေးလာတာကို ငုံ့ကြည့်ရင်း –

"ဘာလဲဟင်"

လေးငယ်က အဆင်းဘေးမှာ ဝင်ထိုင်ရင်း ရယ်လေသည်။ ပြီးမှ သူကိုယ်တိုင်ပဲ မုန့်ထုပ်ကလေးကိုဖောက်ပြီး အဆင်းလက်ထဲသို့ ထည့်ပေးလေ၏။

"ကလေးကို မုန့်ကျွေးတာလေ။ လူကြီးသူမတွေပြောတာ မကြားဖူးဘူးလား။ ကလေးကို မုန့်ပေးကြိုက်တယ်တဲ့"

မုန့်လေးကိုကိုင်ပြီးမှ စားရတော့မလို မစားရတော့မလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသေး။

"ဒီဆို လေးငယ်က အဆင်းကို"

"အင်း ... ဟုတ်တယ်လေ၊ လေးငယ်က အဆင်းကိုချစ်နေတာ"

အဆင်း ဝမ်းသာလိုက်တာလို့ ထပြောရမလား။ မိန်းကလေးသိက္ခာကို ထိန်းပြီး ရေငုံနှုတ်ပိတ်နေရမလား။ မျှော်လင့်နေခဲ့တာကြာပြီပဲကွယ်။ လေးငယ်နဲ့စပြီး ဆုံစည်းခဲ့တဲ့နေ့ကတည်းက အဆင်းလေးငယ်ကို စိတ်ဝင်စားခဲ့တာ။ သူနဲ့စတွေ့ခဲ့တုန်းက သူက အဆင်းတို့ကို စာသင်ပေးတဲ့ဆရာတစ်ယောက်။

ရှင်းသန့်တည်ကြည်ပြီး ချောမောတဲ့ဆရာ့ကို တပည့်မလေးများ စိတ်ဝင်စားကြတာ ဆန်းတော့မဆန်းလှ။ နောက်ရက်များမှာသိုင်းက အဆင်းဆီလာတော့ သူနဲ့အတူတူ။ သိုင်းကပဲ မိတ်ဆက်ပေးခဲ့တာ။

"အဆင်း ... ဒါ ငါ့ရဲ့လေးလေးလေ။ မေမေ့မောင် အငယ်ဆုံး။ လေးငယ် သူက ရွှေအဆင်းတဲ့။ ကျွန်တော်နဲ့ တစ်မြို့တည်းနေ သူငယ်ချင်းတွေပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ် ရွှေအဆင်း"

"ဟုတ်ကဲ့ ... အဆင်းလည်း ဆရာ့လိုပါပဲ"





ဆရာတပည့်ကနေ ဒီထက်ပိုပြီး ရင်းနှီးအောင် ဖ[illegible]ပေးသူက သိုင်းပဲဖြစ်လေသည်။ သိုင်းက အဓိပ္ပာယ်တစ်မျိုး သ[illegible]ရောက်သော စကားမျိုးနဲ့ –

"ဆရာတွေ, ဘာတွေ လုပ်မနေနဲ့။ ငါခေါ်သလို လေးငယ်လို့ပဲခေါ်။ အဲဒါမှ ရင်းနှီးမှုက ပိုပြီး ခွေးထွေးမှာ။ လေးငယ် ... ကျွန်တော် အဆင်းကို လေးငယ်နဲ့ အပ်ထားပါရစေ။ အမြင်မတော်တာရှိရင် ဆုံးမပါ"

"ငါက ကလေးလား။ သိုင်းနော် ... နင်ပြောပုံက ငါကပဲအနေအထိုင် မတော်သလိုကြီး"

သိုင်းနဲ့အဆင်း ရန်ဖြစ်ကြပြီဆို သူက ကြားထဲမှာ ရယ်နေရုံသာ။ နောက်တော့ ရင်းနှီးမှုလေးတွေနှင့် ရစ်ပတ်ပြီး ချည်နှောင်ခဲ့သည့်ကြိုးက ကာလာတွေပါလာခဲ့သည်။ သိုင်းနဲ့အဆင်းက မောင်ချင်းမတူတော့ အမြဲလိုလို မတွေ့ဖြစ်ကြ။ သူနဲ့အဆင်းကျတော့ နေ့တိုင်းတွေ့နေရတာဆိုတော့ နှစ်ကုန်လို့ ကျောင်းပိတ်ကာနီးမှာ သူကပဲဒီစကားကို စလာခဲ့တာလေ။

"ဖြေဦးလေ အဆင်းရဲ့။ လူကြီးကို မညှဉ်းကောင်းဘူးကွ"

"အဆင်း ဘာဖြေရမှာလဲဟင်"

"ချစ်တယ်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မဆွတ်ခင်က ညွတ်ချင်နေသူတစ်ယောက်က 'ဟင့်အင်း' လို့ ငြင်းပုံမလားလေ။ ဒီတော့ 'ချစ်တယ်' ဆိုတဲ့စကားကို သင်္ချာတစ်ပုဒ်လို ဦးနှောက်အရှုပ်ခံပြီး စဉ်းစားအဖြေထုတ်မနေတော့ဘဲ တန်းပြီးအဖြေပေးခဲ့မိတာ အဆင်းမှားသလား။ လေးငယ်နဲ့ အဆင်းချစ်သူတွေဖြစ်သွားကြပြီဆိုတော့လည်း သိုင်းဘက်က တားဆီးနှောင့်ယှက်တာမျိုး ဘာမှမလုပ်ခဲ့ပါ။ သိုင်း၏ သူငယ်ချင်းတစ်ယောက် လာပြောပြမှ အဆင်းသိခဲ့ရတာတော့ –

"တကယ်တော့ သိုင်းက သိပ်သနားဖို့ကောင်းတယ် ရွှေအဆင်း။ အဆင်းအကြောင်းကို အမြဲတမ်း ကျွန်တော်တို့ကို တဖွဖွ ပြောပြရှာတာ။ သူက အဆင်းကို ချစ်နေတာလေ။ ရွှေအဆင်း စိတ်ဆိုးမှာကြောက်လို့ ဖွင့်မပြောတာ။ ခု ရွှေအဆင်းနဲ့ သူလေးငယ် ချစ်သူတွေဖြစ်နေကြတာသိသွားတော့ သုံးလေးရက်လောက်တော့ မှိုင်မှိုင်နေတတ်တယ်။ ကျောင်းလည်း မတက်တော့ဘူး။ မနေ့ကတော့ သူ ကျောင်းပြန်တက်ပါတယ်။ သူနဲ့မထိုက်တန်ဘူးလို့ သတ်မှတ်ပါတယ်တဲ့။ လေးငယ်က အဆင်းအတွက် အသင့်တော်ဆုံးလူတစ်ယောက်ပဲတဲ့လေ။ အချစ်ဆိုတာ စွန့်လွှတ်အနစ်နာခံခြင်းတဲ့။ သိုင်း သနားပါတယ်ဗျာ"

ဖြေရှင်းပြခဲ့ပေမယ့် စိတ်မကောင်းဖြစ်ခဲ့ရုံမှလွဲပြီး သိုင်းကို





သနားခဲ့တာမရှိ။ နားလည်ပေးနိုင်အောင်လည်း အဆင်းက ကြိုးစားခဲ့ ... ထိုအချိန်က တစ်ကိုယ်ကောင်းဆန်စွာ အဆင်း ကိုယ့်နှလုံးသား၏ ... အပ်ချက်ကိုပဲ ကိုယ်မြင်ခဲ့တာလေ။ ဒါကြောင့် နိုင်းစရာရှိပြီဆို ... င်းကိုပဲ အားမနာတမ်း နိုင်းခဲ့တာ။

"နင်က ငါ့ကို နိုင်းစရာရှိမှ သတိရတာ မဟုတ်လား"

"မဟုတ်ပါဘူး သိုင်းရယ်။ နိုင်းစရာမရှိလည်း သတိရပါတယ်တဲ့"

"ဟွန်း . . . နားရှိလို့သာ ကြားနေရတာ"

"ပါးစပ်သာဆို ပိတ်ထားချင်တယ်ပေါ့၊ ဟုတ်လား"

သိုင်းက နှုတ်ခမ်းစူနေတော့ အဆင်းက ချစ်စရာကောင်း... သူငယ်ချင်းကောင်းတစ်ယောက်အဖြစ်နဲ့သာ မြင်ပြီး ရယ်ခဲ့သည်

"ခေါ်ပြီးတော့ ဘာနိုင်းမှာလဲ ပြော"

"ဒီနှစ် ငါ ရန်ကုန်မှာ သင်္ကြန်ကျချင်တာ၊ အဲဒါ နင် လိုက်ပို့

"ဖွတ်ကြီးပါလား မပို့ဘူးဆိုရင်ရော"

"မပို့ရင် မခေါ်တော့ဘူး"

အဆင်းက စနောက်ပြီး ခပ်လွှယ်လွှယ်ပြောခဲ့ပေမယ့် အဆင်း

www.burmeseclassic.com

www.burmeseclassic.com



စကားကို သိုင်းက အလေးအနက်ထားခဲ့သည်သာ။ ထိုနှစ်က အဆင်းရန်ကုန်မှာပဲ သကြံန်ကျပြီး ပျော်ခဲ့ရသည်။ သူ့ကို အဆင်းသာ အနိုင်ကျင့်ခဲ့တာ မဟုတ်ပါ။

"သိုင်း"

"ဗျာ"

"လေးငယ်ကို ပိတောက်ပန်း တက်ခူးပေးစမ်းပါကွာ။ လေးငယ် မတက်နိုင်လို့"

"အာ ... လေးငယ်ကလည်း အပင်က အမြင့်ကြီး မတက်ချင်ဘူး"

အဆင်း ပိတောက်ပန်းများကို တပ်မက်စွာမော့ကြည့်နေ မြင်တော့ သိုင်း ခူးပေးချင်စိတ်ရှိပုံတော့ရသည်။ ဒါပေမဲ့ သူ ကြောင့် ခူးမပေးတာလဲဆိုရင် အလှူရှင်လက်ဖက်နဲ့ လောကွတ် တာမျိုး သူကိုယ်တိုင်မပေးရပဲ တစ်ဆင့်လူကပေးမည်ဖြစ်ကြောင်း သိနေသောကြောင့်ပင်။

"အဆင်း ပိတောက်ပန်း ပန်ချင်တယ် လေးငယ်ရဲ့။ ခူး ပါနော်။ ပိတောက်ပန်းတစ်ခက်လေးတောင် အရယူမပေးနိုင် လေးငယ်ကို အဆင်း ဘယ်လိုအားကိုးရမလဲ"

အဆင်းစကားကြောင့် လေးငယ် ဖင်မထိုင်နိုင်။





"အဆင်းပြောတာ ကြားလား"

"ကြားသားပဲ"

"ကြားရင် လုပ်ပါကွာ။ သိုင်းက လိမ္မာပါတယ်။ တက်ခူးပေး နော်။ လေးငယ် မင်းကို မုန့်ဖိုးပေးမယ်"

မုန့်ဖိုးလိုချင်တာကြောင့်လား ဒါမှမဟုတ် အဆင်းဆန္ဒကို ဖြည့်ဆည်းပေးချင်တာကြောင့်လားတော့မသိပေ။ သိုင်း ပိတောက်ပင် ကြီးပေါ်သို့ ခက်ခက်ခဲခဲနှင့်တက်ပြီး ပိတောက်ပန်းတွေ ခူးပေးလေ သည်။ သိုင်း ခူးပြီးပစ်ချပေးသော ပိတောက်ပန်းကိုင်းတွေထဲမှာ လေးငယ်က အလှဆုံးပိတောက်တစ်ခက်ကိုရွေးကာ အဆင်းခေါင်းမှာ န်ပေးလေသည်။

"ဒီပိတောက်ခက်ကလေးက အရမ်းလှတာပဲ"

"ပန်တဲ့လူကရော"

"ပန်တဲ့လူက ပိုလှတယ်လေ"

ပိတောက်ပန်းတွေရတာနှင့် ဆန္ဒတွေပြည့်ဝလို့ ခြေစုံကန် သလို စကားလုံးအလှတွေနဲ့ ယစ်မူးနေမိကြတာ သစ်ပင်ပေါ်က သိုင်း ကိုပင် မေ့နေခဲ့ကြသည်။

"တကယ်တော့ အဆင်းက လေးငယ်ကိုယ်တိုင်ခူးပေးတဲ့ တောက်ပန်းကိုပဲ လိုချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"လေးငယ်မှ မတတ်နိုင်တာကလေးရဲ့"

နှစ်ကိုယ်တူ ကြည်နူးကြလို့ ချစ်စကားလေးတွေ ကူးလူးနေ…
တာ မကုန်နိုင်တော့။ အဆင်းက ပိတောက်ပန်းတွေ ပွေ့ပိုက်လျက်…
ရယ်မောကာပင် –

"လေးငယ်"

"ဟင်"

"ဒီမှာကြည့်၊ ဒီပိတောက်ပန်းတွေ ဟောဒီအဝါရောင်လေး…
တွေပျောက်ပြီး အနီစစ်စစ် ဖြစ်သွားရင်လေ အဆင်း အဲဒီအခါကျ…
'လေးငယ်ကို မုန်းပစ်မယ်သိလား"

"တကယ်လား"

"အင်း … တကယ်ပေါ့။ ဒီပိတောက်ပန်းတွေ အခု နီကြည်…
ပါလား"

"အခု မုန်းပစ်မယ်ပေါ့"

လေးငယ်က ချစ်စနိုးဟန်နှင့် အဆင်းမေးဖျားလေးကို လှမ်း…
ကိုင်လိုက်သည့်အခါတွင် –

"အား"

ငယ်သံငယ်ရင်းပါအောင် အော်လိုက်သောအသံကြောင့် နှ…
ယောက်သား ထိတ်ထိတ်လန့်လန့်နှင့် နောက်သို့ လှည့်ကြည့်လိုက်…





ကြသည်။ သိုင်းများ ပိတောက်ပင်ပေါ်က ပြုတ်ကျလေသလားရယ်ပေါ့။ မြေပြင်ပေါ်မှာ သိုင်းကို မတွေ့တော့ ပြုတ်ကျတာ မဟုတ်မှန်းကိုတော့ သိလိုက်ပြီ။

ဒါပေမဲ့ အပင်ပေါ်မှာ တစ်ခုခုများဖြစ်ပြီလားဟု ပိတောက်ပင်ကြီးကို မော့ကြည့်ကာ မေးရတော့၏။

"သိုင်း … သိုင်းရေ"

"သိုင်း … မင်း ဘာဖြစ်တာလဲ"

တကြော်ကြော်မေးတော့မှ အဖြေတစ်ခွန်းက ထွက်လာသည်။

"ဘာမှမဖြစ်ဘူး ခါချဉ်ကိုက်လို့"

သည်တော့မှ နှစ်ယောက်သား ပြိုင်တူသက်ပြင်းချမိလေသည်။ တကယ်ပဲ ခါချဉ်ကိုက်လို့ အော်တာဖြစ်နိုင်သလို တမင်တကာ လုပ်ကြံ၍ အော်တာလည်း ဖြစ်နိုင်သည်မို့ အဆင်းက မျက်စောင်းထိုးကာ –

"ခါချဉ်ကိုက်လို့အော်တာကလည်း မြေပေါက်ခံရလို အော်လိုက်တာကျနေတာပဲ"

"ဘာလဲ … နင်က ငါ့ကို ပွဲဖျက်တဲ့မီးလို ထင်နေတာလား"

"ဟုတ်ချင်လည်း ဟုတ်နေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်တာ ဝိတောက်ပန်းခူးပေးရတဲ့ မျက်နှာတောင် မထောက်ပါလား"

"ဘာ ထောက်ထားစရာလိုလို့လဲ။ လေးငယ်ဆီက မုန့်ဖိုးလို ချင်လို့ နင်ခူးပေးတာပဲဟာ"

"ထား ိ ါတော့"

စကားကို ခပ်တောက်တောက်ပြောပြီး ဝိတောက်ပင်ပေါ်မှ ခုန်ဆင်းလာသည့်ရုပ်က တစ်လောကလုံးကို သူ့ ပခုံးနှင့်ထမ်းထားရ သည့်ပုံ။

"လိုတော့ ရွှေထုပ်၊ မလိုတော့ အရှုပ်။ ကိုယ့်အလုပ် ကိုယ် လုပ်တာပဲ ကောင်းတယ်။ နောက်တစ်ခါ အီညောင့်အီညောင့် လာ လုပ်ရင်တော့ အတွေ့ပဲ"

မကျေနပ်သလို ရေရွတ်၍ ထွက်သွားတော့လည်း ကောင်း တယ်ဟုပဲ ထင်ခဲ့တာ။ ဟိုဘုန်းက အချစ်စစ်ကို မခင်တွယ်တတ်လို့ပါ။

❋ ❋ ❋



## အခန်း (၈)

ကျောင်းပိတ်ရက်ဆို အဆင်း မေမေ့အိမ်သို့ တစ်ခါတလေ သွားတက်ခဲ့သည်။ မေမေနဲ့ စကားတွေ တတွတ်တွတ်ပြောရင်း အိပ် ပျော်သွားခဲ့သည့်အခါ မေမေက မနိုးရက်ပဲထားတတ်သည်။ ဒီလိုအခါ မျိုးမှာ သိုင်းက စိတ်ပူလို့ လိုက်လာစမြဲ။

"အန်တီ အန်တီရှိလား"

"ဪ . . . သား။ ရှိတယ် . . . အန်တီ ဒီမှာ"

သိုင်းရောက်သည်နှင့် မျက်လုံးက အငြိမ်မနေ အဆင်းကို ရှာဖွေနေမိ၏။

"အဆင်း ဒီကိုလာသလား အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"လာတယ်လေ၊ အိပ်ခန်းထဲမှာ အိပ်ပျော်နေတယ်သား"

"နိုးနေပါပြီ မေမေရဲ့"

"ဟော လာပြီ"

သိုင်း ခပ်တည်တည်နှင့်ပင် အဆင်းကိုကြည့်လိုက်၏။ အဆောင်ကို ဖုန်းဆက်ကြည့်တော့ အဆင်းမရှိဘူးတဲ့။ လေးငယ်နဲ့ ထွက်သွားသလားဆိုတော့လည်း မဟုတ်ပြန်ဘူး။ သိုင်း ဘယ်လောက် စိတ်ပူနေရလဲ။ ကိုယ်က ချစ်မိနေပေမယ့် သူက ကိုယ့်ကိုမကြည်ဖြူ မှန်းလည်းအသိသား။

ဒါပေမဲ့ –

ကိုယ့်ဘက်ကို စိတ်လည်လာမလားလို့ စိတ်ပူပြ။ ယုယပြ နေတာလည်းမဟုတ်ပြန်။ အဆင်း တစ်ခုခုဖြစ်မှာကိုပဲ သူက စိုးရိမ် တာ။ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ပေါ့။

"အဆောင်ကို ဖုန်းဆက်ကြည့်တော့ မရှိဘူးတဲ့။ နှင့်ဖုန်းကို ဆက်ကြည့်တော့လည်း ပိတ်ထားတယ်။ အဲဒါကြောင့် စိတ်ပူပြီး လိုက်လာတာ"

"နှင့်ကို ဘယ်သူက စိတ်ပူပြီး လိုက်ရှာပါလို့ ပြောလို့လဲ။ ငါ့စိတ်နဲ့ငါ့ကိုယ် ဘယ်သွားသွား ဘယ်လာလာ နှင် ရှာစရာမလိုဘူး"

"သမီး ဒီလိုမပြောရဘူးလေ"





တွေ့လိုက်တာနှင့် မတည့်ကြတော့။

"ပြောသင့်လို့ပြောတာ မေမေ၊ သူ နေရာတကာ ဆရာ လုပ်လွန်းလို့"

မျက်စောင်းတခဲခဲနှင့် အဆင်းက ဆိုတော့ –

"ငါကလည်း နင့်ကိုရှာချင်လှလို့ လာရှာတယ်မထင်နဲ့။ အဘွားက နင့်ကို စောင့်ရှောက်ပါဆိုပြီး ငါ့ကို အပ်ထားလို့။ မဟုတ်ရင် နင့်ဘက်လှည့်ပြီး လေတောင်မချွန်ဘူး"

"ဒါဆိုလည်း ကိုယ့်ဟာကိုယ် နေပါလား။ ငါ ကလေး မဟုတ်ဘူး"

သိုင်းဆိုလျှင် ဘယ်တုန်းကမှ ညင်ညင်သာသာ ပြောခဲ့တာ မရှိခဲ့။ သိုင်းကလည်း –

"ကောင်းပြီလေ၊ ဒုက္ခရောက်ပြီဆိုမှတော့ ငါ့ကိုမတနဲ့"

"ဝေးသေး"

"သမီးရယ်"

သိုင်းက ပြောပြောဆိုဆို ထပြန်သွားလေသည်။

"သိုင်း"

မေမေက ခေါ်လိုက်ပေမယ့် –

"မခေါ်နဲ့ မေမေ၊ ဒီကောင် သက်သက်လာချွန်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ သမီးရယ်၊ ဟိုက စေတနာနဲ့ကို"

"ဘာစေတနာလဲ။ စေတနာအယောင်ပြပြီး သမီးဘာလုပ်လုပ် လိုက်ဖျက်နေတာ။ သမီးမှာ ချစ်သူရှိနေတာကို မနာလိုဖြစ်နေတာ"

သိုင်းက နောက်သို့ လှည့်မကြည့်ဘဲ ရပ်ပြီးနားထောင်နေသည်။ အဆင်းစကားဆုံးသည်နှင့် ခြေလှမ်းကျဲကြီးများနှင့် ထွက်သွားလေတော့၏။

"သမီးပြန်မယ် မေမေ"

"နေဦးလေ ... အိမ်ကကားနဲ့ လိုက်ပို့ပေးမှာပေါ့"

"ရတယ် မေမေ၊ သမီး ဝင်စရာလေး ရှိလို့ပါ"

အဆင်းပြန်လာခဲ့ပြီး သူငယ်ချင်းအိမ်သို့ ခဏဝင်သည်။ သူငယ်ချင်းအိမ်ကထွက်လာတော့ အချိန်က ညနေစောင်းနေပြီ၊ ချောင်ကျသည့်လမ်းကလေးမို့ တက္ကစီက လွယ်လွယ်နှင့်ငှားလို့မရ။ ကိုယ့်အပြစ်နဲ့ကိုယ်ပါပဲ။ အဆင်း ဟန်းဖုန်းလေးကို ထုတ်လိုက်သည်။ နံပါတ်တစ်ခုကို နှိပ်လိုက်သည်နှင့် –

"ဟယ်လို"

"လေးငယ်လား ... အဆင်းပါ"

"ပြော် ... အဆင်း ပြော"





"လေးငယ် အခု အားနေလားဟင်"

"အားတယ် ... ဘာဖြစ်လို့လဲ အဆင်း"

အဆင်း တက္ကစီလာလိုလာငြား ဘေးဘီကိုငေးကြည့်လိုက်သေးသည်။ အရိပ်အယောင်မျှပင် မတွေ့ရလေမှ –

"လေးငယ် ဟိုလေ အဆင်း (-----) လမ်းမှာ တက္ကစီငှားမရလို့ အချိန်ကလည်း အမှောင်ဘက်ကို လှနေပြီ၊ အဲဒါ လေးငယ် အဆင်းကို လာခေါ်ပေးနိုင်မလားဟင်"

"ကျစ်"

တစ်ဖက်မှ 'ကျစ်'ခနဲ အသံကြားလိုက်ရ၍ ခက်ခဲလိမ့်မည်ဟု ခန့်မှန်းမိလေ၏။

"ဘာဖြစ်လို့လဲ လေးငယ်"

"အားတယ်ဆိုတော့ ဘယ်ကိုမှ သွားစရာမရှိတာကို ပြောတာ။ လောလောဆယ် အိမ်မှာပဲ အရေးကြီးတဲ့ညှိသည်ရောက်နေလို့ လာလို့မရဘူး ဖြစ်နေတယ် အဆင်းရဲ့"

အဆင်း စိတ်ပျက်စွာ ဟန်းဖုန်းကို ဝိတ်ဖွင့်ပြင်လိုက်စဉ် တစ်ဖက်မှ –

"ဒီလိုလုပ်ပါလား အဆင်း။ လေးငယ် တပည့်တစ်ယောက်ကို လွှတ်လိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ လေးငယ်။ အဆင်း သိုင်းကိုပဲ ခေါ်လိုက်တော့မယ်"

ဟန်းဖုန်းကို ပိတ်ပစ်လိုက်သည်။ သိုင်းကို လှမ်းခေါ်ဖို့က ဖြစ်မှမဖြစ်နိုင်တော့တာ။ သူလာရှာတုန်းကတော့ ကိုယ်က ရန်လုပ်လွှတ်လိုက်တာ။ ခုမှ လာခေါ်ပါဆိုရင် ကိုယ်က ဘာဖြစ်သွားရောလဲ။ မခံချင်စိတ်ကြောင့်သာ သိုင်းကိုခေါ်မယ်လို့ ပြောလိုက်တာ။ အဆင်း အတွက် လေးငယ် ဘယ်တော့များမှ အချိန်ပေးနိုင်မှာလဲ။

တစ်ခါတလေ –

ရုပ်ရှင်လိုက်ပြပါဆိုတော့ သူက ဆရာမို့လို့ တပည့်တွေ မြင်သွားရင် မကောင်းဘူးတဲ့။ လျှောက်လည်ဖို့ပြောကြည့်တော့ မသင့်တော်ရှုးဆိုပြန်သည်။ ချစ်သူတွေဖြစ်ခဲ့ကြပြီးမှ ဘာဖြစ်လို့ အဆင်းနဲ့ ပတ်သက်လာရင် အချိန်မပေးနိုင်တာလဲ။ အမြဲတမ်း အဆင်းပဲရှုံးနေခဲ့တာ။ တွေ့ချင်ပြီဆိုမှ အဆင်းကို လာခေါ်ပြီး သူ့အိမ်မှာ အလွမ်းသယ်ပြတာ ဘာသဘောလဲ။

"ကလင် ကလင် ကလင်"

စက်ဘီးဘဲလ်ပေးသံကြောင့် ဘေးကိုကပ်ပေးလိုက်တော့ ထိုစက်ဘီးက သူမကို ကျော်တက်မသွားဘဲ ဘေးမှာကပ်၍ ဖြည်းဖြည်း နင်းနေသဖြင့် မော့ကြည့်လိုက်တော့ –





"ဟင် . . . သိုင်း"

သိုင်းက သူမကိုမကြည့်ဘဲ –

"လိုက်မှာလား၊ လိုက်ရင်တက်၊ အဆောင်ပြန်ပို့ပေးမယ်"

အဆင်းမှာ ရွေးစရာလမ်းမှ မရှိတော့တာ။ အချိန်က မှောင်ရီပျိုးပြုလာပြီ။ ဒါကြောင့် စက်ဘီးပေါ်သို့ တက်၍ လိုက်ပါခဲ့ရတော့သည်။

၀

"တကယ် အရေးကြုံလာပြီဆိုတော့ ငါပဲ ရောက်လာရတာ ဟုတ်လား"

"ဘာလဲ နာမည်ကောင်းယူဦးမလို့လား"

"မယူချင်ပါဘူး။ ငါကလည်း နင့်ကို တကူးတက လာခေါ်တာမှ မဟုတ်တာ။ လမ်းကြုံလို့"

"ဩော် . . . ဟုတ်လား"

အဆင်း ခနဲ့ကာ ဆိုလိုက်သည်။ သိတာပေါ့။ သိုင်းအကြောင်း အဆင်းကို စိတ်မချလို့ နောက်ယောင်ခံလိုက်လာတာပဲပေါ့။ ...ပဲ့တွေ ရှိနေပြီ။

အဆင်း အခက်အခဲတစ်ခုကြုံနေပြီဆို သူပဲ ရောက်ရောက်လာတာ –

"လမ်းကလည်း ကြုံပဲ ကြုံနိုင်လွန်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မယုံဘူးလား"

"ဘာလို့ ယုံရမှာလဲ။ နင် ငါ့နောက်က လိုက်လာတာ မဟုတ်လား"

"နင်ထင်ချင်သလိုသာ ထင်တော့။ ငါက အရေးကြီး တမ်းတခံရတဲ့ကောင်ပဲဟာ"

စောစောက ဝမ်းနည်းလို့ ငိုချင်သည့်စိတ်တွေ ဘယ်ရောက်ကုန်ပြီမသိတော့ပြီ။ သိုင်းနဲ့တွေ့ပြီဆို စကားနိုင်လုရ၊ စိတ်ဆိုးရ စိတ်ကောက်ရနှင့် အခြားအရာကို သတိမရအားခဲ့။

"သေတွင်း"

"ငါ့ကို အဲဒီလိုမခေါ်နဲ့နော်"

"ဒါဆို သေမင်း။ နင့်အသံကြားရတာ သေမင်းခေါ်သံလိုပဲ"

"သိုင်းနော် ... ကဲဟာ ကဲဟာ ခေါ်ဦး"

နောက်ကနေ ကျောကုန်းကို တဘုန်းဘုန်းထုတော့ သိုင်းက အော်ရယ်လေသည်။

ပြောမနာ ဆိုမနာနှင့် အဲဒါကိုပဲ အဆင်းမုန်းတာ။

"တော်ပါတော့ မထုနဲ့ဟာ"

"ထုမယ်၊ ကျောကုန်းပုပ်အောင်ထုမှာ။ ကဲ ကဲ"

"စက်ဘီးလဲသွားမယ်၊ သေတွင်း။ သေမင်း ... ဟာ ဟာ"





ပြောရင်းက စက်ဘီးကို မထိန်းနိုင်တော့ဘဲ လဲကျသွားလေသည်။ သိုင်းက ခြေထောက်နှင့် ထောက်လိုက်ပေမယ့် အဆင်းက အုတ်ခုံဘက်သို့ အားလွန်၍ ကျသွားခိုက်မှာ သိုင်း စက်ဘီးကိုလွှတ်၍ အဆင်းခန္ဓာကိုယ်ကို ပွေ့ဖက်ထားလိုက်သည်။

အရှိန်လွန်ကာ ထိန်းမရသည့် အခြေအနေမို့ သိုင်း ကိုယ်ကို သည့်၍ အဆင်းကိုယ်စား အုတ်ခုံဘက်သို့ သူအကျခံလိုက်၏။

"အဆင်း"

"အုတ်"

"အား"

"ဟင် ... သိုင်း"

ချက်ချင်းပင် သိုင်းခေါင်းမှ သွေးတွေဖြာထွက်လာလေလျှင်

"သွေးတွေ သိုင်း သိုင်း"

သိုင်း အဆင်းကို တစ်ချက်သာကြည့်ပြီး မေ့ကျသွားလေတော့သည်။ အဲဒီနေ့က အုတ်ခုံနှင့် တိုက်မိပြီး သိုင်း ခေါင်းကွဲသွား၍ ဆေးရုံတင်လိုက်ရ၏။ ကိုယ့်ပရောဂမကင်းတာကြောင့် အဆင်း လူနာစောင့်အဖြစ် တာဝန်ယူလိုက်ချိန်မှာ သိုင်း သတိရလာတော့ အဆင်းကို အပြစ်တင်စကားတစ်ခွန်းမျှ မဆိုခဲ့။

'သက်သာလား' လို့မေးတော့ လှောင်သလို ပြောင်သလိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကိုပုတ်၍ သိုင်းက ဆိုခဲ့သည်။

"ခေါင်းကဒဏ်ရာထက် နှလုံးသားက ပိုနာတယ်' တဲ့

ဒါပေမဲ့ . . . သူ့အတွက် အဆင်း ညှာတာခဲ့တာမရှိ ငဲ့ညှာခဲ့တာမရှိ

"ဒါဆိုလည်း သေလိုက်" ဟုပင် ပြန်ပြောပစ်ခဲ့သည်။

❋ ❋ ❋



## အခန်း (၉)

"အဆင်း"

"လေးငယ်"

အဆောင်ကို ဘယ်တုန်းကမှ လိုက်မလာဖူးသော လေးငယ်က ခုတော့ အဆောင်ကို လိုက်လာခဲ့ပြီ။ အဆင်း အံ့ဩလိုက်တာ မပြောပါနဲ့တော့။ ဝမ်းလည်းဝမ်းသာ ဝမ်းလည်းဝမ်းနည်းမိ၏။ ဘာကြောင့်လဲဆို အဆင်းက ပြန်ရတော့မှာလေ။

"မနက်ဖြန် လေးငယ် အဆင်းကို အဝေးပြေးလိုက်ပို့နိုင်မှာ မဟုတ်ဘူး။ အဲဒါကြောင့် လာပြီး နှုတ်ဆက်တာ"

"ရပါတယ် လေးငယ်။ ခုလိုလာပြီး နှုတ်ဆက်တာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



အဆင်း ဝမ်းသာလှပါပြီ"

"အဆင်း"

ခေါ်သံက တိုးလျှလွန်းလှ၏။ လေးငယ်ရဲ့မျက်ဝန်းမှာ မျက်ရည်ကြည်ဥတွေ တွဲနေသည်။

ဘာကြောင့်လဲ –

အဆင်းပြန်ရတော့မှာမို့ ဝမ်းနည်းနေတာလို့ပဲ ထင်ခဲ့၏။

"စိတ်မကောင်းမဖြစ်ပါနဲ့ လေးငယ်ရယ်။ အဆင်း ကျောင်းဖွင့်တာနဲ့ ပြန်လာခဲ့မှာပဲဟာ"

"ကလေးရယ်"

သူက အဆင်းကိုယ်လေးကို သူ့ရင်ခွင်ကျယ်ကြီးထဲမှာ ထွေးပွေ့ထားလေသည်။

"အဆင်း လေးငယ်ကို အရမ်းချစ်တာပဲလားဟင်"

"လေးငယ်ရယ်။ အချစ်ကို ပေကြိုးတစ်ချောင်းနဲ့သာ တိုင်းတာလို့ရမယ်ဆိုရင် အဆင်း လေးငယ်အပေါ် ချစ်တဲ့အချစ်ပေကြိုးနဲ့ ကမ္ဘာကိုပတ်ပြီး ဂျင်လှည့်ကစားလို့ ရနိုင်ပါတယ်။ ယုံပါ"

"ဘာပဲဖြစ်ဖြစ် အဆင်း လေးငယ်ကို မမုန်းပါနဲ့နော်"

"လေးငယ်ကို အဆင်းက ဘာလို့မုန်းရမှာလဲ။ ပြောပြီးပြီလေ။ ပိတောက်ပန်းတွေ အနီစစ်စစ်ဖြစ်မှ လေးငယ်ကို မုန်းမယ်လို့





အဆင်း ဒီလိုပြောတော့ သူ ဟန်မဆောင်နိုင်လောက်အောင်ပဲ ငိုကြွေးခဲ့သည်။ ဘာကြောင့်လဲလို့မမေးဖြစ်။ သူနှင့်အပြိုင် အဆင်းပါ လိုက်ပြီးငိုကြွေးခဲ့သည်သာ။

မွေးရပ်မြေကိုပြန်တော့မည့်အဆင်း သူ့မျက်နှာကို ကြည့်မဝနိုင်ခဲ့။ တစ်နေ့လုံး သူ အဆင်းနဲ့ စကားတွေ ပြောနေခဲ့သည်က နောက်ဆုံးနှုတ်ဆက်ခြင်းလား။

"အဆင်း"

"ရှင်"

"လေးငယ် အဆင်းကို လက်ဆောင်တစ်ခုပေးမယ်နော်"

"ပေးလေ ... ဘာပေးမှာလဲ"

လေးငယ် အင်္ကျီအိတ်ထဲမှ ဘူးလေးတစ်ဘူးကို ထုတ်ယူပြီး ဖွင့်လိုက်သည်။ ကြိုကြိုဖန်ဖန် အိမ်လေးတစ်လုံးပုံစံမျိုး သော့ကတ်သီးလေးနှင့် ပလက်တီနမ်ဆွဲကြိုးလေးတစ်ကုံး။ လေးငယ်က အိမ်ကလေးကိုကိုင်၍ –

"လေးငယ်နဲ့အဆင်း လက်ထပ်တဲ့အခါ ဒီလိုအိမ်မျိုးလေး ဆောက်ပြီး ကမ္ဘာသစ်တစ်ခု တည်ဆောက်ကြမယ်နော်"

"လေးငယ်က အဆင်းထက်တောင် စိတ်ကူးပိုကောင်းနေပါလား"



www.burmeseclassic.com

www.burmeseclassic.com



လေးငယ် ဆွဲကြိုးလေးကို အဆင်းလည်ပင်းမှာ ကိုယ်တိုင်ဆွဲပေးပြီး –

"အမြဲဆွဲထားရမယ်နော်"

လို့ တဖွဖွမှာခဲ့လေသည်။ ထိုမှာတမ်းခြွေခြင်းက လမ်းခွဲခြင်းအတွက် နိဒါန်းပျိုးခဲ့တာပဲလို့ အဆင်းမသိခဲ့ပါ။ သူ နှုတ်ဆက်ပြီးပြန်သွားတာတောင် အဆင်း ရင်ထဲမှာ လွမ်းတာသာ ဖြစ်ကျန်ခဲ့တုန်း။

နောက်ဆုံးတော့ သူလာပြီးလက်ဆောင်ပေးတဲ့ ဆွဲကြိုးလေးက အဆင်းနှလုံးသားကို တစ်စစီပြတ်ကျသွားအောင် အဆိပ်လူးပေးခဲ့တဲ့ လျှို့ဝှက်လက်နက်တစ်ခုပဲ။

အဆင်း ကိုယ့်မြို့လေးသို့ ပြန်ရောက်ပြီးတစ်ပတ်မှမကြာ အန်တီလေးဆီက ကြားလိုက်ရတဲ့သတင်းက "ကလေးမေမေ လက်ထပ်တော့မယ်" တဲ့။

မိခင်နှင့် အနေဝေးသည်ကတစ်ကြောင်း။ ပြီးတော့ မေမေက အရမ်းအသက်ကြီးတဲ့ အဘွားကြီးမှ မဟုတ်တာ။ နုပျိုချောမောဆဲမို့ နောက်အိမ်ထောင်ပြုတာ မဆန်းလှ။

အဆင်း မေမေနဲ့ အတူမနေခဲ့ပဲ အဆောင်မှာနေနေတာ သမီးက ရိုးအေးပြီး အမေက ခေတ်ရှေ့ပြေးနေသည်ဟု သားအမိနှစ်ယောက်ကို ယှဉ်၍ လက်ညှိုးထိုးကြမှာကို မလိုလားသောကြောင့်ပါ။



အခု –

မေမေလည်း အားကိုးရာမည်ဆိုတော့ အဆင်း မကန့်ကွက်ခဲ့ပါ။ ဖခင်မေတ္တာငတ်နေတဲ့ သူမအတွက် ဖခင်စားရပြီဟု ကျေနပ်ပီတိဖြစ်ခဲ့တာ။

အန်တီလေးနဲ့အဆင်း မေမေ့မင်္ဂလာပွဲကို တက်ရောက်တဲ့အချိန်မှာတော့ ထိုခွင့်လွှတ်နားလည်ခဲ့သည့်စိတ်တွေက ဆီကုန်လို့ ဆိုးရပ်သွားသည့် အင်ဂျင်စက်တစ်လုံးနှယ်။ လဲပြိုပျက်စီးသွားလေသည်။

"သမီး . . . မေမေ လှရဲ့လားကြည့်ပါဦး"

"လှပါတယ်၊ မေမေက လှပြီးသားပဲဟာ"

မင်္ဂလာပွဲဆိုပေမယ့် အိမ်မှာတင် ဆွမ်းကျွေးသဘောမျိုးနဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေလောက်ပဲ ဖိတ်တာဆိုတော့ လူက သိပ်များ။

"သမီးရဲ့ဦးသိုက် ဟိုဘက်အခန်းမှာရောက်နေပြီ။ သမီး ဒါလေး သွားပေးပေးပါနော်"

ပုဆိုးနှင့်တိုက်ပုံအင်္ကျီကို ထုတ်ပေးသဖြင့် အဆင်း လှမ်းယူလိုက်သည်။

"တိုက်ပုံအရောင်က လူငယ်ဆင်အရောင်နုနုလေးပါလား



www.burmeseclassic.com

www.burmeseclassic.com



ပမရဲ့။ ဒီလောက် ဖြူစွပ်နေတာ လူကြီးကို ဆင်ရသလား"

အနုတီလေးစကားကြောင့် မေမေက ရယ်ကာ –

"လိုက်လို့ဆင်တာပေါ့ သူဇာရဲ့၊ သိုက်က အရမ်းနုတာ၊ သူ ကျောင်းသွားပြီဆိုလည်း အဖြူတွေ ဝတ်တာများတယ်"

"ကျောင်းဆရာလား"

"အင်း ... တက္ကသိုလ်က ဆရာလေ"

အဲဒီအချိန်အထိ အဆင်းရင်ထဲမှာ စိတ်ခုစရာ တစ်စုံတစ်ရာမှ မရှိခဲ့ပါ။

သတို့သားဝတ်စုံကို သွားပို့လိုက်မှ ကျောခိုင်းထိုင်နေသော မေမေ့ရဲ့သတို့သားဟာ –

"ဝင်လာခဲ့လို့ ရမလားဟင်"

တော်တော်နှင့်မဖြေဘဲ အတန်ကြာမှ –

"ဝင်ခဲ့ပါ"

အဆင်း သူ့ဆီကို လျှောက်သွားခဲ့ပြီး –

"မေမေက ဒီဝတ်စုံ ပို့ခိုင်းလိုက်လို့ပါ"

သူမဘက်သို့ လှည့်လာသော မျက်နှာတစ်ခုကိုမြင်လိုက်ရသည်နှင့် မတ်တတ်ကနေ လဲပြိုကျမတတ် ဖြစ်သွားခဲ့ရသည်။ စိတ်ပင်ကိုယ်မှာကပ်နေသေးရဲ့လား။ လက်ထဲမှ သတို့သားဝတ်စုံက လျော





အောက်သို့ပြုတ်ကျသွားလေသည်။

"အဆင်း"

အဆင်း မယုံနိုင်သလို သူ့ကိုကြည့်လျက် –

"မေ မေမေနဲ့လက်ထပ်မယ့်သူက"

ဆက်မေးဖို့ပင် အင်အားက မရှိတော့။ လက်ညှိုးလေးကသာ စကားဆက်ဖို့ ခေါင်းအမော့မှာ သူ ခေါင်းညိတ်ပြတာကို မြင်လိုက်ရသဖြင့် နှလုံးသားတွေ ကျိုးပြတ်၍ မျက်ရည်မိုးက ဖြိုက်ခနဲရွာလေပြီ။

"လေးငယ် လေးငယ် ရှင်းပြပါရစေ"

"မပြောနဲ့၊ မရှင်းပြပါနဲ့တော့။ လေးငယ် အရမ်းရက်စက်တယ်။ အမေနဲ့သမီးကို တစ်ပြိုင်တည်း အပိုင်ချိုင်နိုင်တဲ့ လေးငယ်ရဲ့ အရည်အချင်းက အံ့မခန်းပါပဲ"

"မဟုတ်ဘူး အဆင်း ... မဟုတ်ဘူး"

အဆင်း ခေါင်းကိုသာ သွင်သွင်ခါလျက် –

"အထုပ်ကို ပိုက်လျက်မိနေတာတောင် ကျွန်တော် မနိုးပါဘူးလို့ ငြင်းချင်သေးတာလား လေးငယ်။ လေးငယ် အကြံပိုင်ပါပေတယ်။ အဆင်း ပိုင်ဆိုင်မှုအမွေတွေက နည်းလို့ ရွှေဆိုင်ပိုင်ရှင် သူဌေးမကြီးကို အမိဖမ်းလိုက်တာပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်း ... လေးငယ် အဲဒီလို လူစားမျိုးမဟုတ်ဘူး"

သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေ ဝေ့နေတာကိုတော့ မြင်နေရတာပဲ။ ဒါပေမဲ့ ... မာယာတွေဆိုတာ အဆင်း သိလိုက်ပါပြီ။

"အဆင်းမေမေကို လေးငယ် ဘာဖြစ်လို့ လက်ထပ်တာလဲ လို့ မမေးတော့ဘူးလား"

"မေးစရာမှမလိုတော့တာ။ ရှင်ပြောခဲ့တဲ့ သစ္စာတွေ၊ မေတ္တာတွေကို ခု ကျွန်မ ဘယ်အမှိုက်ပုံထဲ သွားထည့်ရမှာလဲ ဦးသိုက်ထက်လင်းရဲ့ ... ပြောပါဦး"

အဆင်း လေးငယ်ဆိုသော အခေါ်အဝေါ်ကနေ ဦးသိုက်ထက်လင်းသို့ ပြောင်းလဲခဲ့ပြီ။ သူ့ကို ယုံစားမိလို့ နှလုံးသား ပုံမှားရိုက်ပြီး လှည့်ဖြားခံရတာ ရင်အနာဆုံး။

"ပြောတော့ နှစ်ယောက်တစ်ကမ္ဘာ တည်ဆောက်ကြမယ်တဲ့။ ခုတော့ တစ်ယောက်တစ်ကမ္ဘာစီပေါ့။ ရှင်ပေးခဲ့တဲ့ဒဏ်ရာက သွေးစိမ်းရှင်ရှင် ထွက်လောက်ပါရဲ့။ ရှင့်ကိုယုံစားပြီး ချစ်ခဲ့တဲ့အတွက် အခု ကျွန်မကလေ ပိုက်ဆံတစ်ကျပ်ချင်းအတူတူ အရေအတွက်များတဲ့ အကြွေပုံကို ကောက်မိလို့ ဆယ်ပြားလိုတာမသိဘဲ ပြားကိုးဆယ်ပိုက်ပြီး ဝမ်းသာနေတဲ့လူလိုပဲ။ အဆုံးကျမှ ကိုယ် အသုံးမကျမှန်း သိလိုက်ရတာပါ"





"အဆင်း"

သူက ရှေ့တိုးလာသဖြင့် အဆင်း နောက်သို့ဆုတ်သွားလေသည်။

"ရှင် ရှေ့တိုးမလာနဲ့နော်"

"လေးငယ်ကို မမုန်းပါနဲ့ ကလေးရယ်။ မမုန်းပါနဲ့နော်"

သူ့ မျက်ရည်တွေကြားမှ တတွတ်တွတ် တောင်းပန်နေသည်။ အဆင်း အံကိုတင်းတင်းကြိတ်လိုက်၏။

"မမုန်းပါဘူး။ အမုန်းဆိုတာ တောင်းပန်ရင် ပြေသွားတတ်တဲ့အရာမျိုး။ ရှင့်ကို ကျွန်မ နာကြည်းနေမှာ။ နာကျင်ခံစားမှုဆိုတာ ဓားနဲ့ဆွဲထားတဲ့ အရုပ်လို၊ ခဲဖျက်နဲ့ ဖျက်ပစ်လို့မရဘူး။ ရှင် အဲဒါမှတ်ထား"

"လေးငယ် တောင်းပန်ပါတယ် အဆင်းရယ်။ လေးငယ် မှားခဲ့တာပါ"

"ရှင်မှားခဲ့တဲ့အမှားက ကျွန်မ ဘယ်တော့မှ ခွင့်မလွှတ်နိုင်တဲ့ အမှားပဲ ဦးသိုက်ထက်လင်း။ ခုအချိန်မှာ ရှင်က ကျွန်မရဲ့ပထွေးပဲ။ ပထွေးကို ပထွေးလိုဆက်ဆံပြီး ကျွန်မ ရှင့်ကို လက်တို့ပြန်မပေးဘူးလား"

အဆင်း အံသားတွေ တဆတ်ဆတ်တုန်လာသည်။ အဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြတ်ကျဆင်းလာသော မျက်ရည်တွေကို လက်နှင့်ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်၏။ ဒီမျက်ရည်တွေနဲ့ သူက ထိုက်တန်လို့လား။ သစ္စာမရှိတဲ့ လူတစ်ယောက်အတွက် ငိုပြနေစရာမလိုဘူး။

"မင်း ကျေနပ်သလိုသာ လက်တုံ့ပြန်ပါတော့ အဆင်းရယ်။ အဆင်းနဲ့ လေးငယ်အချစ်ကို အလံထိုးပြီး မေတ္တာမိုးကြီးရွာမယ်လို့ မှန်းပြီး အုံ့မှိုင်းလာသမျှ တိမ်တိုက်တွေဟာ ခုတော့ မိုးစက်ပွင့်လေးဘဝနဲ့ပဲ မြေခခဲ့ရပါပြီ"

"မေတ္တာတွေကို တိုက်ဖျက်ပြီးမှတော့ သစ္စာသိုက်ပျက်ကြီးကို တူးပြမနေပါနဲ့တော့ရှင်။ အလကား လက်ညောင်းပါတယ်။ ရတနာတွေ မပိုက်ရဘဲ မီးသွေးခဲ ကိုက်ပြန်လာရမယ့်လူလို နောင်တတွေရှင် ရမနေပါနဲ့တော့။ ကျွန်မကို သွားခွင့်ပြုပါဦး ဖေဖေလေးရယ်"

အဆင်း သူ့ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့တော့သည်။ မျက်ရည်ကိုသုတ်၍ ဟန်မပျက်ဘဲ နေပေးနိုင်ခဲ့သည်။ ဘယ်လောက်များ ရင်နာစရာကောင်းလိုက်ပါသလဲ။

သမီးကို သည်းသည်းလှုပ်ချစ်ပြီးမှ အမေကိုလက်ထပ်ရတဲ့ ယောက်ျားကို ဘယ်လိုအင်အားနဲ့ မျက်နှာချင်းဆိုင် လက်ခံကြည်ဖြူနိုင်တော့မလဲ။ အမေ့လင်ကို သမီးက လုယူနေရဦးမှာလား။

ဝေးသေး။





ထိုအချိန်မှစ၍ အသည်းကွဲခြင်းဆိုတဲ့ သံစဉ်တေးကို ချိုချိုအေးအေးဆိုရေးဖို့ ထိုက်တန်မှုမှမရှိတာ။ ဒါကြောင့် R ဇာနည်၊ မြူမြူကျော်သိန်းတို့နည်းတူ အသည်းကွဲမြို့တော်တို့ အတွင်းကြေတို့ကို ဟစ်အော်ပြီး ဆိုပြပစ်လိုက်ဖို့ မာနကို နာကြည်းခြင်းနဲ့ အသွားသက်အောင် သွေးခဲ့သည်သာ။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မြေး သိုင်းလာတယ်"

အဘွားလာခေါ်တာကြောင့် အဆင်း အိပ်ခန်းထဲမှ ထွက်လာ
ခဲ့သည်။ ရန်ကုန်က ပြန်ရောက်လာကတည်းက အဆင်း အခန်း
အောင်းနေခဲ့တာ။

သိုင်း လာတယ်ဆိုတော့ –

ထွက်မတွေ့လို့ မကောင်းဘူးလေ။ အသည်းကွဲတာ
သူငယ်ချင်းကိုတောင် ထွက်မတွေ့ရလောက်အောင် အဆင်း စိတ်
ဓာတ် မပျော့ညံ့ခဲ့ပါ။ အဆင်း အားငယ်နေသည့်အချိန်တွေဆို သိုင်း
ပဲ အားပေးတတ်ခဲ့တာ မဟုတ်လား။





"အဆင်း"

အဆင်း ပြုံးပြလိုက်ပေမယ့် သိုင်းက မျက်နှာပျက်နေသည်။

"သိုင်း လာလေ"

သိုင်းက အိမ်ပေါက်ဝတွင် ရပ်နေသဖြင့် အဆင်း အိမ်ထဲသို့ ခေါ်လိုက်သည်။

"အဆင်း ... ငါ ငါ နင့်ကိုပြောစရာရှိလို့"

"ပြောလေ"

ပြောလေဆိုတော့ သိုင်း ခေါင်းငိုက်စိုက်ချသွားလေသည်။ မပြောရက်ပေမယ့် –

"လေးငယ်"

စကားသံက ရှေ့ဆက်မလာ။ အဆင်းကပဲ –

"လက်ထပ်သွားပြီလို့ပြောမလို့ မဟုတ်လား"

"ဟင် ... နင်သိနေတာလား"

အဆင်း ခေါင်းညိတ်ပြလိုက်သည်။ ဟန်ဆောင်နေသည့် ကြားမှ မျက်ရည်က တားမရ ဆီးမရ တိုးထွက်လာသည်။ သိုင်းက သူမကို ရိုဝေသော မျက်ဝန်းအစုံနဲ့ ကြည့်နေသည်။

"နင် ဘယ်လိုလုပ်သိတာလဲ"

"ငါကိုယ်တိုင် သူမင်္ဂလာပွဲကို တက်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

မယုံနိုင်ဘူးဆိုတာ သိနေပေမယ့် အဖြစ်အပျက်က ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ခဲ့ရတာ။ ချစ်သူနဲ့ မိခင်ရဲ့မင်္ဂလာပွဲကို ဘယ်လိုအသည်းနှလုံးမျိုးနဲ့ တက်ခဲ့တာလဲလို့တော့ မမေးပါနဲ့တော့။

"နှင်က သူ့မင်္ဂလာပွဲကို ဘယ်လိုရောက်သွားတာလဲ"

"သတို့သမီးက ဖိတ်လို့ပါ"

"ဒါဆို သတို့သမီးက နှင့်အသိထဲကပေါ့ ဟုတ်လား"

အဆင်း တံတွေးကို မနည်းမျိုချလိုက်ပြီးမှ –

"သိရုံတင် ဘယ်ကမလဲ သိုင်းရယ်။ ငါနဲ့ အနီးကပ်ဆုံးက လူပေါ့"

"ဘယ်သူလဲ"

"မေမေ"

ဒီတစ်ခါတော့ သိုင်းနှုတ်ဖျားက အာမေဋိတ်သံပင် မကြားရတော့။ ကြက်သေ သေသွားသော သိုင်းကို အဆင်း မျက်ရည်ကြားမှ မော့ကြည့်လိုက်တော့ ဘယ်လိုမှ မယုံနိုင်သလို သိုင်း ပါးစပ်အဟောင်းသား ဖြစ်နေသည်။

အံ့ဩထိုက်ပါသည်လေ။

"နှင် နှင် နောက်နေတာတော့ မဟုတ်ပါဘူးနော် အဆင်း"





"သိုင်း"

အသံက တုန်နေပြီ။ မာနနဲ့တင်းထားပါလျက် ကျက်ရည်ကြ တားဆီးမရနိုင်။

"မဟုတ်ဘဲနဲ့ ငါက မျက်ရည်ခံထိုးပြီး နောက်ပါ့မလား ဟယ်"

"အဆင်းရယ်"

သိုင်း စိတ်မကောင်းစွာ ညည်းတွားလေသည်။ ပြီး . . . အသံထွက်အောင် အံကိုကြိတ်၍ မျက်ရည်ကို အရတားဆီးနေသော အဆင်း၏လက်ကို ဆုပ်ကိုင်လျက် သူ့ရင်ခွင်ကို ခဏငှား၍ အားပေးနှစ်သိမ့်ခဲ့သည်သာ။

"မာနနဲ့တင်းမထားနဲ့ အဆင်း။ မျိုသိပ်ခြင်းဆိုတာ ခံစားချက်ကို တစ်သက်စာအတွက် အမိအရ ဆုပ်ကိုင်ထားခြင်းပဲ။ ဒီလို ခံစားမှုမျိုးနဲ့ နှင့်ကို ငါမကြည့်ရက်ဘူး။ ဒါကြောင့် ရင်ထဲမှာ ပေါ့သွားအောင် ငိုချလိုက်။ အားရပါးရ ငိုပစ်လိုက်၊ ငိုလို့ဝပြီဆိုရင်ပြော"

"သိုင်းရယ် . . . အဟင့် ဟီး ဟီး ဟီး"

အဆင်း ငိုချင်လျက်လက်တို့ဆိုသလို သိုင်းရင်ခွင်ထဲမှာ ကလေးတစ်ယောက်လို အားရပါးရ ငိုပစ်လိုက်သည်။ အဘွားက ဈေးထဲသွားပြီမို့ ဘယ်သူကိုမှလည်း မှုစရာမလိုတော့။ အဆင်း ငိုလို့



www.burmeseclassic.com

www.burmeseclassic.com



ဝပြီဆိုတော့ မျက်ရည်တွေသုတ်ပစ်ကာ –

"ငါ ငိုလို့ဝသွားပြီ သိုင်း"

"ရင်ထဲမှာ ပေါ့သွားပြီလား"

"ပေါ့သွားပြီ၊ ဘာမှမရှိတော့ဘူး"

သိုင်း သည်တော့မှ သူ့ရင်ခွင်ထဲမှ အဆင်းကို ခွာလိုက်ပြီး ထိုင်စေသည်။ ပြီးတော့ အားတင်းပြီးပြုံးလျက် –

"နင် ဘာမှအားမငယ်ပါနဲ့ အဆင်းရယ်။ အချစ်ဆိုတာ အသက်မသေမချင်း ရှင်သန်မွေးဖွားနေကြတာပဲ။ နင် ကြားဖူးလား ... ကောင်းသေရင် ငဆွေပေါ်တယ်တဲ့။ နောက်ထပ် နင် အချစ်သစ်... တွေ့လာတဲ့အခါ ဒီဝေဒနာတွေ ပျောက်ဆုံးသွားမှာပါ။ နောက်ဆုံး... နင့်ဘေးနားမှာ ဘယ်သူမှမရှိတော့ဘူးဆိုရင် ငါ ရှိနေမယ်။ ငါ... နင်လိုရာ အချိန်သုံးဖို့အတွက် နင့်ဘေးမှာ အဆင်သင့်ရှိနေမယ့် ... ရှူးစလေးတစ်စပါ"

အဲဒီလောက်အထိ သဘောထားကြီးစွာနှင့် ခွင့်လွှတ်နိုင်... သိုင်းရယ်။ အဆင်း လေးငယ်ကိုမေ့နိုင်အောင် ကြိုးစားခဲ့ပေမယ့်... တော်တော်နှင့် မေ့လို့မရခဲ့တာ အချစ်ဦးမို့ ရှုးရတယ်လို့ ဆိုရမလား... ချစ်ခဲ့သမျှကို အပြစ်ဖွဲ့ကာ သီကြွေးပြုလို့လည်း ရေထဲကိုဆင်းသွား... နဂါးကပြန်တက်လာတော့မှာမှ မဟုတ်တာ။





ဂျုန်လို ဆားချက်စောင့်ဖို့လည်း မလိုအပ်ပေ။

ဒီလို အဆင်းဘေးမှာ အားပေးဖော်အဖြစ် အမြဲ...နေသော သိုင်းဟာ ထိုအချိန်က အဆင်းအတွက် အရေးပေါ်လာရင် ခေါ်လို့ရတဲ့ နံပါတ်ကလေးပါ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အတိတ်ဆိုတဲ့နယ်မြေထဲမှာ အဆင်း ဘယ်လောက်အင
ခြေဆန့်သွားမိသည်မသိ။ ညဥ့်နက်မှ အိပ်ပျော်သွားလေတော့ မနက
နေမြင့်မှပဲ အိပ်ရာကနိုးတော့သည်။ နောက်နေ့ ကျောင်းဖွင့်သည့်ရက
မှ နောက်တစ်ပတ်လောက်အထိ ဦးသိုက်ထက်လင်းနှင့် မဆုံမိအော
အဆင်း တတ်နိုင်သလောက် ရှောင်နေသည်။

ဘာကြောင့်လဲဆို –

အဖြစ်အပျက်တွေကို ပြန်ပြီး သတိမရချင်တော့။ အတိ
ဆိုတာ အိပ်မက်တစ်ခုလိုပါပဲ။ အဆင်း ထိုအိပ်မက်ကနေ နိုးထလာ
မှ ပစ္စုပ္ပန်မှာ စိတ်သစ် ကိုယ်သစ်နဲ့ ခြေလှမ်းမှန်မှန်နှင့် ပန်းဝ





ကြိုးစားရမည်။

"သမီးရေ"

"ရှင် မေမေ"

"ကော်ဖီသောက်ရအောင် ထွက်ခဲ့တော့လေ။ သိုင်းလည်း
ရောက်နေတယ်"

သိုင်းရောက်နေတယ်ဆို၍ အဆင်း မျက်နှာလေးဝင်းပသွား
သေး၏။ ဒီနေ့ သိုင်းနဲ့အကြောင်း မေမေ့ကိုဖွင့်ပြောရမည်ဟု စဉ်းစား
ထားတာ။ ဒါမှ သိုင်း ဝင်ရထွက်ရတာ အဆင်ပြေမှာပေါ့။

"သိုင်းရောက်နေတာ ဘယ်လောက်ကြာပြီလဲ မေမေ"

"ဆယ်မိနစ်လောက်ရှိပြီ"

"သမီးကို လာခေါ်ရောပေါ့ မေမေရယ်၊ အားနာစရာကြီး"

"သူက မခေါ်နဲ့။ အဆင်းထွက်လာတဲ့အထိ စောင့်နေမယ်
ဆိုလို့ပါ"

အဆင်း သနပ်ခါးလိမ်းပြီး ထွက်လာခဲ့သည်။ ကော်ဖီဝိုင်း
မှာ ဦးသိုက်လည်း ရှိနေ၏။ အဆင်း သိုင်းကို ပြုံးပြလိုက်တော့
သိုင်းက သူမကို မမြင်ဖူးတဲ့လူလို ငေးနေရှာ၏။

"ရောက်နေတာ ခေါ်နိုင်းရောပေါ့"

"အေးအေးဆေးဆေးမို့ မခေါ်နိုင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဝိုင်းမှာ အဆင်းရော မေမေပါ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ မေမေက ဦးသိုက်ဘေးမှာထိုင်ပြီး အဆင်းက သိုင်းဘေးမှာ –

"နင်ကလည်း ခုမှပဲ ပေါ်လာတော့တယ်။ ငါကတော့ မျှော်လိုက်ရတာ။ ဘယ်တွေလျှောက်လိမ့်နေတာလဲ"

"မလိမ့်ရပါဘူးဟာ၊ မနှစ်ကနေတဲ့အဆောင်က လူပြည့်နေပြီဆိုလို့ အဆောင်ရှာရတာနဲ့ ကြာသွားတာ"

"ခုရော"

"အဆင်ပြေသွားပါပြီ"

သိုက်ထက်လင်းက ဘာစကားတစ်ခွန်းမှ ဝင်မဆို။ ကော်ဖီကိုသာ ငုံ့သောက်နေ၏။ ဒီအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် အခေါ်အပြော တန်းနေတာတွေကို သင်ပုန်းချေဖို့ အချိန်တန်ပါပြီ။ ထို့ကြောင့် –

"မေမေ"

"ဟင် . . . ဘာလဲသမီး"

"မေမေ့ကို ပြောစရာရှိလို့"

"ပြောလေ"

အဆင်၊ ခေါင်းလေးငုံ့၍ ဆိုရသည်။ ရှက်လို့ပါ။





"သမီးနဲ့သိုင်း ကျောင်းပြီးရင် လက်ထပ်တော့မှာ"

"ဟုတ်လား"

သိုင်းကိုမေးတော့ သိုင်းက အပြုံးနှင့် ခေါင်းညိတ်ပြလေသည်။ ကြားလိုက်ရသောစကားကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ ကော်ဖီများပင် သီးသွားရသူက သိုက်ထက်လင်း။

"အဟွတ် အဟွတ် အဟွတ်"

"ဟင်"

"ဟော . . . သိုက်ကလည်း၊ ကလေးကျနေတာပဲ၊ သီးကုန်ပြီ"

ယမင်းက ခင်ပွန်း၏ကျောကိုဖိပေးရင်း ပေကျံသွားသော ဘီစပ်ကို တစ်ရှူးစလေးနှင့် သုတ်ပေးလေသည်။ ဒါကိုပင် သိုက်က သက်မခံဘဲ တစ်ရှူးစလေးကို ယမင်းလက်ထဲမှ ဆွဲယူကာ –

"နေပါစေ . . . ကိုယ့်ဟာကိုယ် သုတ်ပါ့မယ်"

အဆင်း သိုင်းမျက်နှာကို လှမ်းကြည့်လိုက်လေလျှင် သိုင်းက အပြုံးမပျက် –

"ဒါနဲ့ ဆက်ပါဦး။ သမီးအဘွားနဲ့ အန်တီလေးက သဘော ဘူလား"

"အဟင်း . . . သိုင်းက သူတို့ရဲ့အချစ်တော်လေ၊ နှစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ိဘ သဘောတူပြီးသား။ သမီးတို့အချင်းချင်းကလည်း သိပ်ချစ်ကြတဲ့ ချစ်သူတွေပါ"

ယမင်း ရယ်လေပြီ။ အရင်တုန်းက ဒီနှစ်ယောက်ဟာ ဆေးချေးနဲ့ တောက်တဲ့လို တစ်ယောက်နဲ့တစ်ယောက် မတည့်ကြ။ တွေ့လိုက်တာနဲ့ တကျက်ကျက်ရန်ဖြစ်နေတဲ့ နှစ်ယောက်။

"မေမေဖြင့် ယုံတောင်မယုံချင်ဘူး"

"ဘာဖြစ်လို့လဲ အန်တီ"

"ဩော် ... အရင်တုန်းက တွေ့လိုက်တာနဲ့ ရန်ဖြစ်နေကြလို့ပါ။ ကဲ ... ပြောပါဦး မတည့်တဲ့နှစ်ယောက်က ဘယ်လိုလုပ်ပြီး ချစ်သူတွေဖြစ်သွားကြတာလဲ"

အဆင်းမှာ ဖြေဖို့အဖြေက အဆင်သင့်။

"မေမေကလည်း မသင့်မြတ်ကြတာကနေ ရန်မဖြစ်ရ မနေနိုင်၊ မတွေ့ရ မနေနိုင်ဖြစ်ပြီး ချစ်မိသွားကြတာ။ ချစ်ခြင်းအစ ကြည့်မချခြင်းကတဲ့။ ကြည့်မရရင်းကနေ ချစ်မိသွားတဲ့အချစ်က ခိုင်မြဲတယ်။ ဘယ်သူဖျက်ဖျက် ဘယ်တော့မှ မပျက်ဘူး။ ချစ်ပြီးမှ မုန်းကြတာထက် မုန်းပြီးမှ ချစ်ကြတာက ပိုမကောင်းဘူးလား"

"ကောင်းပါ့ရှင် ကောင်းပါ့"

အဖြစ်အပျက်အားလုံးကို ဘာမှမသိရှာသော ယမင်းကတော့





ဘယ်သူ့ဘာပဲပြောပြော ခေါင်းညိတ်၍ ပြုံးနေမြဲသာ။ လိပ်ပြာမလုံနိုင်သူ တစ်ဦးကသာ –

"မမ ကျွန်တော် အလုပ်သွားတော့မယ်၊ ညနေ မိုးချုပ်မယ် စောင့်မနေနဲ့"

ဒါပဲပြောပြီး ထွက်သွားလေသည်။ မေမေကတော့ ငုက်မသိလို့ ဖရက် ချီးထင်နေခဲ့ပြီ။ အဆင်းတို့စကားက သူ့ကို ထိခိုက်သွားစေသတဲ့လား။ သိုင်းကတော့ သူလေးလေးအတွက် စိတ်မကောင်းဖြစ်နေပေလိမ့်မည်။

အဆင်းကတော့ –

လုံးဝ လုံးဝငဲ့ညှာစရာမလိုပါ။ ကိုယ်က သူ ကူထိုးလိုက်တဲ့ ဒါးလုံးအောက်မှာ ရေနစ်၍ သေဆုံးခဲ့ဖူးသူ။ ရယ်စရာ မောစရာပြောကြရင်း သိုင်းက ပြန်မည်ဟု ဆိုလေ၏။

"ငါပြန်မယ် အဆင်း"

"ငါလိုက်ပို့မယ်လေ"

သိုင်းက ဘာမှမပြောဘဲ ပြုံးပြတာသည် လိုက်ပို့စေချင်သည့်သဘောဆိုတာ အဆင်း နားလည်လိုက်သည်။ ထို့ကြောင့် သိုင်းကို သူစက်ဘီးလေးရပ်ထားသည့်နေရာအထိ လိုက်ပို့လေတော့ –

"အဆင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"လေးငယ် သနားပါတယ်နော်"

"ဘာကို သနားရမှာလဲ"

သိုင်းက အဆင်းမျက်နှာလေးကို ငုံ့ကြည့်လျက် –

"လေးငယ် ရှင်းပြလို့မရတဲ့ အကြောင်းတစ်ခုခုကြောင့် အနိတ့်ကို လက်ထပ်ခဲ့တာထင်တယ်"

"နှင် ဘာဖြစ်လို့ အဲဒီလိုပြောတာလဲ သိုင်း"

သက်ပြင်းငွေ့ငွေ့ မှုတ်ထုတ်ရင်း –

"သူ့မျက်လုံးကို ကြည့်လိုက်တာနဲ့ ငါ သိနေပါတယ်၊ လေးငယ် နှင့်ကို သံယောဇဉ်မပြတ်ဘူး ချစ်နေတုန်းပဲ အဆင်း"

"နှင် သဝန်တိုနေတာလား သိုင်း"

"မဟုတ်ပါဘူး။ ငါက သိနေတာကို ပြောပြတာ။ နှင့်ကို ငါ ယုံတယ်။ သဝန်တိုစရာလည်း အကြောင်းမရှိဘူး။ ငါ လေးငယ်ကို တကယ်သနားတာဟ"

"သနားတော့ နှင်က ဘာလုပ်ပေးနိုင်လို့လဲ"

သိုင်း အဆင်းကို ရီဝေသောအကြည့်တစ်ချက်နှင့် ငေးမော ကာ –

"ငါ လေးငယ်ကို အနိုင်မယူချင်ဘူးဟာ"





"ဘာပြောတယ်"

အဆင်းအသံက မာကျောခက်ထန်သွားလေသည်။ နှလုံးသားတစ်ခုလုံးကို အပိုင်းပိုင်းပြတ်ကျလုမတတ် ခံစားခဲ့ရတဲ့ အဆင်းကိုရော သိုင်းက မငဲ့တော့ဘူးတဲ့လား။

အရှုံးပေးချင်တယ်ဆိုတာ သူ အဆင်းကို တကယ်မချစ်လို့လား။ ဒါလည်း မဟုတ်ဘူးဆိုတာကို အဆင်း သိနေသည်။

သိုင်း အဆင်းကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာလည်း အဆင်း သိနေတာပဲလေ။ လေးငယ်ကို သနားပါတယ်ဆိုတော့ အဆင်းကိုရော သူ့ကိုယ်သူရော သိုင်းက မသနားတော့ဘူးတဲ့လား။

"သိုင်း . . . နှင် ရူးနေသလား"

"ငါ မရူးပါဘူး အဆင်းရယ်။ ကိုယ်က ပိုင်ဆိုင်ရတော့မယ့်သူ။ တစ်ဖက်က ရှုံးနိမ့်တဲ့သူကို သနားမိတာ သဘာဝကျပါတယ်"

"နှင် မသနားရဘူး။ သူ့ကို လုံးဝမသနားရဘူး။ နှင် ရှုံးခဲ့တုန်းက နှင့်မျက်နှာကို သူ ငဲ့ခဲ့ဖူးတာရှိလို့လား။ နှင် တကယ်သနားရမှာက ငါပါ သိုင်းရယ်။ ခု ငါ့ရင်ထဲမှာ နှင့်ကို အမြဲတမ်း မျှော်နေမိတယ်၊ တမ်းတမိတယ်၊ လွမ်းရတယ်။ အဲဒါတွေကို မြဲကြည့်ခြင်းအားဖြင့် နှင့်ကို ငါ ဘယ်လောက်ချစ်မိနေပြီလဲဆိုတာ နှင် သိသင့်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



သိုင်း ချစ်သူမျက်နှာညိုတော့ မနေတတ်ပြန်။ အဆင်း ပခုံးလေးကိုဆုပ်ကိုင်လျက် အပြုံးတေးကို ဆို၏။ ချော့မြူရပြန်သည်။

"ငါလည်း နင့်လိုပဲပေါ့ အဆင်းရယ်။ နင်နဲ့သာ ဝေးရရင် ငါ သေမှာ"

ရှုပ်နေသော အဆင်းမျက်နှာလေးသည် ချစ်သူကဆိုသော စကားကြောင့် ညိုမယောင် အုံ့မှိုင်းခဲ့ပေမယ့် ချစ်သူ၏ချစ်ခြင်းတွေ အနားကွပ်ထားတဲ့ မေတ္တာ အကြွင်းနာစကားတွေကြောင့်ပဲ တိမ်ကင်း စင်၍ ကြည်လင်ခဲ့သည်။

"နင် ငါ့ကို ဘယ်တော့မှ မထားခဲ့ပါနဲ့နော်"

"အဆင်းရယ် ... ငါ အသက်ရှင်နေသရွေ့ နင် အနားမှာ အမြဲတမ်း ရှိနေမှာပါ၊ ယုံနော်"

"ယုံပါတယ်"

သိုင်းက အပြင်ဘက်သို့ လှမ်းမျှော်ကြည့်ရင်း –

"ငါ ရောက်နေတာကြာပြီ၊ သွားတော့မယ်နော်"

ကလေးတစ်ယောက်လို အဆင်း ခေါင်းလေးကို ပုတ်၍ စက်ဘီးဒေါက်ကိုဖြုတ်လိုက်ပြီး လက်ပြနှုတ်ဆက်၍ ထွက်ခွာလာခဲ့ သည်။

ကိုယ့်ဝီတိနှင့်ကိုယ် စက်ဘီးကို နင်းလာသဖြင့် ရပ်ထားသော





ကားတစ်စီးကို ဖြတ်ကျော်လာခဲ့ပေမယ့် ဘယ်သူ့ကားလဲဆိုတာ သတိမထားမိ။ ကားကို နည်းနည်းလေးအလွန်မှာ –

"သိုင်း"

ခေါ်သံကြားလို့ စက်ဘီးဘရိတ်ကိုဖမ်း၍ ခြေထောက်ထောက် ၍ ရပ်ကာ နောက်သို့ လှည့်ကြည့်လိုက်စဉ် ကားတံခါးကို ဖွင့်ဆင်း လာသော လေးငယ်ကို မြင်လိုက်ရ၍ အံ့သြသွားရသည်။ စောစောက တော့ အလုပ်သွားလုပ်မလို့တဲ့။ ခုတော့ –

"လေးငယ် ကျွန်တော့်ကို စောင့်နေတာလား"

"ဟုတ်တယ် ... မင်းကို ပြောစရာရှိလို့"

သိုင်း စက်ဘီးကို ထောက်ပြီး လေးငယ်ရှေ့မှာ ရပ်လိုက်၏။

"ပြောလေ လေးငယ် ... ဘာပြောချင်တာလဲ"

သိုက်ထက်လင်း သိုင်းကို ခပ်စူးစူးတစ်ချက်သာကြည့်ပြီး မျက်နှာလွှဲလိုက်သည်။ အချစ်နဲ့ပတ်သက်လာလျှင် ဘယ်သူမဆို ဆိုက္ကာတွေ၊ သမာဓိတွေကို ရှေ့ရောင်အနားကွပ်ပြီး စောင့်စည်းနိုင်ခြင်း နဲ့ရောမလိုဟု သူထင်သည်။

အချစ်ကြောင့် အမှားတစ်ခုကို ကျူးလွန်မိတယ်ဆိုရင် သိုက် ထက်လင်း ဘယ်သူ့ဆီမှာမှ အယူခံမဝင်ဘဲ ကျလာမည့်အပြစ်ကို ကြည်စင်း၍သာ ခံချင်သည်။ ထို့ကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



"မင်း နောက်ကို ငါရှိနေတဲ့အိမ်ကိုမလာတာ အကောင်းဆုံးပဲ"

"ဗျာ"

လေးငယ် ဒီစကားမျိုးပြောလာလိမ့်မည်လို့ သိုင်း လုံးဝမျှော်လင့်မထားပါ။

"ဘာဖြစ်လို့လဲ လေးငယ်"

"ငါ ဒေါ်လှယမင်းကို လက်ထပ်ခဲ့တာ ရှောင်လွှဲလို့မရတဲ့အကြောင်းတစ်ခုကြောင့်ပဲ။ လက်ထပ်ခဲ့ပေမယ့် မမနဲ့ငါ အဖြူစင်ဆုံးဖြစ်အောင်နေခဲ့တယ်။ ဘာကြောင့်လဲလို့တော့ မင်း မမေးနဲ့တော့ သိပြီးသားပဲဖြစ်မှာပါ။ ငါ့ရင်ထဲမှာ မမကို နေရာမပေးနိုင်ဘူး"

လေးငယ်ကို လေးစားယုံကြည်မိတာ သိုင်း မှားပြီလား ဒီလောက်ပွင့်လင်းလိမ့်မယ်လို့ ထင်မထားတဲ့အတွက် ကြားရသည့်စကားက ရင်ဝမှာ မီးတောက်တွေ ဟုန်းခနဲ ထတောက်သွားသလို။ တစ်ကိုယ်လုံး လောင်မီးကျခံလိုက်ရတဲ့ သစ်တုံးတစ်တုံးလိုပဲ။

"လေးငယ်ပြောချင်တာက လေးငယ် အဆင်းကို ချစ်နေတုန်းပဲလို့ ဆိုလိုချင်တာလား"

"ဆိုလိုချင်တာထက် သေချာနေတာ"





"ဒါဆို လေးငယ်ရဲ့အချစ်က အတ္တနဲ့ မွမ်းမံထားတဲ့ အတ္တကျောက်ဖြစ်ရုပ်ကြွင်းအချစ်မျိုးပေါ့"

"ပြောချင်သလိုပြောတော့ သိုင်း။ မင်းနဲ့အဆင်း လက်ထပ်ဖို့ကိစ္စကို ငါ ကန့်ကွက်တယ်"

"ဘာဖြစ်လို့လဲ"

"ငါ သိနေတယ်၊ အဆင်း မင်းကို မချစ်ဘူး"

သိုင်း ဟားတိုက်၍ ရယ်မောလိုက်ချင်သည်။ ဒါပေမဲ့ နှလုံးသားချင်း ကိုယ်ချင်းစာကြည့်မိတော့ မရယ်ရက်ပြန်။ အတော်သနားဖို့ကောင်းတဲ့ လေးငယ်ပါလား။

အဆင်းက သူ့ကိုချစ်နေတုန်းပဲလို့ ထင်နေတာကိုး။ ငယ်သံသောအင်္ချင့်နဲ့ နှောင်ဖွဲ့ပြီး လွန်းတင်ခဲ့သည့်ကြိုးက ပိုပြီး ခိုင်ခံ့တယ်ဆိုတာ လေးငယ် မစဉ်းစားမိဘူးလား။

"လေးငယ်က ကျွန်တော့်ကို နောက်ဆုတ်ပေးစေချင်တာလား"

"အဆင်းရင်ထဲမှာ မင်းမှမရှိတာ"

"လေးငယ် အချစ်ဆိုတဲ့အရာကို ဘယ်လိုမှတ်ခွဲခန့်မှန်းသည့်ပြီး စမ်းသပ်မှာလဲ။ လူတစ်ယောက်ရဲ့ရင်ထဲမှာ ဘယ်သူကငှက်တွေလို တရွေ့ရွေ့ပြေးလွှားပျောက်ကွယ်သွားတာလဲ၊ ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



အုတ်မြစ်ချပြီး နိုင်မြဲစွာ တွယ်ကုပ်နေတာလဲဆိုတာကိုပေါ့"

"မင်း ငါ့ကို ကဗျာတွေ လာရွတ်ပြမနေနဲ့ သိုင်း။ ခံစားလို့မရဘူး။ ငါသိတာ အဆင်းကို ငါ မစွန့်လွှတ်နိုင်ဘူး"

ဒီတစ်ခါတော့ သိုင်း ခြောက်ကပ်ကပ်ရယ်မောလိုက်မိသည်။ ဘယ်လိုလဲ။ လေးငယ်ရင်ထဲကို ဘယ်တုန်းက အတ္တတွေ စီးမျော ဝင်ရောက်လာခဲ့တာလဲ။ သိုင်း မယုံကြည်နိုင်လောက်အောင်ပါပဲ။

ကိုယ်ကမှ ချစ်တတ်သူ၊ ကိုယ်ကမှ အကြင်နာတွေ စုစည်း ဖွဲ့တည်တတ်သူလို့ ထင်နေသလား။ သိုင်းက နှလုံးသားမပါတဲ့ ကော် ပတ်ရုပ်တစ်ရုပ်မှ မဟုတ်တာ။

သိုင်း အဆင်းကိုချစ်ခဲ့တာ လေးငယ်နဲ့ မပတ်သက်ခင် ဟို တုန်းကတည်းက နောက်မှရောက်လာတဲ့သူကတောင် ကြာပန်းတင် ပွင့်ကို လိုချင်တပ်မက်မှုတွေနဲ့ လောဘကြီးနေရင် တစ်နွယ်သင် တစ်ပင်ယှိမ်း နွယ်ပင်တွေစိမ်းခဲ့တုန်းကတည်းက အလှကြည့်သင် သက်နဲ့ ဆူးခက်တွေဝန်းရံခဲ့ပြီး ထိုင်ကြည့်နေခဲ့သူရဲ့ ရင်ဘတ်ထဲမှာ ရော။

မြတ်နိုးခြင်းတွေ ရင်နှင့်မဆံ့လို့ ရင်ဘတ်တစ်ခု အပိုင်း တောင် ဆုတောင်းခဲ့ရတဲ့ သူ့ဘက်ကိုရော နည်းနည်းလေးမှ စောင်း မကြည့်တော့ဘူးတဲ့လား။





"လေးငယ် ကျွန်တော့်ကို အမိန့်ပေးနေတာလား"

"မဟုတ်ဘူး။ မင်းကို တောင်းပန်နေတာ"

သိုင်း ပခုံးနှစ်ဖက် မြင့်တက်သွားလေသည်။ ထုချေလွှာ ဆင်သွင်းဖို့အတွက် မေးခွန်းတွေမေးဖို့က လိုအပ်လာပြီ။

"လေးငယ် ဒေါ်လှယမင်းကို ဘာကြောင့် လက်ထပ်ခဲ့တာ လဲ"

"သူ့အရှက်နဲ့ဂုဏ်သိက္ခာကို ကာကွယ်ရုံသက်သက်ပါ"

"ဩော် ... ဟော်"

ပြောစရာစကားလုံးတွေက ဘယ်ရှိမှန်းမသိ၍ ဖော်စရာမလို ဘော့ –

"လေးစားစရာ ကောင်းလှပါပေတယ်။ ဒေါ်လှယမင်းလို ဆိုးမတစ်ယောက်ရဲ့ဂုဏ်သိက္ခာတွေကိုတော့ ကမ်းမမြင် လမ်းမမြင် နဲ့ ဝင်လယ်ထဲမှာ လက်ပစ်ကူးပြီး ဆယ်ယူပေးခဲ့ပြီးမှ အဆင်းကိုတော့ နွားခြေရာခွက်ထဲမှာ နှာခေါင်းဖော်ပြီး သေနိုင်းမလို့လား လေးငယ်။ အဆင်းက အပျိုစင်စစ်စစ်ကလေးပါ။ အမေမုဆိုးမကြီးကိုတော့ နောက်နာပြောင်ပြောင်နဲ့ မယားကြီးရာထူးပေးပြီး အပျိုစင်သမီးလေးကျ ချစ်လွန်းလို့ မစွန့်လွှတ်နိုင်ပါဘူးဆိုတဲ့စကားလုံးနဲ့ မိုးပေါ်မြှောက်တင် ပြီး မယားငယ်ဆိုတဲ့စကားလုံးတုတ်နဲ့ အောက်ကနေ ပြန်ထိုးချတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုးကို လေးငယ် လုပ်ရက်သလား။ ရယူပိုင်ဆိုင်ခြင်းကိုမှ အချစ်လို့ ခေါ်သလား ပြောပါဦး"

သိုက်ထက်လင်း ဘာပြောရမှန်းမသိတော့။ စကားလုံးတွေ ပျောက်ဆုံးနေပေမယ့် ကိုယ့်ရင်ထဲမှာလည်း နွေပေါင်းများစွာ။ ကိုယ့်အပူ ကိုယ်ပဲသိသည်လေ။

"လေးငယ် အဆင်းကို နှိပ်စက်ရက်တယ်ဆိုရင် ကျွန်တော် ဘာမှပြောစရာမလိုတော့ဘူး။ ဒါပေမဲ့ . . . အဆင်းဆန္ဒက အဓိကပါ။ အဆင်းကိုယ်တိုင်က သိုင်းကိုမချစ်ခဲ့ပါဘူး။ လေးငယ်ကိုချစ်နေတုန်းပါလို့ တစ်ခွန်းပဲပြော ကျွန်တော် ကမ္ဘာ့အပြင်ဘက်ရောက်အောင် ထွက်သွားပေးပါ့မယ် လေးငယ်"

စကားတွေက နည်းလမ်းကျပေမယ့် ခရီးလမ်းစရှာမရသော သိုက်ထက်လင်းမှာ ဘယ်ချုံကိုထွင်၍ ဘယ်ပုံပြင်ထဲကစကားလုံးကို ထုတ်သုံးရမလဲ မစဉ်းစားတတ်တော့။ တစ်ချိန်က ပျားရည်ဆမ်းထားခဲ့သော သူ့နှလုံးသားက –

ခုတော့ –

တမာပင်ထိပ်ဖျားက ကြက်ဟင်းခါးသီးလို အမုန်းစက်ကရှုန်းထွက်ဖို့ မလွယ်မှန်းတော့သိသား။ ဒါပေမဲ့ အဆင်းက သူဘာသူ့ရဲ့ကမ္ဘာ။





"ကျွန်တော် သွားလိုက်ပါဦးမယ်"

သူ ဘာမှပြန်မပြောခင် သိုင်းက စက်ဘီးကိုနင်း၍ ကျောခိုင်းသွားခဲ့ပြီ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ပိတောက်ပန်းတစ်ခက်ကို ဒီတစ်ခါတော့ ကိုယ်တိုင်ပဲ တက်ခူးလာခဲ့သည်။ သစ်ပင်တက်ရမှာ သေမလောက်ကြောက်တတ်သော သိုက်ထက်လင်းတစ်ယောက် ချစ်သူက ဖြည့်ဆည်းပေးသောအင်အားနှင့် ပိတောက်ပင်ကိုတက်ခဲ့တာ ဘာများခက်ခဲလို့လဲ။

ပိတောက်ပင်ပေါ်တွင် အလှဆုံးပန်းတစ်ခက်ကို ခူးယူလာခဲ့၏။ သူ ပိတောက်ပန်း လေးကိုကိုင်၍ လှမ်းလာဆဲမှာပဲ သူ့ဆီဦးတည်ကာလာနေသော အဆင်းကို မြင်လိုက်ရသည်။

"အဆင်း"

အဆင်းက ပြုံးပြလေသည်။ ပြီး ... သူ့လက်ထဲက





ပိတောက်ပန်းကို တစ်ချက်ကြည့်လျက် –

"မေမေ့ဖို့ ထင်တယ်နော်"

"ဟင့်အင်း ... အဆင်းအတွက် ခူးလာတာ"

"ဒီအချိန်မှာ မသင့်တော်တော့ပါဘူး လေးငယ်ရယ်။ မေမေ့ကိုပဲ ပေးလိုက်ပါနော်"

"အဆင်း"

အဆင်းက သူ့ကို မျက်လွှာကလေး ပင့်ကြည့်လေသည်။

"လေးငယ်ကို အရင်လို ပြန်ခေါ်တယ်နော်"

ခေါင်းညိတ်ပြရုံသာ –

"ဒီပိတောက်ပန်းက ဘယ်သူ့အကူအညီမှမပါဘဲ လေးငယ်ကိုယ်တိုင် အပင်ပေါ်တက်ခူးခဲ့တာ"

"ကျေးဇူးတင်ပါတယ် လေးငယ်။ ဒါပေမဲ့ ... အဆင်း မယူပါရစေနဲ့"

"ယူပါ အဆင်းရယ်။ လေးငယ် စိတ်မကောင်းအောင် မလုပ်ပါနဲ့။ တကယ်တော့ လေးငယ် မမကို လက်ထပ်ခဲ့တာ"

အဆင်းက သူ့ကို ဆက်ရှင်းပြခွင့်မပေး။ ခေါင်းကို ညင်သာစွာ ခါပြလေသဖြင့် သူ့စကားစတွေက ပြတ်တောက်သွားလေသည်။

"အဆင်း သိပါတယ် လေးငယ်။ လေးငယ်ရဲ့သူ့တရားကို



www.burmeseclassic.com

www.burmeseclassic.com



လည်း အဆင်း ယုံကြည်ပါတယ်။ ဒါကြောင့်လည်း အရင်က လေးငယ်ကို ရှိုင်းပျစွာဆက်ဆံခဲ့မိတဲ့အတွက် အဆင်းက တောင်းပန်ချင်နေတာပါ"

"တကယ်လား အဆင်းရယ်။ လေးငယ် ဝမ်းသာလိုက်တာကွာ။ ဒါဆို အဆင်း လေးငယ်ကို ချစ်နေတုန်းပေါ့နော်"

"ဒီအချိန်မှာ ဖြေဖို့ မသင့်တော်မှန်းသိပေမယ့် အမှန်တရားကိုတော့ လေးငယ်ကို သိစေချင်တယ်"

"အဆင်းရယ်"

သူ အားမလို အားမရဖြစ်ကာ အဆင်းပခုံးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ သင့်တော်တာတွေ မသင့်တော်တာတွေ ဒီအချိန်မှာ မစဉ်းစားချင်တော့ပါ။

"သိုင်းနဲ့ ဘာဖြစ်လို့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာလဲဟင်"

မချိပြုံးလေးတစ်ချက်က သူ့ရင်ကို နာကျင်စေတာတော့ အမှန်။

"လစ်ဟာသွားတဲ့ နှလုံးသားကွက်လပ်မှာ အစားထိုးလိုက်ခြင်းပါ လေးငယ်။ ဒါပေမဲ့ . . . အဆင်း သူ့ကို ချစ်လို့မရခဲ့ဘူး"

နာကျင်မှုဝေဒနာကို သူနှင့်အဆင်း ညီမျှခြင်းချပြီး ခံစားခဲ့ရတာပါလား။ သူ့ အမှားတွေပါ။ အားနာတတ်သည့် သူ့စိတ်ကပဲ သူ့





ုံးသားကို အသေသတ်ဖြစ်ခဲ့တာ။ ခုတော့ သူတင်မကဘဲ ချစ်ရသူလေးပါ ရင်နှင့်မဆန့်အောင် လောင်မြိုက်ခံနေရပြီ။ ဘာပဲဖြစ်ဖြစ် ဒူ အဆင်းကို မစွန့်လွှတ်နိုင်တော့ပါ။

"အဆင်း ဆုံးဖြတ်ချက်တစ်ခု ချနိုင်ပါ့မလား"

"ဘာကိုလဲဟင်"

"အဆင်းနဲ့လေးငယ် သူတို့နဲ့ဝေးရာကို ထွက်ပြေးကြရအောင်"

သူ့စကားကြောင့် အဆင်းကိုယ်လေး ဆတ်ခနဲတုန်သွားလေသည်။

"အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"သိုင်းဟာ သူ မင်းသားမလုပ်ရရင် ပတ်မကြီးကိုထိုးဖောက်ယ်ဆိုတဲ့ လူစားမျိုးပဲ လေးငယ်။ လေးငယ်နဲ့အဆင်းကို သူ အလွှတ်ပေးမှာမဟုတ်ဘူး"

"သိုင်းကို လေးငယ် ရင်ဆိုင်ရဲပါတယ်။ အဆင်းသာ လေးငယ်နဲ့လိုက်ခဲ့၊ ဘာမဆို လေးငယ် ရင်ဆိုင်မယ်"

"လေးငယ် တကယ်ပြောတာလားဟင်'

"တကယ်ပေါ့ ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



အဆင်းက အားကိုးတကြီးနှင့် သူ့လက်မောင်းကို မှီ ဆုပ်ကိုင်ထားသလို သူကလည်း ဖေးမကြင်နာဖို့အသင့်။ ရင်ခွင်တံခါး ကို ဖွင့်ပေးထားလိုက်သည်။

ဝေးရမှာ တကယ်ပင်ကြောက်နေပြီမို့ နောက်တစ်ခါဆိုတာ မရှိရအောင် တစ်ဦး၏လက်ကို တစ်ဦးက မြဲမြဲစွာ ဆုပ်ကိုင်ထား လျက် အတိတ်ကို ကျောခိုင်းလိုက်ချိန်။

"ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား"

ခြောက်ကပ်ကပ် ရယ်မောသံက သူတို့နှစ်ဦး၏အနာဂတ် သိမ်းပိုက်ဖို့ တုပ်နှောင်ထားသော ကြိုးတစ်ချောင်းနှယ်။

"ဟင်"

"သိုင်း"

သိုင်း၏မျက်နှာထားက သူတို့ကို ရိုက်ပုတ်ပြီး ဝါးစားတော့ မလို ကြောက်ခမန်းလိလိ။

"ဘယ်ကိုပြေးကြမှာလဲ၊ ပြေးကြစမ်း။ သိုင်းဆိုတဲ့ကောင် မိုးရောမြေပါမကျန် တစ်လွှာစီလှန်ပြီး မင်းတို့ကိုရှာပြီး ဒုက္ခပေးဦးမှာ သိလား"

"သိုင်း . . . မင်း"

သိုင်းက ခါးထောက်လျက် သူတို့ရှေ့မှာ မားမားရပ်က



ားတော့ ဝါးတော့မတတ် ကြည့်နေ၏။ ပြီးမှ ရယ်လိုက်ပြန်သည်။

"မင်း မင်းနဲ့အဆင်းကို သိမ်းသွင်းဖို့ ကြိုးစားနေတဲ့ ခင်ဗျား ရဲ့စကားလုံးတွေကို ခဏတော့ မေ့ဆေးပေးထားပေးပါ ဦးသိုက်ထက် သင်။ ခင်ဗျားတို့နှစ်ယောက်ကို မသက်သာလို့ ကျုပ် လာကြည့်တာ။ သင်တဲ့အတိုင်းပါပဲ။ ပထွေးနဲ့မယားပါသမီး။ ခွေးဇာတ်ကဖို့ ကြိုးစား နေကြတာကိုး"

"သိုင်း . . . နင် မပိုက်ရှိုင်းနဲ့နော်"

သိုက်ထက်လင်း ရင်ထဲမှာ ဒေါသလှိုင်းလိပ်တွေ ဝုန်းခနဲ ခုန်သွားချိန်မှာပဲ အဆင်း အသံစာစာလေးက သိုင်းကို မလိုလားစွာ နဲ့တွေ့ပစ်နေ၏။

"ဘယ်လိုလဲ ရွှေအဆင်းရဲ့။ ပြောတော့ နင့်ကို အချစ်ဆုံးပါ ဆို၊ ခုတော့ ငါ့ရင်ကို မုံးတစ်လုံးနဲ့ပစ်ပြီး ဖောက်ခွဲပစ်ရက်ပြီလား။ မင်းဟာ တော်တော်မာယာများတဲ့ မိန်းမပဲ ရွှေအဆင်း။ သိုင်းဆိုတဲ့ ကောင်ကလည်း ဆုံးဖြတ်ချက်ချပြီးရင် သေမင်းဖြစ်ပါစေ ရင်ဆိုင်ရဲ ယ်ကွ။ နင် ငါနဲ့ပြန်လိုက်ခဲ့"

"မလိုက်ဘူး . . . မလိုက်ဘူး"

သိုင်းက လက်ဆွဲခေါ်ဖို့ ကြိုးစားပေမယ့် အဆင်းက ခါးခါး ငြင်းသီး ငြင်းပယ်ကာ သိုက်ထက်လင်း၏နောက်မှာ ကွယ်၍ ခါးကို

www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားလေ၏။ သိုက်ထက်လင်း သိုင်းနှင့် မျက်နှာချင်းဆိုင်ရင်ဆိုင် လိုက်ရ၏။

"ကိုယ့်ကို မချစ်တဲ့သူကို အရုပ်ကူပါ လူပိုင်းပါနဲ့ ဘာဖြစ်လို့ နှလုံးသားကို လွှန်ဆွဲဖို့ ကြိုးစားနေတာလဲ သိုင်း။ ခုအချိန်မှာ မင်း ဘယ်နေရာမှာ နေသင့်ပြီဆိုတာ စဉ်းစားသင့်နေပြီ"

"တော်တော်ရယ်စရာကောင်းပါလား ဦးသိုက်ထက်လင်းရဲ့၊ ကိုယ့်နှလုံးသားကို ခြွေခင်းပြီး နောင်တော်ရာမရဲ့ အချစ်ခံတွင်းကို သီတာ့သက်ဆင်းပေတော့လို့ နှင်းအပ်ရလောက်အောင် ကျွန်တော့်မှာ လက္ခဏာလို သည်းခံပါရမီမရှိဘူး။ ခင်ဗျားကလည်း ရာမလို သိက္ခာသမာဓိတွေနဲ့ စောင့်ထိန်းနေတဲ့လူ မဟုတ်ဘူးလေ။ အဲဒီတော့ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ကြရုံပေါ့ဗျာ"

သိုင်းက သူ့အနားသို့ကပ်လာပြီး အဆင်းလက်ကို ဆတ်ခနဲ ဆွဲကိုင်၍ ခေါ်ဖို့ကြိုးစားသည်။ သူကလည်း အဆင်း၏ကျန်တဲ့လက် တစ်ဖက်ကို ဆွဲထားလေ၏။

"အဆင်း ... ငါနဲ့လိုက်ခဲ့"

"မလိုက်ရဘူး။ အဆင်း လေးငယ်ကို မထားခဲ့ပါနဲ့"

"ခင်ဗျားက အတ္တသမား။ အဆင်းနဲ့မတန်ဘူး"

"မင်းက ငါ့ချစ်သူကို လုယူဖို့ ကြိုးစားတဲ့ အချစ်ဓားပြ"



နှစ်ယောက်သား သူကဆွဲ ကိုယ်ကဆွဲနှင့် ကိုယ့်ဘက်ပါဖို့ ကိုသာ အားစိုက်နေကြသည်။ ကြားထဲက အဆင်း ဘယ်လောက် နာကျင်ခံစားနေရမလဲဆိုတာ မစဉ်းစားမိကြ။ အတ္တမျှင်းပြိုင်ကြားမှာ နောက်ဆုံးတော့ အဆင်းဆိုတဲ့ စနိုးဝိုက်အရုပ်ကလေး ဖဆပလလို ခွဲခြမ်းကွဲသွားလေတော့သည်။

ကိုယ့်လက်ထဲကိုပါလာသော အဆင်းကိုယ်ခန္ဓာတစ်ခြမ်းကြီး ကိုကြည့်၍ သိုက်ထက်လင်း ယူကျုံးမရဖြစ်ကာ –

"အဆင်း အဆင်း"

အသံကုန်ဟစ်၍ အော်လိုက်မိသည်တွင် –

"မောင် မောင် ... ဘာဖြစ်တာလဲ မောင်"

ပခုံးကို ခပ်ကြမ်းကြမ်း လှုပ်နှိုးလိုက်တာကြောင့် သိုက်ထက် လင်း ယောင်ယမ်း၍ ထထိုင်လိုက်မိသည်။ အိပ်မက်ထဲက အဖြစ် အပျက်ကြောင့် တစ်ကိုယ်လုံး ချွေးတွေနှင့် ရွှဲနစ်နေ၏။ ဇနီးက သူ့ကို စိုးရိမ်စွာကြည့်လျက် –

"မောင် ဘာဖြစ်တာလဲဟင်"

"ကျွန်တော် အိပ်မက်မက်နေတာ"

အလုပ်က ပြန်လာပြီး သိုက် ဒရင်းဘတ်ခ်ပေါ်မှာ အိပ်ပျော် သွားခဲ့တာ။ မမက ရေတစ်ခွက်ခပ်ပေးကာ –

www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ရေသောက်လိုက် မောင်"

သိုက် ရေခွက်ကို ယူသောက်လိုက်ပြီး လှယမင်းမျက်နှာကို မလှုံမလဲကြည့်မိလိုက်၏။

"ကျွန်တော် ဘာတွေယောင်ပြီး အော်တာလဲဟင် မမ"

မေးပုံက တကယ့် ကလေးတစ်ယောက်လို မျက်နှာငယ်လေးနှင့် –

"အဆင်း ... အဆင်းလို့ အော်လိုက်တာ။ အိပ်မက်ထဲအင်သမီးက မောင့်ကို ရန်လိုနေတုန်းလားဟင်"

လှယမင်းက အဓိပ္ပာယ်တစ်မျိုး ကောက်ထားပုံရပါသည်။ ဒါလည်းကောင်းတာပါပဲ။ ကာမပိုင်ဖနီးမယား ရှိနေပါလျက် အခြားတစ်ယောက်ကို စွဲလန်းတမ်းတနေရသည့်ဝေဒနာက ဘယ်အခါမှ မသက်သာပါလား။

❋ ❋ ❋

## အခန်း (၁၃)

သိုင်း ရေပြင်ကျယ်ကြီးကို အဓိပ္ပာယ်မဲ့စွာ ငေးမောနေမိသည်။ ကန်ရေပြင်က ငြိမ်သက်နေပေမယ့် သူ့ရင်ထဲမှာတော့ ဘောင်ဘင်ခတ်နေ၏။ လေးငယ်က အဆင်းကို မစွန့်လွှတ်နိုင်ကြောင်း အတိအလင်း ကြေညာသွားခဲ့ပြီ။ သိုင်း ဘာလုပ်ရမလဲ။ လေးငယ်ကိုငဲ့ပြီး နောက်ဆုတ်ပေးရအောင်လည်း လေးငယ်က အရင်လိုလွှတ်လပ်သူမှ မဟုတ်တော့တာ။

တစ်ဖက်ကိုငဲ့လိုက်တာနဲ့ တစ်ဖက်ကို ဒုက္ခရောက်ရမည့်အဖြစ်။ အဆင်းကို ဘယ်လိုအကြောင်းမျိုးနဲ့မှ ထိခိုက်နစ်နာအောင် သိုင်းမလုပ်ချင်ပါ။ ခုအချိန်မှာ အဆင်းကို သိုင်းက အသည်းနှင့်အောင်


ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သလို အဆင်းကလည်း သိုင်းကို ရင်နင့်အောင် ချစ်နေပြီလို့ ယုံကြည်ပါသည်။

"အင်"

နောက်မှ သိုင်းမျက်လုံးကို တစ်ဦးတစ်ယောက်က လက်နှင့် ပိတ်လိုက်သည်။ ဘယ်သူဆိုတာ သိုင်း သိပြီးသားပါ။ နူးညံ့သော ထိုလက်ကလေးကို ဆုပ်ကိုင်၍ သိုင်း ပြုံးမိ၏။

"ငါ့ရင်ထဲမှာ အလွတ်ရပြီးသားလက်ကလေးပါ အဆင်း ရယ်။ ဘဝအဆက်ဆက် ပြောင်းသွားရင်တောင် နင့်လက်ကို ငါ မှတ်မိနေမှာ နင်သိရဲ့လား"

"မိုလိုက်တာ"

အဆင်းလက်ကို ဖယ်၍ သိုင်းပခုံးကို တွန်းလိုက်လေလျှင် သိုင်းက အဆင်းလက်ကို ကိုင်၍ထိုင်စေပြီး –

"မပိုပါဘူးဟာ။ နောက်ထပ် ဖြည့်တောင်ဖြည့်ရဦးမှာ"

"ကဲ ပြော ... ဒီမှာချိန်းတာ ဘာကိစ္စလဲ"

သိုင်း ချစ်သူ၏မျက်နှာလေးကို ငေးမောနေမိသည်။ အဆင်း က လက်ဝါးလေးနှင့်ကာလျက် –

"သိပ်မကြည့်နဲ့နော်၊ တော်ကြာ အဲဒီအကြည့်ထဲမှာ ဒီက အရည်ပျော်သွားမှခက်မယ်"





"ပျော်ပစေပေါ့။ အဲဒါမှ ဗိုက်ထဲကို ထည့်ထားလို့ရမှာ"

ဗိုက်ကိုပုတ်ပြပြီး ကျောဆန့်လိုက်တော့ အဆင်းက ရယ် လေသည်။ အချိန်တိုင်းမှာ ဒီလိုကြည်နူးမှုလေးတွေကို ပိုင်ဆိုင်ခွင့်ရပါ စေ။

"အဲဒါလည်း မသေချာဘူးနော် သိုင်း။ ရှူးရှူးပေါက်ရင် ဘယ်လိုလုပ်မလဲ"

"လွယ်ပါတယ်၊ ရှူးလေးက ကိုယ့်ချစ်သူပဲဟာ အိုးလေးနဲ့ ခံထားမယ်။ ပြီးတော့ ပြန်သောက်ပစ်မယ်လေ။ ပေါက်လိုက် သောက် လိုက်နဲ့ ရှူးရှူးသံသရာလည်ရတာပေါ့"

"ဟင်း ... ညစ်ပတ်လိုက်တာ"

တွေ့ကြပြီဆိုတော့ စိတ်ညစ်စရာတွေ ဘယ်ရောက်ကုန်မှန်း မသိတော့ပေ။ ပလီပလာ ချစ်စကားလေးတွေနဲ့ နှလုံးသားနုနုလေး တွေ လန်းဆန်းတက်ကြွနေ၏။

"အဆင်း"

"ဟင်"

"နင့်ကို ငါ ကတိတစ်ခုတောင်းစရာရှိတယ်"

"တောင်းလေ"

သိုင်း အဆင်းမျက်နှာပေါ်သို့ ဝဲကျနေသော ဆံနွယ်စကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို သိမ်း၍ နားရွက်နောက်သို့ ညှပ်ပေးလိုက်သည်။ ကြားလေသွေးရင် ဝေးတတ်တယ်ဆိုတဲ့ စကားအတိုင်း လူတွေရဲ့ နှုတ်လေသွေးမှာကို ကြောက်နေမိ၏။

"တို့နှစ်ယောက် ဘယ်အကြောင်းမျိုးနဲ့မှ လက်တွဲမဖြုတ်ကြေးနော်"

"ဒါပဲလား"

"ကျန်သေးတယ်၊ နောက်ထပ်တောင်းမယ့်ကတိက နင်လက်ခံနိုင်ပါ့မလား"

"ဘာကတိမို့လို့လဲ"

သိုင်း ပြောသင့်၊ မပြောသင့် စဉ်းစားနေပါသေးသည်။ ပြောသင့်သည်အထင်ရှိသောကြောင့် –

"ဥပမာပေါ့ဟာ၊ မိန်းမတစ်ယောက် ဒါမှမဟုတ် လူတစ်ယောက်ရဲ့ပရောဂကြောင့် ငါမချစ်တဲ့မိန်းမတစ်ယောက်နဲ့ အမှားကျူးလွန်မိပြီဆိုပါစို့ဟာ။ အဲဒီမိန်းမကို ငါ လက်မထပ်ဘဲ နင့်ဆီကို လာခဲ့မယ်ဆိုရင် နင် လက်ခံမှာလား"

သိုင်း တစ်ယောက်သောသူ၏အကြောင်းကို အရိပ်လောက်ပြောရုံနှင့် အကောင်လိုက်မြင်ခဲ့သူမို့ ထိုအဖြစ်မျိုးသာ ကြုံလာခဲ့ရင်... တဲ့ အတွေးကြောင့် ဒီစကားကို ပြောရခြင်းပါ။





အဆင်းက စဉ်းစားသလိုပြုပြီး –

"တစ်ဖက်က နစ်နာသွားမှာတော့ အမှန်ပဲ သိုင်း။ ဒါပေမဲ့ ဒါက နင့်ကို သိပ်ချစ်နေတယ်လေ။ တစ်ဖက်က ဘာအနှောင်အဖွဲ့မှ မရှိလာဘူးဆိုရင်တော့ စဉ်းစားသင့်တာပေါ့။ နင် ဘာဖြစ်လို့ ဒီလိုမေးတာလဲ"

"ဒါမျိုးတွေ ဖြစ်တတ်ကြလို့ပါ။ ဒါပေမဲ့ ငါ့ကို နင်ယုံပါ။ ဒါက သဘောပြောပြတာ။ အဲဒီလို ဘယ်တော့မှ အဖြစ်မခံဘူး။ ငါ့ဘဝမှာ နင်တစ်ယောက်တည်းပဲ ရှိတယ်"

"ဒါဆို ငါလည်း မေးမယ်"

"အင်း"

အဆင်း သိုင်းပခုံးလေးကို မှီလိုက်ကာ –

"ငါ့ကိုလည်း ငါ့အလိုမတူဘဲ တစ်ဦးတစ်ယောက်က ဖျက်ဆီးပစ်ခဲ့ရင် နင် ဘယ်လိုလုပ်မလဲ"

"ငါ့အချစ်က ဖြူစင်ပါတယ် အဆင်းရယ်။ အပြစ်ကို အချစ်နဲ့ ဖုံးကွယ်ထားမှာပေါ့။ နင့်ဆန္ဒမပါဘဲ ဖြစ်ခဲ့တာပဲ၊ ငါ ခွင့်လွှတ်ပေးနိုင်တယ်။ နင် ဘယ်ဘဝပဲရောက်ရောက် ငါ ချစ်နေမှာပါ။ အဓိက, က နင့်စိတ်က သန့်ရှင်းဖို့ပဲလိုတာ"

"သိုင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကန့်ရေပြင်ကို သက်သေတည်ပြီး ကတိစကားတွေဆိုနေကြ၏။ ရေပြင်၏ပါးအေးအေးလေးကို လေငွေ့တစ်ချက်က ခိုးနမ်းသွားလေသည်။ ထိုအတူ သူတို့နှစ်ယောက်မှာလည်း –

"ငါ ကျောင်းတွေပြန်ပြန်ပိတ်စေချင်ပြီ"

"ဘာလဲ ... ငါ့ကို စိတ်မချလို့လား"

"အင်းပေါ့ ... ချစ်သူက လှတော့ စိတ်မချနိုင်ဘူးပေါ့"

"အဲဒီအတွက်တော့ စိတ်ချစမ်းပါ သိုင်းရယ်။ နင့်အပေါ် ငါ ဘယ်တော့မှ သစ္စာမဖောက်ဘူး"

နင့်ကိုမှတော့ ငါယုံတာပေါ့ အဆင်းရယ်။ ငါမယုံတာက လေးငယ်လေ၊ နင့်ကို မစွန့်လွှတ်နိုင်ပါဘူးလို့ ပြောင်ကျကျ ပြောသွားခဲ့တဲ့သူကို ငါ ဘယ်လိုစိတ်ချနိုင်မလဲ။

နင့်ကိုပြောပြရင်လည်း ငါ့ကို သဝန်တိုအူပုပ်တဲ့ကောင်လို့ နင်ထင်သွားမှာကို ငါအကြောက်ဆုံးပဲဟာ။

"သိုင်း"

"-----"

"တို့နှစ်ယောက် လက်ထပ်ပြီးရင် နင် ငါ့ကို အနိုင်မကျင့်ရဘူးနော်"

သိုင်းက ရယ်လျက် –





"ကိုယ်ချစ်လို့ယူထားတဲ့မိန်းမကို ဘယ်သူက အနိုင်ကျင့်မှာလဲ"

"သိနိုင်ဘူးလေ၊ ယောကျ်ားတွေက မိန်းမတွေကို မရခင်သာ ဖျားလိုလိုဝိပြီး ထိပ်ပေါ်တင်ကြတာ။ ရသွားရင် ဖျာလိပ်ခင်းပြီးနင်းချေတတ်ကြတယ်တဲ့"

"ဒီစကားပုံက ရိုးနေပါပြီဟာ။ နည်းနည်းပြောင်းလိုက်ပါဦးသား"

မပြောင်းနိုင်ဘူးဆိုတဲ့ သဘောဆောင်ကာ ခေါင်းအခါမှာလေပြေက လှုပ်ခတ်၍လာလေ၏။ သိုင်းက အဆင်းမျက်နှာလေးကို ဘစိမ့်စိမ့်ကြည့်၍ အဆင်းမျက်နှာဆီသို့ မျက်နှာချင်းနီးကပ်အောင် တိုးသွားလိုက်ချိန်တွင် အဆင်းက မျက်လုံးလေးမှိတ်လျက်။

"သိုင်းနော် ... နင် ဘာလုပ်မလို့လဲ။ လူတွေမြင်ရင် ရှက်ရောကြီး"

ဟု ခပ်တိုးတိုးဆိုလေလျှင် သိုင်းက ဟက်ခနဲရယ်၍ –

"ဘာလုပ်လို့လဲ၊ ဒီမှာ နင့်ဆံပင်ကြားမှာ သစ်ရွက်ညပ်နေသို့ ဖယ်ပေးတာကို"

သစ်ရွက်လေးကို ထောင်ပြလေသဖြင့် အထင်မှားမိသောကိုယ့်အဖြစ်ကိုတွေးကာ အဆင်း ရှက်ဝဲဝဲလေးဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင်းဓါးဆံပင်လေးတွေကို သိုင်း စူးစိုက်ကြည့်လျက် –

"ဟော . . . နောက်တစ်ရွက်ကျန်သေးတယ်"

"ဟုတ်လား"

"အင်း . . . ဖယ်ပေးရမလား"

"ဖယ်ပေးပေါ့"

သိုင်းမျက်နှာက အဆင်းနားသို့ တိုးကပ်လာပြန်ပြီး –

"အို . . . သိုင်း"

ဒီတစ်ခါတော့ အဆင်း အလိမ်ခံလိုက်ရပြီ။ သစ်ရွက်ဖယ်ပေးတာမဟုတ်ဘဲ အဆင်းပါးကို နမ်းပစ်လိုက်တာလေ။ ပြီး သူက ကရော်တိုက်နေသေး၏။

"သိုင်း လူလိမ်"

သိုင်း ရင်ဘတ်ကို ဖွဖွထု၍ ဆိုလေသည်။ ဒီလိုနေ့မျိုးလေးတွေကိုပဲ ထာဝရ ဖြတ်သန်းချင်ပါသည်။ မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးရာလမ်းမရှိတဲ့။

သူတို့နှစ်ယောက်၏မေတ္တာကတော့ စစ်မှန်နေခဲ့ပြီး ဘယ်နေ့မှာများ လမ်းကွေ့မှားပြီး အခက်အခဲတွေနဲ့ ရင်ဆိုင်ရဦးမလဲ။

"ချစ်လို့လိမ်မိတာ အပြစ်လား အဆင်းရဲ့"

"ချစ်ချစ်,မချစ်ချစ် လိမ်တာက လိမ်တာပဲ"





"ဒါဆို နမ်းခွင့်ပါမစ် မပေးဘူးပေါ့"

"ဟင့်အင်း . . . လိုင်စင်ပဲ ပေးချင်တာ"

"တကယ်"

သိုင်းက ထင်မံ၍ နမ်းဖို့ပြင်လိုက်စဉ် –

"သိုင်းနော် . . . ခစ် ခစ် ခစ်"

ချစ်သူနှစ်ဦး၏ရယ်သံလေးများက ကန်ရေပြင်ကြီးကို သရော်နေသယောင်။ သစ်ရွက်ကလေးများကလည်း အားကျလို့ ချစ်သူချင်း နမ်းရှိုက်နေကြသည်။ လေပြေကတော့ လက်ခုပ်တီး၍ အားပေးနေတော့၏။ ပြီး ပြောလိုက်သေးသည်လေ "ချစ်ကြ ချစ်ကြ နင်တို့ကို အားကျလို့ ငါလည်း ချစ်သူရှာတော့မယ်" တဲ့။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

တစ်ချိန်တုန်းက လေးငယ်-လက်ဆောင်ပေးခဲ့သော ဆွဲကြိုး
လေးကို အဆင်း နောက်ဆုံးကြည့်လိုက်သည်။ ဒါ နှုတ်ဆက်ခွဲခွာခြင်း
ပါပဲ။ ဒီဆွဲကြိုးကို သူမ သိမ်းမထားသင့်တော့ဘူးလေ။

အခု –

စက္ကူဘူးလေးထဲက ခရေကုံးလေးလောက် ဆွဲကြိုး
တန်ဖိုးမရှိတော့။ အချစ်တွေနဲ့ မွမ်းမံစီခြယ်ထားတဲ့ ခရေကုံးလေး
သာ သူမအသက်ကို ဆက်ပေးခဲ့တဲ့ အားဆေးတစ်လုံးပါပဲ။ ဒါကြောင့်
ဆွဲကြိုးကို ထိုက်တန်သူကိုပဲ ပေးလိုက်တော့မည်။

"မေမေ"



"ဟင် ... ဘာလဲ သမီး"

ဘုရားဆွမ်းတော်ကပ်ပြီး ပြန်ထွက်လာသော မိခင်ကို အဆင်း
က ဆီး၍ ခါးလေးကိုဖက်ကာ ခေါ်လေသည်။

"မေမေ့ကို သမီး လက်ဆောင်ပေးစရာရှိတယ်"

"ဘာများလဲ သမီးရဲ့ ပေးလေ"

အဆင်းကပြုံးလျက် –

"မေမေ မျက်စိမှိတ်ထား"

အမေနဲ့သမီးလို့ဆိုပေမယ့် မသိသူများဆိုလျှင် ယုံလောက်
စရာမရှိပေ။ လုံယမင်းကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျ
ခဲ့လို့ သမီးတစ်ယောက်အပျိုကြီးဖားဖားဖြစ်ခဲ့ပေမယ့် အသက်လေး
ဆယ်လို့ မထင်ရလောက်အောင် နုပျိုလှပနေဆဲပင်။

မသိသူများက သားအမိတွေ ယှဉ်သွားလျှင် ညီအစ်မလို့ပဲ
ထင်ကြမှာ။

အချို့ကပြောကြသည် ရွှေအဆင်းက အမေနဲ့တူလို့ လှတာ
တဲ့။ အမေတောင် ဒီလောက်လှတာ ဖြူဖွေးနုဖတ်နေသည့် ရွှေအဆင်း
က ရွှေရောင်အဆင်းရှိသည့် နတ်သမီးလေးတစ်ပါးပမာပေါ့။

"ကဲ ... မျက်စိမှိတ်ပြီနော်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



အဆင်း ဆွဲကြိုးလေးကို မိခင်၏လည်တိုင်ကျော့လေးမှာ ဆွဲပေးလိုက်သည်။

ဒါ အဖြစ်သင့်ဆုံးပဲ မဟုတ်လား။ အတိတ်က ပုံရိပ်တွေကို သူမ၏အနာဂတ်မှာ အနှောင့်အယှက်မပေးစေလိုတော့ပါ။ လေးငယ်နှင့်ပတ်သက်သမျှ ရင်ထဲမှာ ဘာမှမထားတော့။

ခုဆိုရင် –

အဆင်းရင်ထဲမှာ သိုင်းပဲရှိသည်။ နှလုံးသားထဲမှာ သိုင်း။ အသည်းထဲမှာ သိုင်း။ ဦးနှောက်ထဲမှာ သိုင်း။ တစ်ကိုယ်လုံး လည်ပတ်စီးဆင်းနေတဲ့ သွေးကြောတွေထဲမှာလည်း သိုင်းမို့ သူမကို သိုင်းက ပိုင်စိုးထားလေပြီ။

"မေမေ"

"ဟင်"

"ဖွင့်ကြည့်လို့ ရပြီ"

လှယမင်း မျက်လုံးကိုဖွင့်လိုက်သည်နှင့် အကြည့်က ခေါင်းကို တစ်ဆစ်ချိုးငုံ့၍ သူမရင်ဘတ်ပေါ်ဆီသို့။

"ဟယ် ... အိမ်ပုံစံလေး လှလိုက်တာ။ သမီး ဒါလေး ဘယ်ကရတာလဲဟင်"

"အဟင်း ... အဲဒါလေ သမီးရဲ့သူငယ်ချင်းတစ်ယောက် လက်ဆောင်ပေးထားတာ"





တော်သလိုပဲ ကြည့်ဖြေလိုက်၏။

"သမီးသူငယ်ချင်းမြင်ရင် မေမေ့ကိုပေးလို့ စိတ်ဆိုးနေပါ့မယ်ကွယ်"

"ရပါတယ် မေမေ၊ သမီးမလိုချင်လို့ ပေးတာပဲဟာ"

လှယမင်းက ဆွဲကြိုးလော့ကတ်သီးလေးကို အတော်သဘောကျနေပုံရသည်။ လက်ကလေးနှင့် တသသကိုင်လျက် ကျန်သက်တစ်ဖက်က အဆင်းလက်ကိုဆွဲပြီး ညှော်ခန်းထဲသို့ လျှောက်ခဲ့သော့၏။

ညှော်ခန်းထဲမှာ သိုက်ထက်လင်းနှင့် သူ့တပည့်တစ်ယောက်ရှိနေသည်။

အဆင်းတို့ရောက်တော့ သူ့တပည့်က ပြန်ထွက်သွားလေပြီ။

"သိုက်ရေ ဒီမှာကြည့်ပါဦး။ သမီးက မမကို လက်ဆောင်ပေးတာလေ မလှဘူးလား"

လက်ကလေးနှင့်ကိုင်ပြသော လည်တိုင်ဆီ သိုက်ထက်လင်း အကြည့်ရောက်သွားမိခိုက် –

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာလွင့်မတတ် အံ့ဩတုန်လှုပ်ကာ ကြောင်နေမိတော့၏။ မိန်းမသားနှစ်ယောက်ရဲ့ အပြုံးနှစ်ပွင့်က သူ့ရင်ကို ဓားနှစ်လက်နှင့် ထိုးစိုက်လိုက်သည့်နှယ်။

သတိထားစမ်း သိုက်ထက်လင်း။ မင်း ဘာဖြစ်နေတာလဲ။ ဒီဆွဲကြိုးနဲ့ မင်းရဲ့ပတ်သက်မှုကို ဒေါ်လှယမင်း သိလို့မဖြစ်ဘူး။ သိသွားလို့ကတော့ အိမ်တွင်းရေးရှုပ်ထွေးပြီး မင်းဘဝ ပျက်သွားလိမ့်မယ်။ အဆိုးဆုံးက ရွှေအဆင်းရဲ့မျက်နှာကို အခုလို အနီးကပ်မြင်ခွင့်ရတော့မှာ မဟုတ်ဘူး။

"အိမ်ပုံစံလေးပဲ လှတယ်နော်"

"ဩော် ... အင်း အင်း ... လှ လှပါတယ်"

တံတွေးကို မနည်းမျိုချလိုက်ရ၏။

"သိုက် ဘာဖြစ်နေတာလဲ၊ မရွှင်မလန်းနဲ့"

"ဟို ဟိုလေ ... အလုပ်တွေများတော့ ပင် ပင်ပန်းပြီး ခေါင်းထဲမှာ ငြီးစီစီဖြစ်နေလို့"

စမ်းသပ်၍ မရနိုင်သော ရောဂါကိုပဲ အကြောင်းပြရတော့သည်။

"ဟုတ်လား၊ ဒါဆို မမ ဒေါက်တာမျိုးသက်ကို ဖုန်းဆက်ခေါ်လိုက်မယ်လေ"





"နေပါစေ ရပါတယ်။ ခဏနေရင် ပျောက်သွားမှာပါ။ ဆေးလုံးပဲ သောက်လိုက်တော့မယ်"

ဘယ်လိုအသည်းနှလုံးမျိုးနဲ့ မျက်နှာချင်းဆိုင်နေနိုင်တော့မလဲ လေ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒါ ... လုံးဝမဖြစ်သင့်ဘူး သိုက်။ မင်းက ခေတ်ပညာတတ် တစ်ယောက်ပါ။ ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်။ အဖြေက ရှိပြီးသား။ အချစ်ကြောင့် မိုက်လုံးကြီးရင် မင်းဘဝ ခရီးဆုံးသွားလိမ့် မယ်"

ခုရက်ထဲမှာ သိုက် အတော်ကံဆိုးနေပြီလား။ ကံကြမ္မာက သူ့ဘက်ကမှာ လက်ဖဝါးစာပင် ရပ်တည်မပေးခဲ့ပေ။ ကိုယ်ရေးကိုယ် တာကိစ္စနှင့်ပတ်သက်လာရင် တိုင်ပင်စရာလူမရှိခဲ့။ သူပြောသမျှကို ခေါင်းညိတ်လက်ခံပေးမယ့်သူ မရှိတဲ့ အားလုံးက ခေါင်းခါငြင်းပယ်နေ ကြသည်သာ။



ခုလည်း ...

အရာရာ သူ့ဘက်မှာရပ်တည်ပြီး ငယ်ငယ်ကတည်းက ...မင်လာခဲ့သော အချစ်ဆုံးသူငယ်ချင်းကအစ ခု သူ့ဘက်မှာမရှိ ...ဘော့။

"ငါ အဆင်းကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ မင်း အသိ ...ပါ ဝင်းထိုက်ရာ"

"မသိလို့ ငါပြောနေတာ မဟုတ်ဘူးလေ။ ဒီမှာ သိုက်"

ဝင်းထိုက်က ကိုယ်ကို ရှေ့သို့ကိုင်း၍ လက်နှစ်ဖက်ကို ဒူး ...ပေါ်တင်ကာ လက်ချင်းဆုပ်၍ သူ့ကိုကြည့်လာသဖြင့် သိုက် မျက်ခုံး ...တက်မြင့်တက်သွားလေသည်။

"ဘုန်းကြီးကို တရားပြမလို့လား"

"ပြောတော့ သိုက်၊ မသိလို့မှားခဲ့တာကို ခွင့်လွှတ်ပေးနိုင် ...မယ့် သိသိနဲ့ မှားမှာကိုတော့ ငါ မရှုစိမ့်နိုင်တာအမှန်ပဲ။ မင်း ...ဆင်းကို စွန့်လွှတ်ပေးဆပ်ခြင်းဆိုတဲ့ အချစ်မျိုးနဲ့ ချစ်ပါလား သိုက်"

"ဘာ"

သိုက် နှလုံးသားတွေ ရှုန်းကြွ၍ တဆတ်ဆတ်ခုန်လာသည်။ ...လွှတ်ခြင်းဆိုတဲ့စကားကို သူ့နားမှာ လေယူလေသိမ်းတောင် ပြော ...နေသွားလာခွင့်မရှိစေချင်တာ အဆင်းကို ချစ်လွန်းလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရှုးလို့ ဘီလူးကြီးဖြစ်ရတော့မည်။

"ဝင်းထိုက် မင်းပါးစပ်ကိုပိတ်ထား။ စွန့်လွှတ်ဖို့စကားကို နောက်ထပ် ငါ့ကို ဘယ်တော့မှလာမပြောနဲ့။ အဆင်းနဲ့ပတ်သက်ပြီး ငါခံစားနေရတာ ကြိမ်မီးအုံးနေသလိုပဲ။ ရူးတော့မယ်ကွ သိရဲ့လား"

"ရူးရုံတင် မဟုတ်ဘူး။ တစ်ခါတည်း သေလိုက်ဖို့ကောင်းတာ"

ဝင်းထိုက်ပင် စိတ်မရှည်တော့ဘဲ သိုက်ကို အော်ပစ်လိုက်သည်။ သိုက်မှာ ဆင်ခြင်တုံတရားတွေ ဘယ်ရောက်ကုန်ပြီလဲ။ အရင်တုန်းက သူ့ဘဝကို သိက္ခာတွေ၊ သမာဓိတွေနှင့် အနားကွပ်ထားခဲ့သော သိုက်က ခုတော့ ထိုအရာတွေကို ချိုးဖျက်၍ အချစ်သူခိုးလုပ်ဖို့ စောင့်စည်းခြင်းကို ကြောင်ရုပ်ထိုး၍ ဖျက်နေချေပြီ။

"တစ်ချိန်က မင်းကို ငဲ့ပြီး နောက်ဆုတ်ပေးခဲ့တဲ့ သိုင်းကို မင်းဘက်က ပြန်ပြီး ငဲ့ညှာရမယ့် အလှည့်ကို ရောက်လာပြီကွ။ သိုင်း မင်းရဲ့တူအရင်းခေါက်ခေါက်ပါကွ။ တကယ်ဆို မင်းက မိဘနေရာမှာပဲ နေပေးသင့်တာ။ ပြီးတော့ အဆင်း မုန်းနေတာဆိုရင် တောင်းပန်လို့ ပြေသွားနိုင်တယ်။ ခုဟာက မင်းကို နာကြည်းနေတာ။ နာကြည်းမှုကို ချေဖျက်ဖို့ဆေး မရှိဘူးကွ။ သူ့ကိုကြည့်ရတာ သိုင်းအပေါ် တစ်ကယ် နှစ်နှစ်ကာကာချစ်နေပုံပဲ။ ငယ်သံယောဇဉ်နဲ့ ချည်နှောင်ထား





ကြိုးက ဘာနဲ့ဖြတ်ဖြတ် မပြတ်ဘူး သိုက်။ နောက်တစ်ခုက ဒေါ်လှသမင်း မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါတို့တောင် သိနေတာ မင်းက ပိုပြီးခံစားမိမှာပါ။ ကိုယ်တစ်ယောက် စိတ်ချမ်းသာဖို့အတွက်နဲ့ သူသုံးယောက်ရဲ့နှလုံးသားကို မင်း နင်းခြေရက်သလား သိုက်။ မင်း နှလုံးသားက နူးညံ့မှုတွေ ဘယ်ကိုပျောက်ကုန်ပြီလဲ"

သိုက်ရင်ထဲက သက်ပြင်းတွေ နှာခေါင်းဖျားကို နှုတ်မဆက်ဘဲ တိတ်တဆိတ် ထွက်ခွာသွားလေပြီ။ မျက်ဝန်းတွေက ရန်သူကို ခိန်ခေါ်နေသည့် ကျားနာတစ်ကောင်သို့နှယ်။

မေတ္တာမပါသော အပြုံးတစ်ချက်က နှုတ်ခမ်းနှစ်လွှာကို ဘန်ဆောင်ဦးညွှတ်နေသေး၏။

"မင်းပြောသလိုသာ ကရုဏာတွေ မုဒိတာတွေ ပွားနေနိုင်ရင် ငါ့ရင်ဘတ်ထဲမှာ ဝေဒနာတွေရဲ့အစား ဘုရားကျွေးတဲ့ ဝိပဿနာ တရားတော်တွေနဲ့ မိုက်ဖောင်းပြီး အိပ်မောကျနေလောက်ပြီ ဝင်းထိုက်။ ဘမ္မာမီးလောင်သားကောင်ချနင်းဆိုတဲ့ ဆိုရိုးစကားကို လူတွေ ဘာဖြစ်လို့ ပါးစပ်အညောင်းခံပြီး ပြောနေမှာလဲ။ လောကမှာ လူတိုင်းဟဲ ကိုယ့်ကိုယ်ကိုယ်ထက် ဘယ်သူ့ကိုမှ ပိုပြီး မသနားတတ်ကြဘူးကွ မင်းရောပဲလေ"

"သိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းထိုက် အံ့ဩလို့မဆုံးနိုင်တော့ပေ။ သိုက် ဒီလောက် ခေါင်းမာလိမ့်မယ်လို့ ထင်မထားခဲ့တာကြောင့် ကြားရတဲ့ ကိုယ့်နားက ပင် လမ်းချော်ချော်နေသလား ထင်ရတော့၏။

"မင်း"

ဖွင့်လိုက်ဖို့ကြိုးစားပေမယ့် အသံက တံခါးချက်ချခံလိုက်ရ သည့်နှယ်။ ခုလိုပြောနေတာ သူ့သူငယ်ချင်း သိုက်ထက်လင်းမှ ဟုတ် ရဲ့လားလို့တောင် ဝင်းထိုက် သံသယဝင်မိတော့၏။

"ပိတောက်တွေ ဝါနေသရွေ့ အဆင်း ငါ့ကိုချစ်နေတုန်းပဲ သိုင်းကို သူ အစားထိုးခဲ့တာပဲလို့ ငါ ယုံကြည်တယ်။ တို့နှစ်ယောက် ရဲ့ချစ်သူဘဝက ရွာမလို တိမ်မည်းတွေညှို့ခဲ့ပြီးမှ မိုးစက်ဘဝနဲ့ မြေခဲ ရတဲ့အဖြစ်မျိုး။ အဲဒါ ဒေါ်လှယမင်းရဲ့ အတ္တမှုန်တိုင်းကြီးကြောင့် တို့ နှစ်ယောက်ရဲ့ အိပ်မက်ကမ္ဘာလေး ပျက်စီးခဲ့ရတာ။ ဒါကြောင့် ဒေါ် လှယမင်းအတွက် အတုံ့အလှည့်ဆိုတာကို အမြည်းတစ်ခွက်အဖြ ငါက ချန်ထားပေးခဲ့ချင်တာ"

"မင်း ရူးနေပြီပဲ သိုက်"

"ဟုတ်တယ်၊ ငါ ရူးနေပြီ။ နေကလည်း မြင့်သထက်မြင့် လာပြီလေ။ အဲဒါတွေအားလုံး ငါ အဆင်းကို သိပ်ချစ်လို့ ရင်ခွဲပြလို့ရရင် ငါ့ရင်ထဲမှာ အဆင်းကြောင့် အသည်းတွေ၊ နှလုံးသားတွေ





တောက်တွေ လောင်ကျွမ်းလို့ ပြာဖြစ်နေပြီဆိုတဲ့အကြောင်းကို ပြ ချင်တာကွ"

သိုက်အသံတွေက တုန်ယင်လာသည်။ မျက်ဝန်းမှာ မိုးစက် ပွင့်က ထစ်ချုန်းသံမကြားရဘဲ ပြိုဆင်းလာချေပြီလေ။ ဒီလိုမြင်ရ တော့လည်း ဝင်းထိုက် စိတ်မကောင်းပြန်။

သူ့ရင်ဘတ်သူ တဘုန်းဘုန်းပုတ်ပြရင်း ဆိုနေသောအသံက ကြေကွဲခြင်းကို လှိုင်းခတ်နေသည်ဆိုတာ ဝင်းထိုက် သိနေပါသည်။

ထို့ကြောင့် အရက်ခွက်ကို တစ်ရှူးထိုးမော့သောက်နေသော ခက်ကို ကရုဏာပက်ဖြန်း၍ သနားခြင်း အမိုးအငွေ့တွေနှင့် လွှမ်းခြုံ နေပါပြီ။

"ဟာင်း"

"ခွပ်"

ဝင်းထိုက်၏သက်ပြင်းချသံနှင့် သိုက်ထက်လင်း ချလိုက် သော အရက်ဖန်ခွက်ချသံက ရှေ့သွားနောက်လိုက် ညီမျှနေသည်။

"ငါသေချင်တယ် ဝင်းထိုက်ရာ။ ဖြစ်နိုင်ရင် ငါ ဟိုးအဝေး ကြီးကို ထွက်သွားလိုက်ချင်တာ။ အဆင်းတို့မြင်နေရရင် ငါ့စိတ်တွေ ငြိမ်းလို့မရဘူး။ ငါ ဘာလုပ်ရမလဲ သူငယ်ချင်း"

သိုက် မျက်နှာပြင်ပေါ် မျက်ရည်၊ ချွေးတွေနှင့် နှပ်ချွဲတွေက



www.burmeseclassic.com

www.burmeseclassic.com



ရောသမမွှေတော့မလို တလိမ်းထိုးနေသဖြင့် ဝင်းထိုက် ငိုအား ထ
ရယ်အားသန်ဆိုသလို ဖြစ်နေသည်။ အမြင်မှာ ရယ်စရာကောင်း နေ
ရယ်ချင်သော်လည်း သိုက် ခံစားနေရတာကိုကြည့်ပြီး မရယ် ရက်

"သိုက် သူငယ်ချင်း"

"ဝင်းထိုက် . . . ငါ့ကို ကယ်ပါဦး သူငယ်ချင်းရာ"

ဗိုက်ထဲကို အရက်တွေရောက်သွားပြီဆိုမှတော့ သိုက်ထ
လင်းဆိုတဲ့ကောင်မှာ အရက်တရားတွေ၊ အကြောက်တရားတွေ မှ
ဦးမတဲ့လား။

ကလေးတစ်ယောက်လို တအီးအီးနှင့် ငိုနေတော့သည်

"ငါ အဆင်းကို ဆုံးရှုံးခဲ့ရတာ အရက်ကြောင့်။ ဟုတ်တ
ဒီအရက်ကြောင့် ငါမုန်းတယ်။ ဒေါ်လုယမင်းကို မုန်းတယ်။ ဟေ
အရက်ကိုလည်း မုန်းတယ်။ နင့်ကြောင့် နင့်ကြောင့် ငါ့ဘဝ ပျ
ရတာ သွားစမ်း။ သွား . . . ကဲကွာ"

"ဝုန်း"

"ခွမ်း"

"ခွလန်"

"သိုက် . . . ဟာဟေ့ မလုပ်နဲ့လေ"

အရူးတစ်ယောက်လို ပြောချင်တာတွေပြောပြီး စားပွဲ





အရက်ပုလင်းနှင့် ဖန်ခွက်များကို တွန်းချလိုက်သဖြင့် ဝင်းထိုက် ပျာပျာ သလဲဖြစ်ကာ သိုက်လက်တွေကို ဆွဲထားလိုက်ရ၏။

ထိုစဉ် . . .

"ဟေ့လူ . . . ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ"

စားသောက်ဆိုင်မှ ဝိတ်တာလေးရောက်လာလေသည်။ ဝင်းထိုက် တောင်းပန်ဖို့အမိန့်ကိုပဲ ကိုယ့်ကိုယ်ကိုယ် ထုတ်ပြန်ပေးရတော့မည်။

"ဘာလဲ ဘယ်သူလဲ၊ သတ္တိရှိလို့လုပ်တာကွာ။ ဘာဖြစ်လဲ။ မင်းက မိုက်လို့လား"

"ဟာ . . . ခင်ဗျား"

"သိုက်"

ဝိတ်တာလေး၏အင်္ကျီရင်ဘတ်ကို သိုက်က လှမ်းဆွဲလိုက်သဖြင့် ဝင်းထိုက် ဗီးကွက်ဖြစ်ရချေ၏။

"အစ်ကို တောင်းပန်ပါတယ် ညီလေးရာ။ သူ အရမ်းမူးနေလို့ပါ။ ကျသင့်သလောက် အစ်ကို လျော်ပါ့မယ်နော်"

ဝင်းထိုက် ကျသင့်ငွေကို အမြန်ထွက်ရှင်းပြီး ပိုက်ဆံရှင်းပေးကာ ဆိုင်ထဲမှ သိုက်ကိုတွဲ၍ ထွက်ခဲ့တော့၏။

"စောစောက ဘယ်ကောင်လဲကွ။ ငါ့ကို မူးနေတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ"

"ငါ ငါပါကွာ။ မင်းမကြိုက်ရင် မပြောတော့ဘူးနော်"

"ငါဆိုတာ ဘယ်သူလဲ"

"ဟာ ... ပြဿနာပဲ"

"ဖြေလေကွာ။ အဲဒီ ငါဆိုတာ ဘယ်က တေလေဂျိုး ခွေးသူခိုးလဲ"

"ဟိုက်"

ဝင်းထိုက်မျက်နှာကြီး ရှုံ့မဲ့သွားလေတော့၏။

"မေးနေတယ်လေ၊ ဘာလဲ ငါ့ကို စိန်ခေါ်တာလား"

"အာ ... မဟုတ်ပါဘူးကွာ။ ငါဆိုတာ ငါပါ၊ ဟာ ... ရှုပ်ကုန်ပြီ၊ ဝင်းထိုက် ... ဝင်းထိုက်၊ ငါက မင်းသူငယ်ချင်း ဝင်းထိုက်လေကွာ"

"ဩော် ... မင်းက ဝင်းထိုက်ကိုး"

"အေး ... အေး ဟုတ်တယ်"

"ဟာ ဟ ... ဝင်းထိုက် ဝင်းထိုက်၊ မင်းရိုက်တဲ့တုတ်က ကောက်ရိုးမျှင်လောက်ပဲ ရှိပါတယ်ကွာ။ ငါ့ကိုလာပြီး စိန်မခေါ်နဲ့ သိုက်ထက်လင်းဆိုတဲ့ကောင်က စိန်ခေါ်ရင် အိမ်ပေါ်အထိ လိုက်ပြီး အော်ပြောရဲတယ်ကွ"





ဝင်းထိုက် ခေါင်းတခါခါနှင့်ပင် သိုက်ကိုယ်ကြီးကို မနိုင်မနင်းနှင့် တွဲလာခဲ့ရ၏။ ကားထဲသို့ရောက်သည်နှင့် သိုက်ပုံစံက အရုပ်ကြိုး ပြတ်ကျသလို ပုံလျက်သွားပါ။

ချစ်တတ်သူတိုင်းကို သတိပေးလိုက်ချင်ပါသည်။ ချစ်သူကို ရှုံ့ခွာပြီး မချစ်မနှစ်သက်သူကို ပေါင်းသင်းရခြင်းသည် ဒုက္ခဆင်းရဲ ဘွင်းထဲကို မျက်စိမှိတ်၍ ခုန်ချသည်နှင့် တူလွန်းလှသည်ဆိုတာ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မအိပ်သေးဘူးလား"

"မအိပ်သေးပါဘူးကွယ်။ သိုက်မပြန်သေးလို့ စောင့်နေတာ"

အဆင်း မေမေ့ကိုကြည့်၍ သနားရပြန်သည်။ ကိုယ်ချစ်ကိုဆုံးခဲ့မိတဲ့ မေမေ့ခမျာ သောကတွေနှင့် လက်ဝှေ့ထိုးနေရပြီ မဟုတ်လား။

"သမီး အိပ်တော့လေ"

"ဟုတ်ကဲ့"

အဆင်း မေမေ့ကို ကျောခိုင်း၍ လှည့်ထွက်ခဲ့သည်။

ဒေါ်လှယမင်းမှာတော့ သက်ပြင်းမောနှင့် လက်ချင်းချိတ်၍ မဖြုတ်နိုင်သေးဘဲ အတိတ်၏လမ်းမပေါ်သို့ ခြေစုံပစ်၍ ဝင်ရောက်မိလေတော့၏။

❋ ❋ ❋



# အခန်း (၁၆)

နာရီကိုမော့ကြည့်လိုက်တော့ ည (၁၀) နာရီပင်ထိုးနေပြီ။ သိုက် အခုထက်ထိ အိမ်ပြန်မရောက်သေးပေ။ ကုမ္ပဏီကို ဖုန်းဆက်ကြည့်တော့ ညကတည်းက ပြန်သွားပြီတဲ့။ ဘယ်ကိုများ ခြေဆန့်နေပါလိမ့်။

"မေမေ"

"ဟင်"

ညဝတ်အင်္ကျီအဖြူရောင်လေးနှင့် လှေကားမှဆင်းလာသော အဆင်းသဏ္ဍာန်က တိမ်လွှာပြင်ပေါ်မှာ ကြယ်တာရာတွေ ဝန်းရံခံနေသည့် လမင်းလေးပမာနယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"သို့နာမည်က သိုက်ထက်လင်းတဲ့။ တက္ကသိုလ်တစ်ခု
ဆရာလေ။ အိမ်ထောင်မရှိ လူပျိုပေါ့"

"ဘယ်သူက မေးနေလို့လဲ"

သွက်လက်ချောမောသော သိုက်ထက်လင်းဆိုတဲ့လူ
ယမင်းသာမကဘဲ အခြားသူတွေလည်း ငေးမောမိကြမလား။ ည
မျက်ဝန်းတစ်စုံနှင့် မျက်ခုံးထူထူကြီးတွေကို ပိုင်ဆိုင်ထားသူ။ ကြ
ပုံစံကျနေသော အပေါ်နှုတ်ခမ်းသားက လုံးရှုံ့တွဲနေသော အော
နှုတ်ခမ်း၏အပေါ်မှာ ပိရိသေသပ်စွာ အနားကွပ်ထားသည့်နှယ်။

မျက်နှာအနေအထားက ပိုင်းမယောင်နှင့်မေးစေ့ကျ





သွယ်လျသွားပုံကပင် တစ်မျိုးကြည့်ကောင်းနေ၏။

ဖော့ရိုန်းရှပ်လက်ရှည် အပြာရောင်နှင့် ဘောင်းဘီအနက်ကို တွဲဝတ်ထားသောကြောင့် ဖြူဝင်းသော သူ့အသားအရေက ပို၍ ပေါ်လွင်နေသည်။

"သိချင်မလားလို့ ပြောပြတာပါ။ လူက အလုပ်အကိုင်နဲ့ သာ သွက်လက်တာ။ မိန်းမကိစ္စနဲ့ပတ်သက်ရင်တော့ အနေအေး တယ်"

"ညောင်ပင်ကြီး ဒီလောက်ဝေနေတာ ရုက္ခစိုးမကပ်တဲ့ နေပ့ မလား ခင်မျိုးရဲ့"

"အင်း ... ကပ်ချင်တဲ့ရုက္ခစိုးတွေတော့ ရှိတာပေါ့။ ဒါပေမဲ့ သူက မကိုးကွယ်ဘူးကွ။ ငှက်တောင် အနားမခံချင်တဲ့ ညောင်ပင် လေ"

"ရှေ့နေခ ဘယ်လောက်ရလဲ"

"အဟင်း ... လိုချင်တာတော့ ထောင့်ငါးရာ။ ကိုယ့်ရှပ် ညီက တစ်ရာ့ငါးဆယ်တောင် မတန်တော့ ခက်နေတာပေါ့"

"အပျိုကြီးဇာတာပါလို့ပဲ သတ်မှတ်လိုက်ပါနော်"

ခင်မျိုးဝေက အပျိုကြီးမို့ စနောက်လိုက်ခြင်းပါ။

"ယမင်းနဲ့ဆိုရင်တော့ လိုက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မျိုးရယ် ကိုယ်က မုဆိုးမ၊ ကလေးအမေ။ ဟိုက လူပျို နုနုထွတ်ထွတ်ကလေး။ မဖြစ်နိုင်တာကို ရင်မခုန်ပါရစေနဲ့"

"ဩော် . . . ယမင်းကလည်း ကံထမ်းလာတာကို မမြင်နိုင်ဘူးလေ။ ယမင်းပြောမပြရင် ကလေးအမေဆိုတာ ဘယ်သူက ယုံမှာလဲ"

ယမင်း ပြုံးလိုက်မိသည်။ ဘာကြောင့်မှန်းမသိ ခင်မျိုးက ယမင်းနဲ့သူ့ကိုပဲ ယှဉ်တွဲကာ စနေသည်။ ရင်ထဲမှာ ကြည်နူးမိသလို ကနေ စိတ်ဝင်စားမှုတွေက နေရာထိုင်ခင်းမပေးခင် ဖွတ်ဝင်လာလေ၏။

"မမျိုးရေ . . . သိုက်က ပြန်တော့မယ်တဲ့။ တားလို့မရဘူး ဖြစ်နေတယ်၊ လုပ်ပါဦး"

ခင်မျိုးရဲ့မောင် ဝင်းထိုက်က သူ့ပခုံးကိုဖက်ရင်း သူမတို့အနားသို့ ရောက်လာပြီး အော်လေသည်။ သူက ရယ်နေရုံသာ။ ခင်မျိုးက သမင်လည်ပြန်လှည့်ကြည့်၍ –

"မမျိုးမောင်ကတော့ လုပ်ပြီ။ အိမ်ကနေ ဆီးပြီးနောက်ကျပါလားလို့ ဆူမယ့်သူရှိတာလည်း မဟုတ်ဘဲနဲ့။ အေးအေးဆေးဆေးများ နေစမ်းပါဦး။ ထမင်းစားပြီးမှ ပြန်ရမယ်၊ ဒါပဲ။ မဟုတ်ရင်တော့ ရှင်ခန်းဖြတ်လိုက်မှာနော်၊ မယုံမရှိနဲ့"





"ကဲပါ မမျိုးရယ် . . . မပြန်နဲ့ဆိုလည်း မပြန်ပါဘူး။ တစ်နပ် ထမင်းစရိတ်သက်သာလို့ ကျေးဇူးတောင်တင်ပါသေးတယ်။ ဟဲဟဲ"

သူက စနောက်၍ဆိုလေတော့ ခင်မျိုးက ထမင်းကို တစ်ချက်ကြည့်ကာ –

"မိတ်ဆက်ပေးရဦးမယ်။ သိုက် . . . ဒါက မမျိုးသူငယ်ချင်း ယမင်းတဲ့ မှတ်ထားနော်။ သိုက်အတွက် လိုအပ်မယ်ဆိုရင်"

"အို . . . မျိုးကလည်း"

ခင်မျိုး စကားမဆုံးမီ ယမင်းက ရှက်မျက်နှာလေးဝဲဝဲနှင့် ဟန့်တားလေ၏။

"ဒီက ဘာမှမပြောရသေးပါလား။ လိုအပ်မယ်ဆိုရင် မမျိုးတို့ပဲ အစ်မရင်းလို ခင်မင်နိုင်ပါတယ်လို့ ပြောမလို့"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် မမ။ ကျွန်တော့်နာမည် သိုက်ထက်လင်းပါ။ မမျိုးလိုပဲ ကျွန်တော့်ကို ခင်မင်နိုင်ပါတယ်"

"မမကလည်း ခင်တတ်ပါတယ်။ လမ်းမှာတွေ့ရင် ခေါ်နော်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



စတွေ့တွေ့ချင်းပင် သူက ရင်းရင်းနှီးနှီးနဲ့ မမလို့ခေါ်လိုက်တော့ ရင်ထဲမှာ ထာဝရ အိပ်စက်နေခဲ့သော အချစ်ဆိုသည့်အရာလေး သူ့ရဲ့ဖော်ရွေမှုလေးတွေ လှုပ်နှိုးခြင်းကြောင့် မျက်ခွံပွင့်စပြုလာခဲ့သည်။

ခင်မင်လာကြပြီဆိုတော့ အရာရာမှာ သူ့ကို အားကိုးချင်လာမိပြီ။ သူမ၏ဘဝစာမျက်နှာတွေကို သိုက်အား မချွင်းမချန်ပေးဖတ်ခဲ့၏။

ကလေးအမေ မုဆိုးမကို သနားလို့ ဂရုစိုက်ကြင်နာပြခဲ့သော သိုက်၏ ဖြူစင်သော မေတ္တာတရားတို့ကို ယမင်းက တလွဲထင်၍ အရောင်ဆိုးစေလို၏။ သိုက်က သူမကို အစ်မရင်းတစ်ယောက်လို ခင်မင်တွယ်တာခဲ့တာ။

သူမကတော့ ကိုယ့်အထင်နှင့်ကိုယ် သိုက် သူမကို ချစ်နေပြီဟု ယုံကြည်ကာ စိတ်ကူးယဉ်ကမ္ဘာလေးထဲသို့ နစ်ယောက်အ သွားခဲ့ရတာ အမှောပါပဲ။

ခင်မင်ခဲ့ရသည့် ကာလလေးတွေမှာ လှယမင်းအိမ်က သိုက်အတွက် တံခါးမရှိ ဓားမရှိ။

"မမ ကျွန်တော့်ကိုခေါ်တာ ဘာကိစ္စရှိလို့လဲ"

"သိုက် ကျောင်းပိတ်တယ် မဟုတ်လား။ မမ အလှူတစ် သွားစရာရှိလို့ အဲဒါ သိုက် လိုက်ပို့ပေး"





"ကောင်းပြီလေ၊ ကိုယ့်ကို အားကိုးလာတော့လည်း လိုက်ပို့ပေးရမှာပေါ့"

"သိုက် လိမ္မာတယ်ဆိုတာ မမ သိပြီးသားပဲဟာ"

ထိုသို့ဖြင့် မိတ်ဆွေတစ်ယောက်၏အလှူကို သိုက်နှင့်အတူ ညှိတွဲ၍ရောက်ရှိလာခဲ့သည်။ လူအများ၏အားကျခြင်း၊ ရှုံ့ချလိုခြင်း သောအကြည့်တွေက သူတို့နှစ်ဦး၏ကိုယ်ပေါ်မှာ လိပ်ပြာများလို တောင်ပံခတ်သံပေးနေ၏။

"ယမင်းတို့များ ခြေလှမ်းသွက်လိုက်တာ။ မပင်မပန်းနဲ့ ကောသာမှာ ပန်ဆင်လာပြီဆိုတော့ မချူသက နှယ်နီနုတ်ပန်းကိုမှ ဆင်လိုက် ခေါင်းမှာ စိုက်ထားတော့တာပဲ အားကျစရာပဲ"

တကယ်အားကျလို့ ချီးမွမ်းတာလား။ ရှုံ့ချလိုတဲ့ ခနဲ့သံတွေ ဆိုတာ မသိပေမယ့် ယမင်းကတော့ ကျေနပ်နေသည်။ သိုက်သာ အနားမှာရှိနေလျှင် တစ်လောကလုံးကို စိန်ခေါ်ပြီး ပြိုင်ရဲပါ၏။ အချစ်က မွေးဖွားသန့်စင်ပေးတဲ့ သတ္တိခွန်အားတွေလား။

"ယမင်းရေ ... ရွှေသွားနောက်လိုက် ညီတယ်နော်။ ဘယ် တော့ စားရမလဲ၊ ဖိတ်ဦးနော်"

"ခေတ်သစ် နတ်သျှင်နောင်နဲ့ မော်ဒယ် ဓာတုကလျာလေး၊ ဟင်း ... သူများတွေများ ကုသိုလ်ထူးပျို"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သောအသံတွေကြားမှာ ယမင်း မျက်နှာမထားတင်တော့။ ပက်ပက်လန်အောင် ပြန်ပြောရမလို ရှက်ရှက်နှင့်ပဲ ငြိမ်နေတော့မလို။

သူ့ကိုကြည့်တော့ ဘာမှမဖြစ်သလို အေးအေးဆေးဆေး တည်ငြိမ်စွာ အပြုံးမပျက်ခဲ့ပေ။ ဒါကိုပဲ ယမင်းက ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဟု မှတ်ယူခဲ့မိ၏။

"တော်တော် အစအနောက်သန်ကြတာပဲ။ သိုက်ကို အား
လိုက်တာ"

"အားနာရမှာက ကျွန်တော်ပါ။ မမ အနေခက်နေပြီလား"

"အနေခက်စရာထက် ချေဖျက်စရာမေးခွန်းကို မထုတ်ချင်
တော့တာ"

"မမ ဘာကိုဆိုလိုတာလဲ"

စိတ်လွတ်ကိုယ်လွတ်ပြောပြီးမှ နှုတ်၏စောင့်စည်းခြင်းဆိုင်
ဆောင်ပုဒ်ကို ကွက်ခနဲသတိရလိုက်မိ၍ မလုံမခြုံပြုံးလိုက်၏။
နောက် စကားကို လမ်းကြောင်းလွှဲမေးလိုက်ရသည်။

"ဩော် ... ပတ်ဝန်းကျင်ကိုပြောတာပါ။ သူများဆို
အမြဲတမ်း မျက်လုံးတဝင့်ဝင့်ကြည့်ပြီး လက်ညှိုးတွေ ကွေးချည်
ချည် ဖြစ်နေကြတာလေ။ အဲဒါကို မမတော့ ဂရုမစိုက်ချင်





ဂရုစိုက်နေရင် နေစရာဘုံပျောက်သွားမှာ သိုက်ရဲ့"

"အင်း ... ဒါလည်း ဟုတ်ပါတယ်။ အချိန်တန်ရင် ကိုယ့်လမ်း ကိုယ်လျှောက်ကြမှာပဲလေ။ သူများအမြင်ရှင်းဖို့ထက် ကိုယ့်စိတ်က သန့်ရှင်းစင်ကြယ်ဖို့ပဲလိုတာ"

သိုက်ဟန်းဖုန်းလေးက မြည်သံလေးထွက်လာသဖြင့် ကောက်ယူလိုက်သည်။

"ဝေလေးငယ်လား ... အဆင်းပါ"

"ဩော် ... အဆင်း ပြော"

"လေးငယ် ... အခု အားနေလားဟင်"

"အားတယ်၊ ဘာဖြစ်လို့လဲ အဆင်း"

အားတယ်လို့ လွှတ်ခနဲပြောပြီးမှ ကိုယ်ရောက်နေသည့် ပတ်ဝန်းကျင်က ဘယ်လိုမှ ချက်ချင်းထသွားလို့ မရမှန်း သတိရမိ၏။

"လေးငယ် ဟိုလေ အဆင်း (---) လမ်းမှာ တက္ကစီငှားမရလို့ အချိန်ကလည်း အမှောင်ဘက်ကို လုနေပြီ။ အဲဒါ လေးငယ် အဆင်းကို လာခေါ်ပေးနိုင်မလားဟင်"

"ကျစ်"

သိုက် စိတ်ရှုပ်သွားကာ ကျစ်ခနဲ လုပ်လိုက်မိ၏။ ချစ်ရသူလေး အခက်ကြုံနေတာကို ချက်ချင်းထပြေးသွားချင်ပေမယ့် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်က ဒီလို ကလေးဆန်လို့လည်း မဖြစ်သေးပါ။ တစ်ဖက်က လူကို မလေးစားရာကျမှာစိုး၍ ထိုစိတ်ကို ဆုံးမ၍ တော်သလိုပဲ ပြောလိုက်ဖို့ ဆုံးဖြတ်ရပြီ။

"ဘာဖြစ်လို့လဲ လေးငယ်"

"အားတယ်ဆိုတာ ဘယ်ကိုမှသွားစရာမရှိတာကိုပြောတာ။ လောလောဆယ် အိမ်မှာက အရေးကြီးတဲ့ဧည့်သည် ရောက်နေလို့ လာလို့မရဘူးဖြစ်နေတယ် အဆင်းရဲ့။ ဒီလိုလုပ်ပါလား အဆင်း ... လေးငယ် တပည့်တစ်ယောက်ကို လွှတ်လိုက်မယ်"

"နေပါစေတော့ လေးငယ်၊ အဆင်း သိုင်းကိုပဲ ခေါ်လိုက်တော့မယ်"

တစ်ဖက်က ဖုန်းပိတ်သွားပြီမို့ သိုက်မျက်နှာမှာ အလိုမကျမှု လေးတွေကို မြင်တွေ့နေရ၏။ ယမင်းက ဘာမှမကြားရသူမို့ ဘာမှ မပျက်ယွင်းခဲ့ပါ။ ဖုန်းဆက်တာနှင့် သိုက်က ခပ်လှမ်းလှမ်းတစ်နေရာသို့ ထသွားတာလေ။

သိုက်ကတော့ သိုင်းကိုခေါ်လိုက်မည်ဟူ၍ စိတ်ချသွားလေပြီ။ သိုင်းက သိုက်ရဲ့တူအရင်း။ အဆင်းရဲ့သူငယ်ချင်းမဟုတ်လား။

"ဘယ်သူလဲဟင်"

"အပွန်း ... ပြောရမှာ ရှက်သလိုပဲ။ ဒါပေမဲ့ ဖုံးဖိထားလို့





မလိုအပ်တာ"

"ဘာလဲ သိုက်ရဲ့"

"ကျွန်တော့်ချစ်သူလေ၊ ခဏလာခဲ့ဖို့ခေါ်တာ"

"ဟင်"

ယမင်း သိသိသာသာပင် တုန်လှုပ်သွားမိ၏။ သိုက်လို မိုးအေးပြီး တည်ငြိမ်နေတဲ့လူကို ချစ်သူ ရည်းစားမရှိလေတန်ဟု ထင်၍ မျှော်လင့်ခဲ့သမျှတွေ လေထဲမှာ တိုက်ဆောက်သလို ဖြစ်နေပါပြီ။

"သိုက်ရဲ့ချစ်သူ ဟုတ်လား"

"ဟုတ်တယ်လေ၊ နောက်နေ့တွေမှာ မမ သိအောင် တစ်ရက်တော့ ခေါ်လာပြီး မမနဲ့မိတ်ဆက်ပေးရဦးမယ်"

"ဟင့်အင်း ... အလုပ်ရှုပ်မခံပါနဲ့"

"ဘာဖြစ်လို့လဲ မမ။ သူနဲ့ မတွေ့ချင်ဘူးလား"

သူမ မျက်ခွံကိုပင့်၍ သူ့ကိုကြည့်လိုက်တော့ သူ့မျက်နှာက နစ်လိုဖွယ် ကြည်နူးမှုတွေနှင့်အတိ။

"မင်း သူ့ကို တကယ်ချစ်တာလား"

သူကရယ်လျက် –

"ကျွန်တော့်ရုပ်က မိန်းမပွေမယ့်ရုပ် ပေါက်နေလို့လား။ နှလုံးသားမပါဘဲနဲ့တော့ ပခုံးချင်းယှဉ်တောင် မလျှောက်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလို့"

"ဆောရီးနော် သိုက်။ မမက သိုက်အချစ်ကို ကိုးကွယ်လိမ့်မယ်လို့ ထင်မထားလို့ပါ။ သိုက် ရွေးချယ်တဲ့မိန်းကလေးဆိုတော့ တော်ရုံတန်ရုံလောက်တော့ ဟုတ်မယ်မထင်ဘူး"

"မမက ကျွန်တော့်ကို အထင်ကြီးနေပြန်ပြီ။ သူ့အကြောင်း ဘာမှမသိဘဲနဲ့ကို အရူးအမူးဖြစ်နေတာဗျ"

သိုက်ရဲ့ချစ်သူဆိုတဲ့ မိန်းကလေးကို မမြင်ဖူးပါပဲနှင့် သူမ အားကျနေမိသည်။ မနာလိုဖြစ်မိတာအမှန်။ မင်း ကံကောင်းပါတယ် မိန်းကလေးရယ်။

ဒါပေမဲ့ ယမင်း နှလုံးသားမှာလည်း သိုက်ကို ချစ်မိတဲ့ ထိုဆူးက အပင်းပင် ထည့်နေခဲ့ပြီ။ ကိုယ်ချစ်တဲ့သူကို သူမ လက်လွှတ်အဆုံးရှုံးခံလိုက်ရမှာလား။ ဒါမှမဟုတ် –

"သူများတွေ ပြန်ကုန်ကြပြီ မမ။ ကျွန်တော်တို့လည်း ပြန်ကြရအောင်"

"သြော် ... အင်း ပြန်ကြတာပေါ့"

သူမ လက်ကိုင်အိတ်ကလေးကို ကောက်ကိုင်၍ ထရပ်လိုက်သည်။ သူမရှေ့က ထွက်လာတော့ သိုက် နောက်မှထလိုက်လာ၏။

"ယမင်း ပြန်တော့မလို့လား"





"ဟုတ်ကဲ့ ... ခွင့်ပြုပါဦးနော်"

အလျှူရှင် ဇနီးမောင်နှံကို နှုတ်ဆက်၍ ပြန်လာ့ ၁ည့်တိုင်မင်း စကားတစ်ခွန်းမှ မဆိုဖြစ်တော့။ သိပ်သည်းလှသော ရင်ထဲမှ အမှုတွေက နှုတ်ခမ်းလွှာကို ကြက်ခြေခတ်နိုင်စွမ်းရှိလေ၏။ ချစ်သူနဲ့အတူ အချစ်မိုးကြီးရွာတော့မည်ဟု မာန်တင်း၍ အံ့မှိုင်းထားသမျှ ယခုတော့ –

မိုးစက်ဘဝနှင့် မြေခရတော့မည်လား။ သူမ၏နှလုံးသားမှာ ဒဏ်ရာများခံနေရရှာသလားကွယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ယောကျ်ားတွေနှင့် ပတ်သက်ပြီး သူမ၏နှလုံးသား
ကျောက်ဖြစ်ရပ်ကြွင်းပါဟု ပြောခဲ့ပါသော လှယမင်းသည် ခု
သစ္စာမဏ္ဍိုင်မစိုက်။ မေတ္တာစရန် အရိုက်မခံရတဲ့ ရင်နှစ်လွှာ ပင်
ပြာကြီးထဲမှာ မျက်ရည်လှိုင်းလုံးတွေ အရိုက်အပုတ်ခံနေရတဲ့ ခု
တွယ်ရာမဲ့ကျောက်ဆောင်တစ်ခု ဖြစ်နေခဲ့ပြီ။

"ဒီလောက်အထိ ခံစားပြနေဖို့ မလိုပါဘူး ယမင်း
တည်ငြိမ်တဲ့ကျောက်တုံးများတောင် တိုက်ပါများရင် နဲ့သတဲ့။ သ
ထက်လင်းက ဘာသားနဲ့ ထုထားတာမှတ်လို့"

"နင်ပြောသလောက် လွယ်လို့လား မျိုးရယ်။ ကို



နေတုန်း လှိုင်းပုတ်လို့ ရေနောက်မျောပါသွားမှဖြင့် ကိုယ်ကျိုးနည်း
ချေရဲ့"

"မိန်းမမာယာ သဲကိုးဖြာလေ ယမင်းရဲ့။ မင်းဖျာခင်းမှ နင်း
သူက နင်းမှာပေါ့။ သစ်ငုတ်တိုကြီးလို ငြိမ်နေလို့ကတော့ ကျန်ခဲ့ရ
ရှာရန်ရှာနှုန်း ရှုစ်ဆယ်ပဲ။ မိန်းမတို့ အတတ်ပညာနဲ့ သိမ်းသွင်းနိုင်
ကြိုးစားလေ။ မင်းက ဥစ္စာပေါ ရုပ်ချောပဲဟာ။ မင်းရဲ့ရုပ်ရည်နဲ့
ချင်သူတွေ ဒီလောက်ဝိုင်းနေတဲ့ဟာကို။ သိုက်ထက်လင်းကို မင်း
ပြီဆိုတာနဲ့ နောက်ပြန်ချစ်လာဖို့က ဘာမှမခက်တော့ဘူး။ အဲဒီ
တော့ လောလောဆယ် သူ့ကိုပိုင်ဖို့ မာယာသုံးပြီး အညှာကို မင်း
ကိုင်ရမယ် ယမင်း"

"အို ... မင်းစကားကြီးကလည်း"

မျက်ရည်ကို လက်ခုံနှင့်သုတ်ရင်း နားကြားရှက်သလို ဖြစ်
သွားသော ယမင်းကို ခင်မျိုးဝေက မျက်လုံးပြူးနှင့်ကြည့်ကာ –

"တစ်မျိုးမထွေးနဲ့လေ၊ ငါပြောတာက ဟိုနိုင်ကွက်ကိုရှာ
ဖို့ပြောတာ"

ယမင်း မျက်လုံးကိုထောင့်ကပ်၍ စဉ်းစားလေပြီ။ မျိုးပြောတဲ့
မိန်းမမာယာ သဲကိုးဖြာကို သူမ ဘယ်လိုသွန် ဘယ်လိုမှောက်ပြီး
ခင်းပေးရမလဲ။ သူမခင်းပေးတဲ့သဲပေါ်ကို သိုက်ကရော လွယ်လွယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နင်းမှာလား။ ဘာပဲဖြစ်ဖြစ် ခုံးရှုံးမှာကြောက်မိတော့လည်း မာယာ[illegible] ပဲ ဗုံးတစ်လုံးအဖြစ် အသုံးချပြီး ပစ်ပေါက်ရတော့မည်။

"ငါ သိုက်ကို အရမ်းချစ်နေမိပြီဆိုတာ ဝန်ခံပါတယ် [illegible] ရယ်။ သူများလက်ထဲ ပါသွားမှာကိုလည်း မရှုစိမ့်နိုင်ဘူး။ ငါ ဘာလ[illegible] သင့်သလဲဆိုတာကို မျိုးပဲ လမ်းညွှန်ပေးပါတော့"

မျိုးက ခေါင်းကို ဆတ်ခနဲညိတ်၍ ပြုံးကာ –

"ကောင်းပြီလေ ... ဒါဆို မင်းကို ဘာလုပ်ရမလဲဆို[illegible] ကိုယ်ပြောပြမယ်"

ယမင်းက အားကိုးတကြီးနှင့် မျိုးကိုကြည့်လေတော့ မျိုး[illegible] အပြုံးလှဲ့လှဲ့နှင့်ပင် ဘာလုပ်ရမည်ဆိုတာကို အကွက်ကျကျ စိ[illegible] ပြောပြလေတော့သည်။

❋ ❋ ❋

# အခန်း (၁၉)

"မမ တစ်ယောက်တည်း လာမှာကို စိတ်မချလို့သာ လိုက်လာတာ။ ပါတီတွေ ဘာတွေ တက်ရမှာ ကျွန်တော် ဝါသနာမပါဘူး"

"မမလည်း မတက်ဖူးပါဘူး။ သူငယ်ချင်းကို အားနာလို့သာ"

သိုက်က စိတ်ရှုပ်သလို ညည်းညည်းညူညူလေးဆိုတော့ ယမင်း ဖြေသိမ့်လိုက်ရသည်။ သူက အဖြူစစ်စစ်မေတ္တာနဲ့ ကိုယ့်ကို လေးစားခင်မင်သူ။ ကိုယ်ကသာ ဗလာမပါတဲ့ကံစမ်းမဲကို ပထမဆုမှ လိုချင်သူမို့ သိက္ခာတွေ အိုးမည်းသုတ်ပြီး သူ့ကို ကြိုးတုပ်နိုင်ဖို့ ကြိုးစားနေရတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ရောက်နေပြီကိုး"

"ဟုတ်တယ် ကိုစောနောင်။ ရှိစီကို အားနာလို့သာ လာခဲ့တာ၊ ယမင်းက ဒီပွဲမျိုးတွေ တက်လေ့မရှိဘူး"

"ဒီကလည်း အရမ်းခင်လို့ ဖိတ်တာပါနော်"

ရှိစီက သူ့ခင်ပွန်းကိုစောနောင်၏ လက်မောင်းကိုဖက်၍ နွဲ့နွဲ့လေး ရယ်ကာ ရယ်သွမ်းသွေးလျက် –

"တို့ကို အားမကျဘူးလား ယမင်း။ အဖော်ရှာသင့်နေပြီလေ"

"ဒီလိုနေရတာ ပိုပြီးအေးချမ်းပါတယ်ကွယ်"

"အဟင်း . . . ပါးစပ်ကသာ အေးချမ်းတယ်ပြောပြီး ဘေးမှာတော့ ထိုင်လို့"

"အို . . . ရှိစီကလည်း။ သူက ယမင်းရဲ့မောင်လေးပါ"

"ဟုတ်လား . . . တစ်ခါမှမပြောဖူးပါဘူး။ မလျှို့နဲ့နော် ယမင်း။ တို့က မြန်မြန်ကျွေးတော့လို့ ပြောမလို့"

"ရှိစီနော် . . . ပြောလေ ကဲလေပါလား"

ရှိစီကို လှမ်းထုပြီး သိုက်ကို မသိမသာ အကဲခတ်ကြည့်လိုက်တော့ ဘာမှမကြားရသည့်အဟိုင်း ကိုစောနောင်ကို ပြုံးပြနေတာ တွေ့ရသည်။



အဲဒီအမှုအရာတွေကြောင့်ပဲ တည်ငြိမ်နေသော ယမင်းအသုံးသားတွေ ဘောင်ဘင်ခတ်ခဲ့ရတာပါ။ ကိုစောနောင်တို့ဇနီးမောင်နှံနဲ့ သူ့ကို မိတ်ဆက်ပေးပြီး အားလုံး ခင်မင်ရင်းနှီးသွားကြပြီဆိုတော့မှ သူမ အကူအညီတောင်းထားသည့်အတိုင်း ကိုစောနောင်ကသချပ်ပီပီနှင့် တရုတ်ကိုဆီလိမ်း၍ နေလှန်းပြီး ကုလားဇာတ်သွင်းဖို့ကြိုးစားလေတော့၏။

ဒီလိုဖြစ်လာဖို့အတွက် ဒီပါတီကို ယမင်း အကုန်အကျခံပြီးစီစဉ်ခဲ့ရတာ အဲခြားသူတွေကသိမှာ မဟုတ်ပေ။

"ကိုသိုက် . . . ကိုယ်နဲ့ခဏလိုက်ခဲ့"

"ဗျာ . . . ဘာဖြစ်လို့လဲ"

"ကိုသိုက်ကို ကိုယ်မြင်ကတည်းက ညီအရင်းလို ခင်သွားပြီ။ အဲကြောင့် အထူးဧည့်ခံချင်လို့"

"ဟို . . . အဲဒါတော့ မဖြစ်ဘူးထင်တယ်။ ကျွန်တော်က နည်းနည်းသောက်ရင် များများမူးတတ်လို့ အတတ်နိုင်ဆုံး ရှောင်နေတာ"

"ယောက်ျားပဲကွ . . . ဆန်းတာမှတ်လို့။ လာပါ တစ်ခါတလေပဲဟာ၊ ဘာမှမဖြစ်နိုင်ပါဘူး"

ကိုစောနောင် အတင်းဆွဲခေါ်လေသဖြင့် သိုက် ပါသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားနာခြင်းက ဘဝတစ်ခုလုံးကို အသေသတ်နိုင်သည်ဆို ထိုအချိန်က သူ မသိခဲ့သေးပါ။ ယမင်းနှင့် ရှိစီ စကားတပြောပြော ပင် အခြေအနေကို အကဲခတ်နေမိ၏။

"ယမင်း"

"ဘယ်လိုလဲ ကိုစောနောင်"

"သူ အတော်မူးနေပြီ"

"ဒါဆို ယမင်း သူ့ကို ခေါ်သွားတော့မယ်နော်၊ ဒီကိ မပေါက်ကြားရအောင် ကိုစောနောင်တို့ ထိန်းသိမ်းပေးပါ"

"အဲဒီအတွက်တော့ စိတ်ချ ယမင်း။ ယမင်းကလည်း အ ကားနိုင်းတာမှ မဟုတ်ဘဲကွယ်။ ရှိစီတို့က ကတိတည်ရမှာပေ့ါ"

ယမင်း လက်ကိုင်အိတ်ကိုဖွင့်၍ ငွေစက္ကူတစ်ထပ်ကိုနှိုက် ကာ ရှိစီလက်ထဲသို့ ထည့်ပေးလိုက်၏။

"ရော့ . . . ဒါ ရှိစီတို့သုံးဖို့ အပိုဆု။ ကျေးဇူးလည်း အ တင်ပါတယ်"

ကိုစောနောင်၏တပည့်တစ်ယောက်က သိုက်ကို ဖေး တွဲရင်း ယမင်းတို့အနားသို့ ရောက်လာလေသည်။

"ဟင် . . . သိုက် လွန်သွားပြီထင်တယ်။ အရမ်းမူးနေ လား"





"အဟဲ . . . မမူးပါဘူး နည်းနည်းဝေနေတာ"

"နည်းနည်းလောက်ကူပြီး သူ့ကို ကားပေါ်လိုက်ပို့ပေးပါ နော်"

"ရပါတယ် မပိုရဲ့၊ ကျွန်တော် လျှောက်နိုင်တယ်"

မမူးဘူးသာပြောတယ် မျက်လုံးက မနည်းဖွင့်ကြည့်နေရ သည့်ပုံပင်။ သူများ အကူအညီနှင့် ယမင်း သူ့ကိုကားပေါ်တင်၍ ကိုယ်တိုင်မောင်းကာ အိမ်သို့ခေါ်လာခဲ့တော့၏။ မိန်းမတို့၏ မာယာ ချောက်တွင်းနက်ပေ၏။

အဲဒီညတစ်ညလုံး ယမင်း သူ့အနားမှာ ထိုင် စောင့်နေခဲ့ သည်။ တကယ်တော့ သူ ယမင်းကို ပြစ်မှားဖို့နေနေသာသာ သူ ကိုယ်တိုင်ပင် ဘာကောင်ဖြစ်သွားမှန်းသိမှာမဟုတ်။ ဒါပေမဲ့ သူ အိပ်ရာက နိုးထလာချိန်မှာတော့ –

"ဟင် . . . မမ"

မှေးခနဲ အိပ်ပျော်သွားသော ယမင်း သူ့ပါးစပ်က တုန်လှုပ် ချောက်ချားဖွယ်ခေါ်သံကြီးကြောင့် လန့်နိုးကာ ထထိုင်လိုက်တော့–

"မမ . . . ကျွန်တော် ကျွန်တော်"

ယမင်းက မျက်နှာလေးငယ်ကာ မငိုချင်သည့်မျက်ရည်ကို သက်ဆွဲချပစ်လိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူက ယမင်းကို အထိတ်တလန့်ကြည့်ပြီး သဘောပေါက်သွားဟန်နှင့် နှုတ်ခမ်းကို ဖိကိုက်ပြီး ခေါင်းငိုက်စိုက်ချသွားလေတော့သည်။

"ကျွန်တော် မမကို ဟို ဘယ်လိုပြောရမလဲ၊ ပြစ်မှားမိသွားတာလား"

"မေးနေဖို့လိုသေးလို့လား သိုက်ရယ်။ မမရောက်နေတာ ဘယ်နေရာလဲဆိုတာ ကြည့်ရုံနဲ့ အဖြေက ရှင်းနေတာ"

"ဒုက္ခပါပဲဗျာ။ မမအပေါ်ထားတဲ့ ကျွန်တော့်ရဲ့ဖြူစင်တဲ့ ခင်မင်လေးစားမှုတွေ အရက်ကြောင့် ညစ်နွမ်းကုန်ရပြီ"

"ကိုယ့်ဘဝနဲ့ကိုယ် ရှိပါစေတော့ သိုက်ရယ်။ မမကိုက ကံဆိုးတာပါ။ သိုက်ကို မောင်လေးအရင်းလို သဘောထားပြီး ဂရုစိုက်မိလိုက်တာ ကိုယ့်သေတွင်း ကိုယ်ယက်ဆင်းသလို ဖြစ်နေပြီ။ ခုမှတော့ မထူးတော့ပါဘူး သိုက် ပြန်ပါတော့"

ယောကျ်ားပီသသော သိုက်၏စိတ်ကို ယမင်း သိပြီးသားပါ။ ဒါကြောင့် ရေမလာခင် မြောင်းတူးထားလိုက်တာ။ သိုက် အိပ်ရာထက်မှာ လူးလွန့်လာတာမြင်မှ ယမင်းက သူ့ဘေးမှာ အသာလေးဝင်ပြီး အိပ်ချင်ယောင်ဆောင်ပြီး မှေးခနဲဖြစ်သွားတာ သူသိပါ့မလား။





"ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲဗျာ။ ကျွန်တော် ယောကျ်ားပါ။ ကိုယ့်အမှားအတွက် ပြန်ပြီးပေးဆပ်ရမှာ ကျွန်တော့်တာဝန်ပါ။ မမကို ကျွန်တော် လက်ထပ်ပါ့မယ်။ ဒါပေမဲ့ ... အချိန်နည်းနည်းတော့ပေးပါ"

"သိုက်ရယ် မမက အပျိုစင်လေးမှ မဟုတ်တာ။ ပြီးတော့ သိုက်မှာ ချစ်သူရှိနေတာပဲ မဟုတ်လား။ မမနဲ့သိုက် မတန်ပါဘူးကွယ်"

"ကျွန်တော် လင်ကြီးငုတ်တုတ်ရှိနေတဲ့ မိန်းမတစ်ယောက်ကို ကြာခိုတာမှ မဟုတ်တာ။ မုဆိုးမဆိုတာလည်း လွတ်လပ်နေသူပဲလေ။ ကိုယ်မှားခဲ့ပြီးမှ ခေါင်းရှောင်သွားတာမျိုးကို ကျွန်တော် အမုန်းဆုံးပဲ။ ကိုယ့်အပြစ် ကိုယ်ရှောင်ပြေးတာထက် ရဲရဲရင်ဆိုင်တာက ပိုကောင်းပါတယ်"

"ဒါဆို သိုက်ရဲ့ချစ်သူကရောဟင်"

သိုက် ခေါင်းကို လက်နှင့်ထိုးဖွရင်း သက်ပြင်းကို မချိတင်ကဲချလေသည်။

"နေပါစေတော့၊ သူနဲ့ ဖူးစာမဆုံလို့ ဝေးကြတယ်လို့ သဘော်မှတ်လိုက်ပါ့မယ်။ ကျွန်တော် သူ့ကို လက်ကလေးကိုင်တာ လွဲရင် ဒီထက် ဘာမှမပိုခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မချစ်လို့လား"

"ချစ်လွန်းလို့ မထိရက် မတို့ရက်နဲ့ အရိပ်လိုကြည့်နေခဲ့တာလေ"

"သိုက်ရယ်"

ယမင်း စိတ်မကောင်းသလို ညည်းတွားပြပေမယ့် ရင်ထဲမှာတော့ ကျေနပ်ခြင်းမိုးတိမ်တိုက်တွေက ရွာရန်ရွာနှန်း ရှစ်ဆယ်ပင်။ ခွင့်လွှတ်ပါဆိုတဲ့ စကားကို ရင်ထဲကသာ တောင်းပန်ချင်ပါသည်။

သိုက်၏အားနည်းချက်က တစ်ဖက်သားကို ငဲ့ညှာတတ်ခြင်းပေမို့ ထိုနိုင်ကွက်ကို ကြိုးချည်၍ သူ့မဘက်သို့ဆွဲယူကာ သူ့ဘဝကို သိမ်းပိုက်ခဲ့တာ သူများ တွေသိရင်တော့ ယမင်းကို မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးဟု ဆိုကြပေတော့မည်။

ကိုယ့်ဝမ်းနာတာ ကိုယ်မှသိဆိုသလို သူတစ်ပါး၏ရင်ထဲက ခံစားချက်ကို မြင်နိုင်အောင် မကြိုးစားဘဲ သိုက်နှင့်သူမ လက်ထပ်ခဲ့သည်။

လက်ထပ်ခြင်းဟာ သိုက်နဲ့သူကြား မလိုတမာခြားလိုက်သည့် တံတိုင်းကြီးနှယ်။ တာဝန်ယူလက်ထပ်ခဲ့ပေမယ့် သိုက်က ယမင်းနှင့် ခပ်ကင်းကင်းနေသည်။

ကြင်စဦးဇနီးမောင်နှံဘဝကို အမည်သာခံ၍ ကြည်သာ





ခြင်းတို့ ငုပ်လျှိုးပျောက်ကွယ်သွားခဲ့၏။ သူပျော်မလားလို့ တစ်ခါလေ –

"သိုက် ရည်းစားဟောင်းကို လွမ်းနေတာလား"

လို့ စ,မိသည့်အခါ သူက ပေါက်ကွဲတတ်လေသည်။

"မမ ကျွန်တော့်ကိုပိုင်ထားပြီ မဟုတ်လား။ နှလုံးသားကိုတော့ ထပ်အနိုင်မကျင့်ပါနဲ့"

သူ ဘာကြောင့် ဒီလိုပြောခဲ့ပါလိမ့်လို့ ယမင်း စဉ်းစားနေချိန် ယမင်းရှေ့သို့ အပြာရောင်စာအုပ်ကလေးကို ထိုးပေးလာသည်။

ထိုစာအုပ်ကလေးက သူနဲ့စတွေ့ပြီး ယမင်းချစ်တတ်လာခဲ့တာတွေ၊ သူ့ကို မာယာနဲ့သိမ်းသွင်းခဲ့သောအကြောင်းတွေကို ရေးသောဒိုင်ယာရီစာအုပ်ကလေး။

သူနဲ့ မမှားခဲ့ပဲ အမှားလုပ်ပြီး ရှန်းမထွက်နိုင်အောင် ချည်နှောင်ခဲ့သည့် ကြိုးစကတော့ ဒီစာအုပ်ထဲမှာ မပါဘဲ လမ်းစပျောက်သွားကလွဲရင် ယမင်း၏အကြံတွေအားလုံးကို သူသိသွားပြီးသည့်နောက်ပင်၍။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



စိတ်မချမ်းသာဘူးဗိုလား"

ယမင်း ဆက်မညာချင်တော့ပါ။ ဒါပေမဲ့ သငံ့ ဘိုလည်း ခွင့်မပြောရက်ပြန်။ သူမ၏အဖူတွေ သမီးကို မကျူးစက်စေချင်တာ မိခင်တစ်ယောက်၏ စေတနာပါ။ ကိုယ့်မိုက်ပစ်နှင့်ကိုယ်မို့ ကိုယ်သာ သျှင် ဖြစ်သမျှ ခါးစီးခံချင်သည်။

လင်ချစ်တာမခံရတဲ့ အစဉ်အမြစ် မသန်နိုင်သည့် ပန်းတစ်ပွင့်ဘဝမှာ ခံစားချက်တွေ ကြေကျ၍ မြေခချင် ခပါစေတော့။ သောက ကို လက်ဆင့်ကမ်း မပေးလိုတော့ပြီ။

"သမီး ... ဘာလို့ အပြင်ထွက်လာတာလဲ၊ မအိပ်သေးဘူး လား"

"ဟင့်အင်း ... အိပ်မပျော်လို့။ မေမေအိပ်လေ၊ ဦးသိုက် ကို သမီးစောင့်ပြီး တံခါးဖွင့်ပေးလိုက်မယ်"

"ကျေးဇူးပဲ သမီးရယ်။ မေမေ ခေါင်းနည်းနည်းမူးနေလို့ အိပ်တော့မယ်နော်။ မောင်ထွေးလည်း အပြင်မှာစောင့်နေတုန်းပဲ"

"ကဲပါ မေမေ ... စိတ်ချလက်ချသာ သွားအိပ်တော့"

အဆင်းကိုယ်တိုင်ပဲ မိခင်၏ပခုံးကိုဖက်၍ အခန်းထဲသို့ ပို့ပေး လိုက်သည်။ ဦးသိုက်နှင့်မေမေ အခန်းခွဲအိပ်ကြတာကို အဆင်း ပိအိပ် ရောက်မှ သိရတာ။



## အခန်း (၂၀)

"မေမေ မေမေ"

"အင် ... ဟင်"

နူးညံ့သော လက်ချောင်းကလေးတွေက သူမ၏ပခုံးတွေ ထိတွေ့လှုပ်ယမ်းလာသောကြောင့် ကယောင်ကတမ်းနှင့် မော့ကြည့် လိုက်သည်။

"မအိပ်သေးဘူးလား။ ခုတလော မေမေ့ကြည့်ရတာ အ မရလိုက်တာ။ သွေးပြန်တိုးနေတာလားဟင်"

"မေမေ ဘာမှမဖြစ်ပါဘူး သမီးရယ်။ သမီး စိတ်ထင်လို့

"စိတ်ထင်တာ မဟုတ်ဘူး မေမေ။ သမီးမြင်နေရတာ မော



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချစရာမကောင်းလောက်အောင် သူတို့အိပ်ထော
ရေးက စိတ်ပျက်ညည်းညူစရာပါ။ ဒါနဲ့များ ဘာဖြစ်လို့လက်ထပ်
ကြသေးလဲ။

"တီ တီ"

ကားဟွန်းတီးသံကြောင့် အဆင်း ခြေထောက်က အမိန့်
စရာမလိုဘဲ ထရပ်ပြီးသားဖြစ်သွားလေသည်။

♫ တကယ်ဆိုမေ့ပစ်လိုက် xxx နာကျင်ခြင်းတွေ မေ့ထား
လိုက် xxx အမျှော်လင့်ဆုံးကလေးရယ် xxx ဒီလိုတို့တွေ ဆုံ တွေ့
xxx ရွှေရောင်တောက်ပလွန်းတဲ့ မင်းဘဝလေးနဲ့ မင်းနေပါ xxx
အတူတူနီးစပ်ဖို့က တို့ရဲ့ဘဝက ဟိုးအဝေးမှာ xxx

အပြာရောင်မိုးကောင်းကင် xxx ကြယ်စင်လေးတွေ
သွားတိုင်း xxx မပျော်နိုင်ဘူး ကလေးရေ xxx မငိုနဲ့မျက်ရည်
သုတ်လိုက် xxx ဘယ်လိုဝေးသွားလည်းပဲ xxx အဆုံးသတ်တဲ့
ချစ်နေမှာ xxx ရွှေရောင်တောက်ပလွန်းတဲ့ မင်းဘဝလေးရဲ့
အဝေးမှာ xxx

ဟိုး xxx အရင်ကဇာတ်လမ်းလေး xxx မေ့လိုက်
အရင်က ဇာတ်လမ်းလေး xxx ဟိုတုန်းက နမ်းခဲ့ဖူးတဲ့ အနမ်းတွေ
ခုတော့ တိမ်များလို လေထဲလွင့်ပါသွား လေထဲလွင့်ပါသွား ♫





အာမထိ လျှာမထိနှင့် သီချင်းအော်ဆိုလာသော လေးတွဲ့တွဲ့
အသံကြီးကြောင့် ဦးသိုက်မူးလာပြီဆိုတာ အဆင်းသိလိုက်ပြီ။

ထို့ကြောင့် တံခါးဖွင့်ပေးပြီး နောက်သို့ဆုတ်၍ ရပ်နေလိုက်
သည်။ သူ အဆင်းကိုမြင်သွားပြီး –

"ဩော် ဩော် ... ကိုယ့်ကို အဆင်းက တံခါးစောင့်ဖွင့်
ပေးတာကိုး"

"မေမေအိပ်နေလို့ အဆင်း စောင့်ပေးတာပါ"

"သူအိပ်နေပြီလား။ အိပ်ပါစေ၊ တစ်သက်လုံး နိုးမလာလေ
ကောင်းလေပဲ"

"ဦးသိုက်"

အဆင်းအသံက မာဆတ်ဆတ်နှင့် ကျယ်လောင်သွားလေ
သည်။ မိခင်ကို ဒီလိုပြောတော့ အဆင်း မခံနိုင်ပါ။

"ဦးသိုက် စကားကို ဆင်ခြင်ပြီးပြောရင် ကောင်းလိမ့်မယ်"

"အဆင်းရယ် ... လေးငယ် ဆင်ခြင်ခဲ့တာ ကြာပါပြီ။ အဲဒီ
ဆင်ခြင်မှုတွေက ဒီရင်ဘတ်ထဲမှာ ပုပ်ပွနေပြီ အဆင်းရဲ့။ ဘာတဲ့
ပုပ်ရင်ပေါ်ဆိုတဲ့စကားလိုပေါ့"

သိုက်ထက်လင်း၏ကိုယ်က ယိုင်နဲ့သွားသဖြင့် မောင်ရွှေက
ဆွဲင်မြန်စွာ ထိန်းမတ်ပေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဆရာ အရက်မူးနေပြီ၊ အိပ်တော့နော်။ ကျွန်တော် လိုက်ပို့ပေးမယ်"

"နေစမ်းပါ ငါမမူးဘူး။ အိပ်လည်း မအိပ်ချင်သေးဘူး ရက်ပေါင်း လပေါင်းများစွာက အဆင်းကိုပြောချင်တဲ့စကားတွေ ရင် ထဲမှာ စုထားတာ။ ခု စကားတောင်ပို့ကြီး ဖြစ်နေလို့ ငါ ဖြိုချပါရစေ ကွာ"

"မူးရင်လည်း မူးတဲ့ဘာသာ အေးအေးဆေးဆေးနေပါ ဦး သိုက်။ အဆင်းကို မရှိသေ,မလေးစားချင်နေပါ မေမေ့ကိုတော့ ပမာမခန့် မပြုပါနဲ့။ အဆင်း ခွင့်လွှတ်မှာမဟုတ်ဘူး"

အဆင်းစိတ်ထဲမှာ စနိုးစနောင့်ဖြစ်သွားပါသည်။ မူးလာ ကျွဲနိုးတာပေါ့ရင်တော့ သွားပြီ။ အဆင်းဘဝ ဘာမှ သုံးလို့ရမှာမဟုတ် တော့တာ သူ သိသင့်ပါ၏။

"ပြောရက်လိုက်တာ အဆင်းရယ်။ အဲဒီ လေးစားရှိသေမှု တွေကြောင့် လေးငယ်ရဲ့အသည်းတွေ ဟက်တက်ကွဲပြီး ဘဝပျက်သ မတတ် ခံစားခဲ့ရတာကိုတော့ ထည့်မပြောတော့ဘူးလား။ လေးငယ် မချစ်ဘဲနဲ့ လက်ထပ်ယူခဲ့တဲ့မိန်းမဟာ အဆင်းရဲ့အမေ မဟုတ်ခဲ့ရင် ဖြေသာပါသေးတယ်။ လေးငယ်သိပ်ချစ်ခဲ့တဲ့ အဆင်းနဲ့မတွေ့အောင် ရှောင်နေနိုင်တယ်။ မေ့နိုင်အောင်လည်း ကြိုးစားလို့ရတယ်။ ခုတော့





မျက်နှာကို နေ့တိုင်းမြင်နေမှတော့ ဒီနှလုံးသားက ဘယ်လိုမာကျော နိုင်မှာလဲ ပြောပါဦး။ လေးငယ် လေးငယ် ... အဆင်းကို"

"တော်တော့ မပြောနဲ့။ ရှင့်ပါးစပ်ကိုပိတ်ထားပါ ဦးသိုက် သက်လင်း။ လွန်ကဲ့မှ အလောင်းပိုက်ဆွေးတဲ့လူကို ဘယ်သူက သနားမှာလဲ။ မေမေ့ကို ယူပါလို့ ရှင့်ကို ဘယ်သူက ရိုက်နှက်ပြီးပေး စားခဲ့လို့လဲ။ ရှင့်ရဲ့ညပေကျွာပြုမူမှုတွေကြောင့် ခု မေမေ စိတ်ဆင်းရဲပြီး သွေးပြန်တိုးနေပြီ။ မေမေ တစ်ခုခုဖြစ်ရင် ရှင်တရားခံပဲ"

ဒေါသကြောင့် အမြင်တွေဝေဝါးလာသည်။ အရင်တုန်းက သော့.သူဟာ အဆင်းရဲ့ချစ်သူ။ ခုတော့ အမုန်းတွေနှင့်သာ ထောပနာ ပြုထားသော လူတစ်ယောက်။

မိဘနေရာထားတာကို နှုတ်ခမ်းမဲ့ပြီး ခေါင်းခါလို့ကတော့ အဆင်းက ရေနွေးပူနှင့် ပက်ချလိုက်ရမှာ မဆန်း။

"တော်ပါတော့ သမီးရယ်၊ တကယ်တမ်း အပြစ်ရှိသူက မေမေပါ"

"ဟင် ... မေမေ"

"မမ"

နောက်ကျောမှထွက်လာသောအသံကြောင့် သိုက် အံ့အားသင့် သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သိုက်ဟာ သမီးရဲ့ချစ်သူဆိုတာ မေမေ လုံးဝမသိခဲ့လို့ပါ။ သိခဲ့ရင် မေမေ့ သူ့ကို ပိုင်ဆိုင်ဖို့ ကြိုးစားခဲ့မှာ မဟုတ်ပါဘူးကွယ်"

"မဟုတ်ဘူး မေမေ"

အဆင်းက ငြင်းဆန်ဖို့ကြိုးစားပေမယ့် ယမင်းက အားလုံး ကြားပြီးပါပြီ။ ရင်တွေတုန်ပြီး မောလာလို့ ဆေးလုံးရှာရင်း အောက်သို့ ဆင်းလာမှ ဒီအသံတွေကို ကြားခဲ့ရတာ။ သမီးရဲ့ချစ်သူကို အမေက လုယူမိသတဲ့။ လူကြားလို့မှ မသင့်တော်။

"မေမေ့အမှားက ခုတော့ ဘယ်လိုမှပြင်လို့မရတဲ့ သမီးနဲ့ သိုက်ကို ဝေးစေခဲ့ပြီလေ။ ဒါပေမဲ့ . . . မေမေ တစ်ခုတော့ ဝန်ခံပါရစေ"

လှယမင်း၏မျက်ဝန်းမှာ မျက်ရည်တွေက အဆက်မပြတ် ကျလာလေသည်။

"မေမေ ဘာတွေပြောဦးမလို့လဲ၊ သမီးက"

အဆင်းစကားက ယမင်းကာလိုက်သောလက်ဖဝါး နေသားမကျဘဲ ခစားသွားရလေသည်။

"မေမေပြောပါရစေ သမီးရယ်။ အချိန်လည်း တန်ပါပြီ တကယ်တော့ သိုက်က သမီးအပေါ် သစ္စာဖောက်ခဲ့တာ မဟုတ်ပါဘူး မေမေကသာ ကိုယ်မှချစ်တတ်သူလို့ ကိုယ့်ကိုယ်ကိုယ်ထင်ပြီး နော်



ချည်မြှေ့ အတက်ပေါက်တယ်လို့ ညာမိခဲ့တဲ့သူပါ"

သိုက် ဘာတစ်ခွန်းမှ ထုချေလွှာတင်သွင်းဖို့ မကြိုးစားမိခဲ့။ ယမင်းကသာ ရှက်၊ နာ၊ ဝမ်းနည်း ရင်နှစ်လွှာပတ်ကြားကွဲလျက်။

"တကယ်ဆို သိုက်က ခုချိန်ထိ အစွန်းအထင်းမရှိသေးတဲ့ သူပျိုစစ်စစ်ပဲ ရှိပါသေးတယ်ကွယ်"

"ဗျာ"

"ရှင်"

သိုက်ရော အဆင်းပါ နားမလည်နိုင်ကြသေးခင် –

"မေမေ အရမ်းအတ္တကြီးခဲ့တယ် သမီး။ သိုက်နဲ့မေမေ ဘာမှမဖြစ်ခဲ့ဘဲနဲ့ သူ အရက်မူးခဲ့တာကို အခွင့်ကောင်းယူ အဖြေ ထုတ်ရသေးတဲ့ပုစ္ဆာကို ကြက်ခြေခတ်ပြပြီး သူ့ဘဝကိုလိမ်ညာပြီး အပိုင်သိမ်းခဲ့တာ မေမေပါ။ မေမေ့ရဲ့ဂုဏ်သိက္ခာကိုငဲ့၊ သူမှားခဲ့တယ် ထင်ပြီး ယောကျ်ားပီပီ တာဝန်ယူခဲ့တဲ့သိုက်မှာ အပြစ်မရှိပါဘူး သမီး ရယ်"

"ခင်ဗျား သိပ်ရက်စက်တယ် ဒေါ်လှယမင်း။ ကျွန်တော် ကတော့ ကျွန်တော် တကယ်မှားခဲ့တယ်ထင်ပြီး ခင်ဗျားအတွက် လူကျုံးမရဖြစ်ခဲ့ရတာ တန်တောင်မတန်ဘူးဗျာ။ ခင်ဗျားကို ဒီလို သတ်မာလိမ့်မယ်လို့ မထင်ခဲ့မိလို့ . . . ခုမှ ဖွတ်ကြီးထွက်လာတာကို



www.burmeseclassic.com

www.burmeseclassic.com



ာ့ရားမဟုတ်ဘူးလို့ထင်ထားတဲ့ ဆွမ်းတော်ကို ဘယ်လိုပြန်စွန့်လို့ ချတော့မှာလဲ။ ကျွန်တော့်ဘဝကို ကျိုးစား၊ ကြက်စာ ကျွေးရတော့မှာလား . . . ပြောစမ်းပါဦး"

"မေမေ"

အဆင်း မိခင်၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"မေမေ ညာနေတာ မဟုတ်လား။ သူ တကယ်မှားခဲ့လို့ မေမေ့ကို လက်ထပ်ခဲ့တာပါ"

"မေမေ့စကားထဲမှာ မုသားတစ်လုံးမှမပါဘူး သမီး။ မေမေ့ရဲ့အပြစ်အတွက် ဘယ်လိုပဲပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်ပြီး မေမေ့ ညစ်နွမ်းတဲ့ အပြုအမူတွေကို ဆေးကြောပါရစေတော့"

"ဪ . . . အပြစ်တွေအတွက် ပေးဆပ်ပါရစေတဲ့လား ဒေါ်လှယမင်းရယ်။ အဲဒီအပြောချိုချိုလေးကြောင့်ပဲ ကျုပ်ဘဝ ဝင်း လျှားမှောက်ခဲ့တာ ကုန်းထလို့မရခဲ့ဘူးမို့လား။ တစ်ကိုယ်လုံး ရွှံ့ တက်မှ ရေချိုးပြလည်း ထမ်းပိုးက ပခုံးရိုးပေါ်မှာ တင်လျက်သား ဖြစ်နေပါပြီဗျာ။ နွားဖြစ်လက်စနဲ့တော့ ခင်ဗျားမောင်းရာလမ်းကြောင်း ဆက်ပြေးပါရစေတော့"

ဒေါသကြောင့် သိုက်ထက်လင်း မေးကြောများ ထောင်း လာသည်အထိ အံကို တင်းတင်းကြိတ်ထားမိတော့သည်။ ခဝါသည်





ဝါလယ်မှ ထုပ်သိမ်းထားခဲ့မိသည့် သူ့အဖြစ်က ခုတော့ မစားရ လောက်တက်ဖြစ်နေပါပြီ။

ဒါဆိုရင် . . . သိုင်းက လောက်တစ်ကောင်လား။

"ပြောပါ မောင်၊ မောင်ကျေနပ်တဲ့အထိ မမကို စာနာစိတ် ကင်းမဲ့တဲ့မိန်းမ၊ တစ်ကိုယ်ကောင်းဆန်တဲ့မိန်းမ၊ အတ္တသမား မိန်းမ ယုတ်ကြီးလို့ မောင် ပြောလိုက်စမ်းပါ။ အချစ်ဆိုတာ အော်ဟစ်ဆိုစရာ သီချင်းတစ်ပုဒ်အတွက် နားဝင်ချိုအောင် ကာရံထားတဲ့ နံရံတစ်ချပ် အဖြစ်သာမြင်ခဲ့တဲ့ မိန်းမတစ်ယောက်ဟာ ကိုယ်တိုင်ချစ်တတ်လာပြီ ဆိုတော့ ချည်ချည်တူးတူးမှုးပြီးရောဆိုတဲ့အဖြစ်မျိုးနဲ့ ကိုယ်ချစ်တဲ့သူကို မျက်စိမှိတ်ပြီး မျိုချသိမ်းပိုက်ခဲ့မိတာ မှားသလား။ မမက အချစ်ငတ် နေတဲ့သူပါ။ မောင်က မချစ်တတ်သူမှ မဟုတ်ခဲ့တာ"

"ပြောတော့ ဒေါ်လှယမင်း။ ချစ်တတ်သူကို ပစ်မှတ်အဖြစ် ချိန်ရွယ်ပစ်ခွင်းခဲ့တာကို ပြီးတာတွေ ပြီးပါစေတော့ဆိုတဲ့ စကားတစ် ခွန်းနဲ့ ဖြေသိပ်နိုင်ဖို့က သိပ်မလွယ်လှပေမယ့် နောက်ဖက်ရုံထဲမှာ တော့ လူပျိုဇာတ်စင်ပေါ်မှာ အငိုနဲ့ရုပ်ပြနေရတာက ဇနီးမယားနဲ့ ခရီးသွားနေရတာလေဗျာ"

လှယမင်းမှာ ပြောစရာစကားတွေကတော့ မကုန်သေးပါ။ ဒါပေမဲ့ . . . ခေါင်းက အရမ်းမူးလာသဖြင့် ထိုစကားလုံးတို့ကို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လက်ပြရှာသာ –

“တော်ပါတော့ မောင်ရယ်၊ မမ ဆက်မကြားပါရစေနဲ့တော့။ မောင့်ဆန္ဒနဲ့မောင့်ဘဝကို ကြိုက်သလိုသာ ဆုံးဖြတ်ပါတော့”

“မဟုတ်သေးပါဘူး မေမေ”

အဆင်း နှစ်ဦးနှစ်ဖက် ပြေလည်စေရန် ကြိုးစားဖြေရှင်းပေးချင်ပေမယ့် မေမေက သူမလက်မှ ရှောင်ထွက်သွားလေပြီ။

“မေမေ”

ခေါ်ပေမယ့် လုံးဝလှည့်မကြည့်တော့သော လှယမင်းတစ်ယောက် အပေါ်ထပ်သို့တက်လာတော့ လှေကားထိပ်သို့အရောက်တွင် အရာအားလုံး ချာချာလည်နေကြပြီး . . .။

“အား . . . မူးလိုက်တာ”

“မေမေ”

အဆင်း မေမေ့ကို စိုးရိမ်စွာ အပြေးသွားခဲ့ပေမယ့် နောက်ကျသွားခဲ့ပါပြီ။

“မေမေ”

လှေကားရင်းသို့ ပြုတ်ကျလာသော လှယမင်းမှာ အရုပ်ကြိုးပြတ်ကျသလို ပုံလျက်သာ။

“မေမေ . . . မေမေ”





အဆင်း မိခင်၏ကိုယ်လေးကို ပွေ့ထူလိုက်စဉ် မိခင်၏ ဦးခေါင်းဆီမှ စေးပျစ်သောအရာတို့က အဆင်းလက်မောင်း ရင်ဘတ် ဘို့မှာ စွန်းထင်းသွားလေ၏။

“မေမေ မေမေ မေမေ”

ဘယ်လိုမှ ခေါ်လို့မရတော့။ ဘယ်လိုမှ ထင်မှတ်မထားသည့်မို့ သိုက်တစ်ယောက်မှာတော့ အံ့ဩစွာ ကြက်သေသေကာ ကြောင်ငေးနေမိတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"မေမေ"

"မေမေ"

ယူကျုံးမရစွာ ကုန်းအော်လိုက်သောအသံက ကောင်းကင်ယံထက်ဆီသို့ပင် ပျံ့လွင့်သွားမလား မပြောတတ်။ ဝမ်းနည်းကြေကွဲခြင်းတို့ ကြီးစိုးနေသဖြင့် အာခေါင်ကိုသာ ခြစ်၍ တစ်ဖွဖွခေါ်နေမိ၏။

"မေမေ"

"အဆင်း သတိထားပါဦးဟာ"

သိုင်းသည်လည်း စိတ်မကောင်းပါ။ အဆင်းကိုယ်လေး၏





ကြင်နာစွာ ထွေးပွေ့ထားမိ၏။ သိုင်းရင်ခွင်ထဲမှာ အဆင်းတစ်ယောက် ငိုရှိုက်ရလွန်းလို့ အားအင်တွေကုန်ခမ်းကာ ချည့်နဲ့၍ပင် နေတော့သည်။

"ငါ ငါ ဘယ်လိုဖြေရမလဲ သိုင်းရယ်။ မေမေ သေရတာ သူ့ကြောင့်။ ဦးသိုက်ထက်လင်းကြောင့်။ သူ့ကို ဘယ်တော့မှ ငါ ခွင့်မလွှတ်ဘူး"

"သေတဲ့သူက သေပြီးပြီပဲ အဆင်းရယ်။ အသက်ရှင်နေသေးတဲ့သူပါ ဆက်ပြီး ဒုက္ခရောက်နေပါ့မယ်"

အဆင်း မျက်ရည်တွေကြားမှ မေမေ့ရုပ်ကလပ်ကိုကြည့်နေမိသည်။

သေဲသည်ဟု မထင်ရက်လောက်စရာပါပဲ။ အိပ်စက်အနားယူနေသော ကလေးပျိုလေးလို လှပဖူးစင်နေသော မေမေ့မျက်နှာကို အဆင်းကြည့်လို့မဝ။

မကြာခင် အချိန်ကာလမှာ ခွဲခွာကြရတော့မည်။

ရင်ထဲမှာ –

ဆစ်ခနဲနာကျင်လာသည်နှင့် မေမေ့ကို သူနည်းတူ ကြည့်နေသော လူတစ်ယောက်ကို အံကိုတင်းတင်းကြိတ်၍ ဆတ်ခနဲ မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျေနပ်ပြီမဟုတ်လား ဦးသိုက်ထက်လင်း။ ရှင်ဖြစ် စေချင်သလို ရှင်ဆန္ဒရှိသလို မေမေက သေသွားပြီလေ။ ရှင်ကတော့ ဝမ်းသာချင် သာနေမှာပေါ့။ ကျွန်မအတွက်ကတော့ ကမ္ဘာပျက်သွား တာပဲ။ မေမေ့လို ရှင် ဝဋ်မလည်ပါစေနဲ့"

"မေမေ့လို ရှင် ဝဋ်မလည်ပါစေနဲ့၊ မေမေ့လို ရှင် ဝဋ်မလည် ပါစေနဲ့"

အဆင်းအသံက နားထဲမှာပဲ့တင်ထပ်နေသည်။ မျက်ရည်မ ပွင့်က ပါးပြင်ပေါ်သို့ အခဲမကျေစွာ ခြေဆောင့်သွားလေ၏။ သူမ ပြောစရာစကားလုံးတွေ ပျောက်ဆုံးနေခဲ့ပြီလေ။

မချစ်ခဲ့ပေမယ့် ပစ်ရက်စရာမရှိသော မမရဲ့ရုပ်ကလေး သူ တစ်ဝကြီး ကြည့်နေချင်သည်။ ခွင့်လွှတ်ပါလို့ မတောင်းဆိုတော့ ဘူးလေ။

သူ့အပေါ် အသက်နဲ့ရင်းပြီးချစ်သွားခဲ့သော မမ။

ဘဝဆက်တိုင်းမှာ ဒီအဖြစ်မျိုးနဲ့ မကြုံတွေ့ပါစေနဲ့။ ချစ် ကြည့်ဖို့ သူ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် နှလုံးသားက လက်မခံ ခဲ့တာပါ။

မမရယ် ...

သိုက်ထက်လင်းဆိုတဲ့ မောင့်ဘဝကလည်း အကြင်နာ





မမြင်ကွယ်ရာမှ ချော့မြှူနေရတဲ့ မမလို အရှုံးသမားတစ်ယောက်ပါပဲဗျာ။ အသွားရှိပြီး အပြန်လမ်းပျောက်ခဲ့တဲ့ မမနဲ့မောင်ဟာ ကံတူအကျိုး ပေးတွေလား။

"မေမေ"

"ဟင် ... အဆင်း အဆင်း"

သိုင်းထံမှ ထိတ်ထိတ်ပျာပျာခေါ်သံကို ကြားလိုက်ရသည်။ အဆင်းတစ်ယောက် သိုင်းလက်ထဲမှာ ပျော့ခွေ၍ကျသွားလေတော့ ၏။ သိုင်း အဆင်းကိုပွေ့ချီ၍ သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေ ပြီဆိုလျှင် သူ့ရင်ထဲမှာလည်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

နံရံမှာချိတ်ထားသော ဓာတ်ပုံကြီးကိုကြည့်ရင်း မျက်ဝန်းမှ မျက်ရည်တွေက အဆက်မပြတ်။ ဓာတ်ပုံထဲကနေ ပြုံးပြနေသော မေမေ့အပြုံးက အမုန်းဆေးဖော်သည့် လက်အစုံလို။

သိုက်ထက်လင်းကို နာကြည်းမုန်းတီးဖို့ မေမေ့ပုံကိုကြည့်ပြီး ဟိုလူကြီးကို သတ်ပစ်ချင်စိတ်တွေက တဖွားဖွားပေါ်လာသည်။

တစ်ချိန်က သူ့ကို ချစ်ခဲ့မိသော သူမနှလုံးသားကိုတောင် ဘာကြောင့် ချစ်ခဲ့မိသလဲဟုမေးကာ အကြိမ်ကြိမ် ရိုက်နှက်၍ ဆုံးမ လိုက်ချင်၏။

"အဆင်း သွားကြရအောင်"





တမေးပွဲတွေလည်း ပြီးပြီမို့ ကိုယ့်မွေးရပ်ဌာနေကို ပြန်ရ တော့မည်။ မေမေသေဆုံးပြီးနောက်ပိုင်း အဆင်း အဝ ၁င်နေဖို့ ဆုံးဖြတ်ခဲ့ပေမယ့် ဦးသိုက်ထက်လင်းက လက်မခံခဲ့ပေ။

ကိုယ့်အိမ်ရှိလျက်သားနဲ့ အဆောင်မှာမနေပါနဲ့ဟုဆိုကာ သူ့ပဲ ဘူမှာ ပြောင်းရွှေ့နေပေးခဲ့သည်။ သိုင်းကလည်း အဆင်းကို စိတ်မချနိုင်ဘဲ မေမေ့အိမ်ကို ပြောင်းလာပြီး အဆင်းကို ဂရုစိုက်ပေး ခဲ့သည်လေ။

"နင်မငိုပါနဲ့တော့ အဆင်းရယ်။ နင့်မျက်ရည်တွေကို မြင်ရ ိုင်း ငါ့ရင်ထဲမှာ ဘယ်ရလောက်ပူလောင်နေရလဲ နင်သိရဲ့လား"

"ငါ မေမေ့ကို အရမ်းသနားလို့ပါ သိုင်းရယ်"

"ကိုယ့်ကိုယ်ကိုယ်လည်း သနားဦးမှပေါ့။ နင် အရမ်းပိန် ပြီ။ အစားပျက် အအိပ်ပျက်နဲ့ ... ကြာရင် လုံးပါးပါးနေလိမ့်မယ်။ င့်ကို အရိပ်လိုကြည့်နေရတဲ့ ငါ့ကိုလည်း သနားပါဦး"

အဆင်း မျက်ရည်တွေကို သုတ်လိုက်ပြီး မေမေ့ဓာတ်ပုံကို ြတ်ယူလိုက်သည်။ သိုင်းက အဝတ်အိတ်တွေသယ်ရင်း ရှေ့မှထွက် ွားသဖြင့် အဆင်း နောက်က လိုက်လာခဲ့၏။

"ကိုထွေး ကိုထွေး"

"လာပြီ ... လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အသံနှင့်အတူ ကိုထွေး အပြေးရောက်လာလေ၏။

"ရော့ . . . ဒီမှာ အိမ်သော့။ အဆင်းတို့ပြန်သွားရင် သော့ ပြန်ခေါ်လိုက်ပေါ့။ အဆင်း မေမေ့ဓာတ်ပုံကလွဲရင် ဒီအိမ်က ဘာ တစ်ခုမှ ယူမသွားဘူး။ ကိုထွေးကို နှုတ်ဆက်ခဲ့ပါတယ်"

"ဆရာ့ကို စောင့်ပါဦးလား အဆင်းရဲ့။ ဒီနေ့ သူလာမယ်လို့ ဖုန်းဆက်ထားတယ်"

အဆင်း၏မျက်နှာက တင်းမာသွားလေ၏။ တွေ့ရာမှ မင်း တော့တာ။ ဒီလူကြီးမျက်နှာကိုမြင်ရရင် အဆင်းရင်ထဲက ဒေါသတွေ ကျွမ်း။ သူပုန်ထလာပေဦးမယ်။

"မစောင့်တော့ပါဘူး။ နောက် ဘယ်လိုအကြောင်းနဲ့မှလည်း သူနဲ့ပတ်သက်စရာ မရှိတော့ဘူး။ မေမေမှမရှိတော့တာ သူနဲ့ အဆင်း ဘာမှမတော်တော့ဘူး။ ပတ်သက်စရာလည်း မလိုတော့ဘူးလေ"

"ဒီလိုတော့မပြောပါနဲ့ အဆင်းရာ။ မခေါ်ချင်လို့သာရမယ် မတော်ချင်လို့ကတော့ မရဘူး။ နင်လက်ထပ်ရမယ့်နင့်ချစ်သူက သူ့ တူအရင်းခေါက်ခေါက်လေ။ ပြန်စဉ်းစားဦး"

ချစ်သူမျက်နှာ မြင်ကန်သာပမာ ကြည်လင်လာစေဖို့ ညစ်ညူး နေသောစိတ်တို့ကို မြှုပ်နှံဖုံးဖိ၍ သိုင်း ရယ်စရာဖောက်လိုက်သည် အဆင်းဆီမှ ပထမဦးဆုံး တုံ့ပြန်လာသည်က မျက်စောင်း။





"ဟုတ်ပါတယ် နင့်ကို ချစ်မိတာကိုက ဒီအကုသိုလ်တုံးရဲ့ ဇာတ်ကွင်းထဲက ပြေးမလွတ်တာ။ အတတ်နိုင်ဆုံးတော့ ဝေ ့ းလျက်နဲ့ ဘာရမှာပဲ၊ မမြင်ရရင်ပြီးရော"

"ဘာလဲ . . . ငါ သွားသတ်ပေးရမှာလား"

"သိုင်းနော် . . . သူ့ကိုသတ်ရင် နင်ထောင်ကျမှာပေါ့။ သူ သေတာက အရေးမကြီးဘူး"

"ဘာက အရေးကြီးတာလဲ"

"ကြည့် . . . သိလျက်သားနဲ့ မေးပြန်ပြီ"

"မသိလို့မေးတာပေါ့ ပြောပါဦး"

အဆင်းက ဆိုးဆိုးဆတ်ဆတ်နှင့် သိုင်းဘေးသို့ လျှောက် သွားပြီး သိုင်းမျက်နှာကို သေသေချာချာကြည့်လျက် –

"ချစ်လို့ . . . ချစ်လို့၊ နင့်ကို အရမ်းချစ်လို့။ ထောင်ကျရင် ဝေးသွားမှာစိုးလို့။ အဆုံးရှုံးမခံနိုင်လို့။ ခွဲရမှာကြောက်လို့ . . . ကဲ သိပြီလား"

သိုင်းက အားပါးတရရယ်ကာ . . .

"ဟာ . . . မိုးပေါ်ခြောက်သွားတော့မှာပဲ။ နင့်ကို ကျောပိုး ခေါ်ရမလား။ ကိုရီးယားတွေလို"

"လာနောက်မနေနဲ့ သွား"



www.burmeseclassic.com

www.burmeseclassic.com



အဆင်းက ထုလေသဖြင့် သိုင်း အဝတ်အိတ်ကြီးတွေ ကိုး ကားရားနှင့် ပြေးလေတော့ အဆင်းကပါ ပြေးလိုက်သွားလေ၏။

"ကိုထွေးရေ ... သွားပြီဗျို့"

သိုင်းက နောက်ပြန်လက်ပြ၍ ကိုထွေးကိုနှုတ်ဆက်က ငှားထားသော တက္ကစီဆီသို့ ဦးတည်ပြေးလေ၏။ သူတို့၏ကားလေး ထွက်သွားသည်နှင့်။

"မောင်ထွေး"

"ဗျာ ... ဆရာ"

"ရော့ ... အမြည်းသွားဝယ်ချေ"

"ဟို ... ဆရာ"

"လျှာမရှည်နဲ့။ သွားဆိုသွား"

"ဟုတ် ... ဟုတ်ကဲ့"

မောင်ထွေးက သူ့ကို အရက်မသောက်ရန် တားချင်ပုံပေ သည်။ ဒါပေမဲ့ သူ့ကိုမလွန်ဆန်ရဲရှာဘဲ သူထုတ်ပေးသည့်ပိုက်ဆံ ယူ၍ ထွက်သွားလေသည်။ သိုက် ထိုင်ချလိုက်ပြီး နံရံကိုမှီကာ အသင့် ပါလာသော အရက်ပုလင်းကို ဖွင့်၍ မော့ချလိုက်၏။

"အား"

လည်ချောင်းထဲသို့ ပူဆင်းသွားလေသည်။ ရင်ထဲကနေ





သားကတော့ အရည်ပျော်နေပြီလား မပြောတတ်တော့။ သိုက် ညက အည်းက ဒီအိမ်ကိုရောက်နေခဲ့တာ။ သူတို့ မသိစေချင်၍ မောင်ထွေး ကို နှုတ်ပိတ်ပြီး မောင်ထွေးနဲ့အတူ အိပ်ခဲ့တာလေ။ သူတို့ထွက်လာ တော့ သိုက် နံရံမှာကွယ်နေခဲ့တာ။

သူတို့ပြောသမျှအားလုံးကို ကြားနေရသည်သာ။ လေးငယ် ကို သတ်ဖြတ်ချင်လောက်အောင် မုန်းနေသတဲ့လား ကလေးရယ်။ သိုင်းကိုတော့ အသည်းနင့်အောင် ချစ်နေသတဲ့လား။

"ဒီပိတောက်ခက်ကလေးက အရမ်းလှတာပဲ"

"ပန်တဲ့လူကရော"

"ပန်တဲ့လူက ပိုလှတာယ်လေ"

"တကယ်တော့ အဆင်းက လေးငယ်ကိုယ်တိုင် ချူးပေးတဲ့ ီတောက်ပန်းကိုပဲ လိုချင်တာ"

"လေးငယ်မှ မတတ်နိုင်ပဲ ကလေးရဲ့"

"လေးငယ်"

"ဟင်"

"ဒီမှာကြည့် ဒီပိတောက်ပန်းလေးတွေ။ ဟောဒီအဝါရောင် လေးတွေပျောက်ပြီး အနီစစ်စစ်ဖြစ်သွားရင်လေ အဆင်း အဲဒီအခါ ကျ လေးငယ်ကို မုန်းပစ်မယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



“တကယ်”

“အင်း . . . တကယ်ပေါ့ ဒီပိတောက်ပန်းတွေ အခု နီကြည် ပါလား”

“အခု မုန်းမယ်ပေါ့”

သိုက်ထက်လင်း မျက်လုံးကို မှိတ်ချပစ်လိုက်မိတော့သည်။ မျက်ခွံကြားမှာ အတိတ်ကပုံရိပ်တွေက ထုတ်ဆီးထိုးတမ်းကစားနေကြ ၏။ တစ်ချိန်ကဆိုခဲ့ဖူးသော စကားသံတွေ၊ ကြည်နူးဖွယ်ရာ ချစ်စ စကားသံတွေ။

ခုတော့ –

ပိတောက်တွေ အရောင်မပြောင်းပါဘဲ မင်းရဲ့အသွင်က ပြောင်းလဲသွားပြီပေါ့ အဆင်းရယ်။ ဟိုအရင်က မင်းချစ်လှပါချည်ရဲ့ ဆိုတဲ့သူက အခု အမုန်းဆုံးလူ၊ ကြည့်မရနိုင်ခဲ့သောသူက အချစ်ဆုံး သူဖြစ်လာခဲ့သတဲ့။ အရာရာဟာ ဒီလောက် အပြောင်းအလဲမြန်လှချည်

❄ မြင်းရုပ်သဏ္ဍာန်
ဖွဲ့နေဟန်မှ
မြန်ဆန်ကူးပြောင်း
ဆင်နှာမောင်းနှယ်
ကောင်းကင်ယံမြင့်တလွင့်လွင့်။





❄ ဝါဂွမ်းစိုင်မျှ
ဖြူစင်လှစွာ
တ,ကာစွဲချစ်
တစ်မိနစ်တွင်း
ချက်ချင်းညှိုရောင်သန်းကာမှောင်။

❄ သိမ်သိမ်သည်းသည်း
တစ်စုတည်းလည်း
ကြည့်ပြီးမဝ
တစ်ခဏဆီ
တစစလွင့်ပါး
တိမ်မျှင်ဖွားလွင့်
လေကစားရာ စုန်ဆင်းကာ။

❄ တိမ်ခိုမင်သူ
မြေသားလူတော့
မှုတန်တွေပြား
တိမ်လုပ်ရှားကို
ခံစားဘယ်လို နားလည်ရ ... ။ တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့်နောင်ရဲ့ တိမ်ကြည်သူဆိုတဲ့ ဒီကဗျာလေးကို မင်းရဲ့ ပြောင်းလဲမှု တိမ်စိုင်တွေကြားမှာ ငါတော့ ဘီလူးကြီးဖြစ်ရတော့မယ် ထင်ပါရဲ့။

အိပ်မက်ဝတ်ရုံကို လျှော်ဖွပ်ချိန်မရသည့် သူ့ဘဝ အတိတ်ဆိုးကြီးကြောင့် လက္ခဏာလိုလည်း အနစ်နာခံသူရယ်လို့ လက်ခုပ်ဩဘာမပေး။ ဒသလိုလည်း အချစ်ရှုံးသမားရယ်လို့ သနားမယ့်သူ မရှိ။

နောက်ဆုံးတော့ ပရိသတ်ခဲပေါက်ခံရမယ့် လူကြမ်းနေရာကို သူ ဝင်ကရတော့မှာလား။

❋ ❋ ❋



## အခန်း (၂၃)

"ရက်စက်လိုက်တာ မြေးရယ်။ ခုတော့ အဘွား သမီးမျက်နှာကို နောက်ဆုံးအကြိမ်တောင် မြင်ခွင့်မရတော့ဘူးပေါ့ . . . ဟီး ဟီး ဟီး"

"မေမေကလည်း ကလေးကို စိတ်မကောင်းဖြစ်အောင် လုပ်ပါနဲ့။ သေတဲ့လူက သေပြီးပြီပဲဟာ"

မေမေဆုံးသွားပြီဆိုတာနှင့် အဘွားက တအီအီနှင့်ငိုလေတော့သည်။ အန်တီလေးကတော့ အဆင်းကို မပြောရက်။ အပြင်ထောင်ရက်သလို အပြစ်တင်နေသောအဘွားကိုပင် နှစ်သိမ့်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွား အပြစ်တင်တာ သဘာဝကျပါတယ်။ လူမှုရေး ရှုပ်ထွေးနေတဲ့ မေမေ့ရဲ့ရှာပနကို အဘွားနဲ့အန်တီလေးရှိနေရင် အဆင် ပေါက်ကွဲသင့်သလောက် ပေါက်ကွဲခွင့်မရမှာစိုးလို့ အကြောင်းမကြား ခဲ့တာ"

"အဆင်း"

မပြောစေလိုသောဆန္ဒနှင့် သိုင်းက အဆင်းလက်ဖဝါးကို ဖိဆုပ်လိုက်သည်။ အဆင်း သိုင်းမျက်နှာကို တစ်ချက်ကြည့်ပြီး နှုတ် ခမ်းကို တင်းတင်းစေ့ကာ သိုင်းလက်ကို ဖယ်ချလိုက်၏။

"နင့်လေးလေးမို့ အပြစ်ကို ဖုံးကွယ်ချင်တာလား သိုင်း ငါကတော့ ဘွားဘွားနဲ့ အန်တီလေးသိအောင် ပြောပြရမှ ကျေနပ် မယ်။ ဒါမှ အမုန်းစက်တွေ ပြန့်ပွားလို့ရမှာ"

"ငါ လေးငယ်ရဲ့အပြစ်ကို ဖုံးကွယ်ပေးတာ မဟုတ်ဘူး အဆင်း။ ငါ့ဆန္ဒကတော့ အပျော်ကိုသာ ဖြန့်ဝေပေးချင်ပေးမယ် သောကကိုတော့ သူတစ်ပါးကို မကူးစက်စေချင်ဘူး။ ဒါကြောင့် နင့်ရဲ့ အာဃာတတွေကို ထုပ်သိမ်းထားစေချင်တာပါ"

"လေးငယ်ဆိုတာ ဘယ်သူ့ကိုပြောတာလဲ ကလေး"

သူတို့နှစ်ဦးကြားမှာ နားမလည်သလို မေးလာသူက ဘွား မင်းပင်။ မမဖြစ်သူ သေဆုံးခဲ့တာနှင့် သူတို့ပြောတဲ့ လေးငယ်ဆိုတာ





ဘယ်လိုပတ်သက်နေသလဲ။

"ဘယ်သူရမှာလဲ အန်တီလေးရဲ့ သိုက်ထက်လင်းဆိုတဲ့ လူယုတ်မာပေါ့။ သူက သိုင်းရဲ့ဦးလေးအရင်းလေ"

"ဟင်"

မယုံနိုင်သော မျက်ဝန်းအစုံနှင့် သိုင်းကိုကြည့်လိုက်တော့ သိုင်း ခေါင်းငုံ့သွားလေ၏။ ကိုယ်က အပြစ်ရှိသူမဟုတ်ပေမယ့် ငါးခုံမ ဘေးက ပုစွန်ဆိတ်မို့ အားလုံးကို အားနာမျက်နှာပူရလေ၏။

"ဟုတ်ပါတယ် အန်တီလေး။ လေးငယ်က မေမေ့ရဲ့မောင် အငယ်ဆုံးပါ"

"ဒါနဲ့ သူက ဘာဖြစ်လို့ လူယုတ်မာဖြစ်သွားရတာတုံး"

ခုတစ်ခါ မေးလိုက်သူက ဘွားဘွားပင်။

"သူက မေမေ့ကိုမချစ်ဘဲ လက်ထပ်ခဲ့တာလေ ဘွားဘွား ရဲ့။ အိမ်ထောင်ရေးအဆင်မပြေတော့ မေမေ စိတ်ဆင်းရဲရပြီပေါ့။ ဘွားဘွားလည်း သိသားပဲ။ မေမေက သွေးတိုးရှိတာကို"

ပြောပြီး အဆင်းက မျက်ရည်ကျလေသည်။ အားလုံး ခေတ္တ မျှ ငြိမ်သက်သွားပြီးနောက် –

"ပြီးတာတွေလည်း ပြီးပါစေတော့ မြေးရယ်။ လင်ညီမှုးက သေနတ်မောင်းကို ဖြုတ်ချခဲ့လို့ လူသတ်တဲ့လူယုတ်မာဖြစ်ခဲ့ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လက်မက ဘုရားရှိခိုးတိုင်း ရေ့ဆုံးမှာနေတဲ့ သူတော်ကောင်းပဲလေ၊ သိုင်းအနေခက်အောင် ဒီအကြောင်းတွေ မပြောပါနဲ့တော့ကွယ်''

သမီးတစ်ယောက်လုံး အစ်မတစ်ယောက်လုံး ဆုံးရှုံးခဲ့တာကို အေးဆေးဆေးဆေး တရားနှင့်ဖြေနိုင်သော ဘွားဘွားနှင့်အန်တီလေးမှာ အပြစ်မရှိဘူးထင်ပါရဲ့။

အဆင်း မှတ်မိသလောက်တော့ မေမေက ဘွားဘွား အန်တီလေးတို့နှင့် တစ်ခါမှ ရင်းနှီးနွေးထွေးစွာ နေခဲ့တာမရှိ။ ဘွားဘွား ပြောပြခဲ့ဖူးတာတော့ –

အိမ်ထောင်ကျလို့ ခင်ပွန်းနောက်ကိုလိုက်သွားပြီဆိုကတည်းက အိမ်ကို တစ်ခေါက်မှ မပြန်ဘူးတဲ့။ အဆင်းကို မွေးပြီးပြန်တော့လည်း –

''ငါ့မြေးကို ငါခေါ်ထားရမယ်။ ညည်းက ကျုပ်တို့ကို လမ်းဖြတ်ထားပေမယ့် ငါ့မြေးကိုတော့ ငါ့မျက်စိအောက်မှာပဲ ထားချင်တယ်။ ညည်းနဲ့နေရင် ကျုပ်မြေးလေး ညည်းလိုပဲ ဆွေမှန်းမသိ မျိုးမှန်းမသိ အသည်းတွေ မာကျောနေမယ်''

လို့ဆိုတော့ အဆင်းကို လွှယ်လွှယ်ပဲ အဘွားလက်ထဲကို ထည့်ပေးလိုက်သည်တဲ့။ အဆင်း လူလားမြောက်လာသည်အထိ အဆင်းတို့နေတဲ့ မြို့လေးကို ဖေဖေကသာ တစ်နှစ်ကို တစ်ခေါက်





နှစ်ခေါက် ဆင်းလာတာ။ မေမေက အိမ်ထောင်ကျပြီးကတည်းက လုံးဝမလာတော့တာတဲ့။

ဘွားဘွား၊ အန်တီလေးနှင့် အဆင်းတို့ ရန်ကုန်ကိုသွားရင်လည်း ဖေဖေကသာ ဂရုစိုက်ပြီး လိုလေသေးမရှိ လုပ်ပေးခဲ့တာ။ မေမေကတော့ ပျူငှာစွာဆက်ဆံခဲ့သည် မရှိ။ ဒါကြောင့် မာနတွေ ပြိုင်ကြရင်း –

''ကလေး''

''ရှင်''

''စိတ်ဆင်းရဲစရာတွေ တွေးမနေပါနဲ့တော့။ ကိုယ့်ဘဝ ရှေ့ရေးကို ဘယ်လိုပျော်အောင် ဖန်တီးမလဲဆိုတာပဲ စဉ်းစား။ ဟုတ်ပြီလား''

''ဟုတ်''

အဆင်း မတတ်သာတော့။ အနာဂတ်မှာ ဖြောင့်ဖြူးသော သမ်းကိုလျှောက်လှမ်းနိုင်ဖို့အတွက် အတိတ်ဆိုတဲ့ လမ်းပိတ်နေတဲ့ သစ်တုံးကို ဖယ်ရှားပစ်ရမည်။

''အန်တီလေး''

''ပြောလေ သိုင်း''

''ကျွန်တော်တို့ ကျောင်းပြီးပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့"

သိုင်းက ပြုံးစစနှင့် အဆင်းကိုလှမ်းကြည့်ကာ –

"တန်ခူးလဆိုရင် အချိန်မီပါသေးတယ်နော်"

အန်တီလေးက သဘောမပေါက်သေးပေမယ့် အဆင်းက အထာကိုသိကာ –

"ဟင်း ... အရေးထဲ ခွေးအမဲရိုးတောင်းသလိုပဲ"

ခပ်တိုးတိုးဆိုလိုက်ပေမယ့် –

"ဟဲ့ ... အဲဒီလိုမပြောရဘူးလေ မြေးရဲ့၊ ယောက်ျားလေးဆိုတာ ကိုယ့်ထက်ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ဘုန်းကံမြင့်တယ်လေကွယ်။ ဘာလို့ ခွေးနဲ့နှိုင်းရတာလဲ"

"ဘွားဘွားပြောတာ မှန်တယ်"

သိုင်းက ထောက်ခံတော့ အဆင်းက မျက်စောင်းထိုးလေ၏။

"လင်ကိုဘုရား၊ သားကိုသခင်တဲ့။ နောက်ကို မရှိမသေ မဆက်ဆံနဲ့ ကြားလား"

"အို ... ဘွားဘွားကလဲ၊ သူနဲ့သမီးက ဘာမှမဟုတ်သေးတဲ့ဟာကို"

"ခုမဟုတ်လည်း နောက်ဟုတ်တော့မှာလေ။ စရန်တစ်ဝက်





သတ်ထားပြီးသား။ ဟုတ်တယ်နော် အဘွား"

အဘွားက ခေါင်းညိတ်ပြလျက် –

"ဒါပေါ့၊ အစကတည်းက လူကြီးချင်းပြောထားပြီးသား။ ကျောင်းပြီးတာနဲ့ လက်ထပ်ပေးမယ်လို့"

"တွေ့လား၊ နင် ဘာပဲပြောပြော အဘွားက ငါ့ဘက်မှာ ပြီးသား။ အဲဒါကြောင့် အဘွားကိုချစ်တာ"

"ရုပ်ကိုက အချိုးမပြေဘူး"

စိတ်ညစ်မှုတွေရှိနေခဲ့ပေမယ့် ဒီလို ကြည်နူးစရာအချိန်ကလေးတွေကလည်း ရှိပါသေးသည်။

အဆင်းသိတာပေါ့။ အဆင်း အလိုမကျမှုတွေရှိလာတာနှင့် သိုင်းက သူမ စိတ်ပြေအောင် ရယ်စရာ တွေ ပြောဆိုစနောက်ပေးခဲ့သည်။

အလိုက်သိစွာ ချစ်တတ်ခဲ့သော သိုင်းကို အရင်က အနိုင်ကျင့်ခဲ့တာတွေအတွက် တစ်ခါတလေ အဆင်း မျက်နှာပူ အားနာမိပြန်သည်လေ။

"ကဲ ... သိုင်း အိမ်ကလူကြီးတွေ မျှော်နေရော့မယ်၊ ပြန်သင့်ပြီ"

"ဟာ ... ဗျာ၊ အန်တီလေးကလည်း နှင်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်"

"ဩော် ... မိဘချင်း ကိုယ်ချင်းစာလို့ပါကွယ်။ ကားဆိုက်ပြီး လူမဆိုက်သေးတော့ တွေ့ချင်လှရောပေါ့"

"အဆင်း ပြောပါတယ်၊ သူ့ကို ဒီမှာ ဆင်းမကျန်ခဲ့နဲ့လို့"

သိုင်း အလိုမကျသလို လက်သီးဆုပ်၍ အဆင်းကို ထောင်ပြ လိုက်သည်။

သိုင်းတို့အိမ်က အဝေးပြေးကားကိုစီးလာခဲ့တာပဲ အိမ်ရောက်တာနဲ့ ဒရိုင်ဘာက သိုင်းပြန်လာပြီဆိုတာ ပြောပြီးရော့မည်။

အဆင်းအိမ်မှာ ကျန်ခဲ့တယ်ဆိုမှတော့ သူ့မိဘတွေက ဘာ ပြောမှာမို့လို့လဲ။ သူတို့လည်း ငယ်ရာကနေ ကြီးလာကြတာ ကိုယ်ချင်းစာမှာပေါ့။

"ကဲ ... သိုင်း"

"မနှင်ပါနဲ့။ ပြန်မှာပါ၊ တကတဲ လူကိုမကောင်းဆိုးဝါး နှင်နည်း နှင်နေတာပဲ"

ပြောရင်းမှ သိုင်းက ထရပ်လိုက်သည်။ အဆင်းက သူ့ကိုမေ ကြည့်ရင်း ရယ်ကာ –

"ညနေ ဆိုင်ကယ်လျှောက်စီးမယ်လေ"

"မစီးဘူး"





"နေပေါ့"

"အဘွားနဲ့အန်တီလေး ကျွန်တော် ပြန်မယ်"

"အေး အေး ... ကောင်းပြီသား"

သိုင်း ထပြန်သွားပြီး အိမ်တံခါးဝသို့ရောက်မှ ပြန်လှည့်ကြည့်တာ –

"အဆင်း"

အဆင်း မော့ကြည့်တော့ သူက လက်ပြကာ –

"ညနေ လာခေါ်မယ်"

"အိုကေ"

အဆင်းက ပြန်၍လက်ပြတော့ အန်တီလေးက အဆင်း ဘက်ကို လှမ်းကိုင်၍–

"ပိုမနေနဲ့၊ ကျုပ်တို့က မိန်းကလေးရှင်။ မိဘတွေကို အား ည်း။ တကတဲ အဖြစ်သည်းနေလိုက်တာ"

"အန်တီလေးကလဲ"

အန်တီလေးစကားကို ကြားသွားသည်ထင်၏။ သိုင်းက ၍ လှည့်ထွက်သွားလေတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

လက်ဖက်ရည်ဆိုင်ရှေ့တွင် ဆိုင်ကယ်ထိုးရပ်လိုက်သည်။ လက်ဖက်ရည်ဆိုင်ထဲမှ လူတွေ၏အကြည့်က သူတို့နှစ်ဦးထံမှာ၊

"အဆင်း ... နှင် ဘာသောက်မလဲ"

"နှင်ကြိုက်တာမှာလေ"

"ငါက နှင့်ကို ဦးစားပေးတာကို"

"ဒါဆို လက်ဖက်ရည်ရှယ်ပဲသောက်မယ်။ မုန့်ကိုတော့ ဆာတို့၊ အီကြာကွေးတို့ မမှာနဲ့ မကြိုက်ဘူး"

"ဘာစားမှာလဲ"

"ကျောက်ကျောဖြစ်ဖြစ် ပူတင်းဖြစ်ဖြစ်"





လက်ဖက်ရည်ရှယ်နှစ်ခွက်နှင့် ပူတင်းကို သိုင်းက လှမ်းမှာလိုက်သည်။

ညနေဆည်းဆာ၏ ထိပ်ခေါင် တိမ်ပလ္လာရောင်က ရွှေအဆင်းဆိုတဲ့ ယမင်းရုပ်ကလေးကို ရွှေသုတ်၍ လိမ်းကျံပေးသည့်နှယ်။

လူအများက ဆိုတတ်ကြသည်။ အကျည်းတန်တွေ လှတဲ့အချိန်တဲ့။ လှပြီးသား သူမအဖို့ကတော့ –

"သိုင်းတို့စုံတွဲကတော့လေ မြင်ရတဲ့သူ စိတ်ကိုကြည်နူးနေတာပဲ။ တစ်ခေါက်ပြန်လာရင် တစ်ခါပိုပြီးချောလာကြတာပဲ"

သိုင်းကရယ်လျက် –

"မမြှောက်နဲ့ အစ်မရေ၊ ကျွန်တော်က ပုံမှန်ပဲ။ ဒီကောင်မလေးက အမြှောက်ကြိုက်တယ်ဗျ"

"အောင်မာ ပြေးကာပဲ ပြီရတယ်ရှိသေး"

သူတို့နှစ်ဦး၏ အပြောလေးတွေကြောင့် ဘေးဝိုင်းက လူများပင် ပြုံးစိစိ ဖြစ်ကုန်ကြလေ၏။

"နှင် ဘယ်သွားချင်လဲ"

"တာဆုံ သွားရအောင်လေ"

"ဒါဆို မြန်မြန်သောက်၊ မြန်မြန်စား"



www.burmeseclassic.com

www.burmeseclassic.com



"လည်ချောင်းနင်အောင် လုပ်ပြန်ပြီ"

သိုင်းက ဘာမှမပြောတော့ဘဲ ရယ်နေသည်။ အပြုံးမင်းသားဟု ဆိုရလောက်အောင် သိုင်းမျက်နှာက ညှိုးသည်ဟူ၍ သိပ်မရှိလှပေ။

စားသောက်ပြီးကြသည်နှင့် တာဆုံဘက်သို့ ထွက်ခဲ့ကြလေ၏။

"ဟာ . . . ကျိုင်ပဲ"

"ဘာဖြစ်တာလဲ သိုင်းရဲ့"

ရိပ်သာရှေ့မှာ ဆိုင်ကယ်ကို ရပ်လိုက်ရင်း သိုင်းက ညည်းညူလေ၏။

"နင် မမြင်ဘူးလား။ ရိပ်သာက အရင်နဲ့မှ မတူတော့တာ"

အဆင်းက ရိပ်သာကို လှမ်းကြည့်ပြီး မျက်မှောင်ကြုတ်လျက် . . .

"အရင်အတိုင်းပါပဲ၊ ဘာထူးခြားလို့လဲ"

"နင်ကလည်း ထူလိုက်တာ။ ရိပ်သာက မပြောင်းလဲပေမယ့် ဘေးမှာပြောင်းလဲနေတာ မတွေ့ဘူးလား။ ဘယ်က ရာဇဂြိုဟ်တွေလည်း မသိဘူး"

အဆင်း ခုမှပင် သဘောပေါက်စွာ ပြုံးလိုက်မိ၏။





ရိပ်သာဘေးမှာ ကပ်ဆောက်ထားသော ကွမ်းယာနှင့် မုန့်မျိုးစုံဆိုင်လေးကို ကြည့်ပြီး သိုင်း စိတ်ပျက်သွားပုံရသည်။

ဟိုတုန်းက . . .

ဒီနေရာလေးမှာ ဘာမှမရှိ လူဆက်ပြတ်ပြီး တိတ်ဆိတ်နေခဲ့တာလေ။

"ဘာဖြစ်လဲ၊ ဒီလိုစည်ကားလာတာ ပိုတောင်ကောင်းသေးတယ်"

"မလွတ်လပ်တော့ဘူးပေါ့ဟ၊ လူတွေနဲ့လေ"

"နင်က လူမရှိတဲ့နေရာမှာ နေချင်တာလား။ ဒါဆိုရင် သချိုင်းကုန်းကိုပဲသွား"

"ဖွဟဲ့ လွဲပါစေ ပယ်ပါစေ။ ဘာတွေလျှောက်ပြောနေတာလဲ"

မျက်စိပျက် မျက်နှာပျက် သိုင်းစကားကြောင့် အဆင်းက တခစ်ခစ် ရယ်လေသည်။

"သေမှာတော့ ကြောက်လိုက်တာ"

"ကြောက်တာပေါ့၊ မိန်းမမှ မယူရသေးတာ။ သားသမီးတွေ ဘာတွေရပြီး ဖေဖေလို့ခေါ်သံလေးတော့ ကြားချင်သေးတာပေါ့။ နင်ရော မေမေလို့ အခေါ်မခံချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အနားကပ်၍မေးတာကြောင့် အဆင်း ရှက်ပြီး အော်လေတော့၏။

"သိုင်းနော် ... ဘာတွေလျှောက်မေးနေတာလဲ။ အခေါ်မခံချင်ပါဘူး"

"ရှူး"

သိုင်းက လက်ညှိုးနှုတ်ခမ်းပေါ်တင်၍ တိုးတိုးဟု သတိပေးကာ ကွမ်းယာနှင့်မုန့်မျိုးစုံဆိုင်လေးကို လက်ညှိုးထိုးပြလေသည်၊ ထိုဆိုင်လေးမှ လင်မယားဖြစ်ဟန်တူသော နှစ်ယောက်က သူတို့ကို ငေးကြည့်နေ၏။

"ရောက်တုန်းရောက်ခိုက် သွားအားပေးရအောင်။ နင် နေကြာစေ့ဝါးမလား"

"မသိဘူး"

အဆင်း လက်ကိုဆွဲလျက် သိုင်း မုန့်ဆိုင်လေးဆီသို့ လျှောက်လာခဲ့သည်။

"ဘာယူမလဲ ညီလေး။ ကွမ်းယာ ဆေးလိပ်နဲ့ မုန့်မျိုးစုံတယ်။ လာထိုင်ပါဦး"

ဆိုင်ရှင်က ဖော်ရွေစွာ ကြိုဆိုလေ၏။

"မထိုင်တော့ဘူး အစ်ကို။ ကျွန်တော်တို့က ဒီဘက်က





လေညင်းခံ ထွက်လာကြတာဗျ"

ဆိုင်ရှင်က ပြုံးလျက် –

"သြော် ... ပေါက်ပြီ။ အစ်ကိုပေါက်ပြီ၊ ချစ်သူတွေ မဟုတ်ဘူး"

"ဟုတ်ကဲ့၊ မကြာခင် လက်ထပ်ကြတော့မှာပါ"

"ရှင်ကလည်း စပ်စုနေပြန်ပြီ"

"သြော် ... မိန်းမရယ်၊ ဒါက ဝါသနာလေကွာ"

သူတို့စကားပြောနေစဉ် အဆင်းက မုန့်ထုပ်တွေထဲမှ မင်းသမီး မင်းသားပုံလေးတွေ လျှောက်ကြည့်နေ၏။

"ဒါနဲ့ မောင်လေးတို့က ဘယ်ကလဲကွဲ့"

"ကျွန်တော်တို့ ဒီမြို့ထဲကပါ"

"အထဲကို အေးအေးဆေးဆေး ဝင်ထိုင်ကြပါလား။ ရေနွေးသောက်ရင်းလေ"

အဆင်းကို လှည့်ကြည့်တော့ အားနာသလို ခေါင်းညိတ်ပြလေသည်။ ဆိုင်လေးထဲသို့ ဝင်ထိုင်ကြတော့ ဆိုင်ရှင်က ရေနွေးကြမ်းခပ်ပြီး ဂျင်းသုပ်တွေသုပ်၍ ချပေးလေ၏။

"အစ်ကိုတို့လင်မယားက ဟိုဘက်ရွာကနေ ပြောင်းလာကြတာကွ။ လူကြီးတွေ သဘောမတူကြတော့ မသင့်မြတ်မှာစိုးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ယ်မိဘအိမ်မှ မနေဘဲ ဒီမှာလာပြီး ဒီဆိုင်လေးကို ဖွင့်ထားတာ

"ရောင်းရတာ အဆင်ပြေရဲ့လား အစ်ကို"

"ပြေပါတယ်၊ အဲဒီလမ်းက လမ်းဆုံဆိုတော့ ကားသ တွေရော ခရီးသည်တွေပါ ဝယ်စားကြတာလေ။ ဇော်ပိုင်ဆိုတဲ့ သီချ လမ်းဆုံလောက်တော့ မပေါက်ဘူးပေါ့ကွာ"

"အစ်ကိုက ပျော်တတ်ပုံရတယ်နော်"

သိုင်း ဆိုင်ရှင်ကို မြင်မြင်ချင်းပင် ခင်မင်သွားမိလေ ဖော်ရွေသော ဆက်ဆံရေး၊ ပြေပြစ်သော စကားတို့ကြောင့် ထ ၏။

တစ်ယောက်နှင့်တစ်ယောက် နာမည်တွေမေးကြရင်း ထို မယား၏ နာမည်များမှာ ကိုမင်းလတ်နှင့် မဝင်းသီတာဆိုတာကို သ လေ၏။

သူတို့ကွမ်းယာနှင့် မုန့်ဝယ်တာကို တစ်ထောင်တန်ထုတ် တော့ သူတို့က ငြင်းလေသည်။

"မယူပါဘူး ညီလေးရာ။ အစ်ကိုတို့က မင်းတို့နှစ်ယော မြင်မြင်ချင်းကို ခင်သွားတာ။ မိတ်ဖြစ်ဆွေဖြစ်ယူသွားပါ"

"မဟုတ်တာ အစ်ကိုရယ်။ အစ်ကိုတို့က မရှိလို့မှ ဒီလို လေး ဖွင့်ထားရတာကို။ အဆင်းတို့ကို ခင်ရင် ယူပါနော်"



"ဟုတ်တယ် အစ်ကို။ အစ်ကို ဒီပိုက်ဆံကို မယူဘူးဆိုရင် ကျွန်တော်တို့လည်း နောက် ဒီကိုမလာတော့ဘူး"

"ကဲ ကိုမင်းရေ ... ယူသာထားလိုက်တော့။ မဟုတ်ရင် မလာပဲ နေဦးမယ်။ သူတို့ကို နောက်မကြာမကြာ လာဖို့သာ ကတိ တောင်း"

ကိုမင်းလတ်က ပိုက်ဆံကို ယူလိုက်ပြီး –

"မင်းအစ်မပြောတာ ကြားတယ် မှတ်လား"

နှစ်ယောက်စလုံး ခေါင်းညိတ်ပြလျက် –

"စိတ်ချ ... နောက်မှလာလွန်းလို့ နှုတ်ခမ်းမဆူနဲ့"

"ဒါတော့ ... အာမ,မခံနိုင်ဘူး ညီလေးရ"

"ဘာဖြစ်လို့လဲ"

"အစ်ကို့မိန်းမက နဂိုကတည်းက နှုတ်ခမ်းက ခပ်စူစူကွ။ ပင်ကိုစတိုင်လ်လေ ... ဟဲ ဟဲ"

မဝင်းသီတာ၏မျက်စောင်းက ကိုမင်းလတ်ဆီသို့ ဒိုင်းခနဲ ရောက်လာလေသည်။

သိုင်းရော အဆင်းပါ ရယ်မိကြလေ၏။ စောစောက ကိုနိုင်ပဲ လို့ပြောတဲ့ သိုင်းတစ်ယောက် ခုတော့ သဘောတွေ ကျနေသည်။

"သိုင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ခုနက ကျိုင်ပဲဆို"

"အဟဲ . . . စောစောက ပြောတာလေ၊ ခု မဟုတ်ဘူး"

"တော်တော်အပြောင်းအလဲမြန်တဲ့လူပဲ"

"အ"

တိုးတိုးဆိုရင်း သိုင်းပေါင်ကို လိမ်ဆွဲလိုက်သဖြင့် ကျောကော့သွားလေ၏။

"ဘာဖြစ်တာလဲ ညီလေး"

"ဩော် . . . ဟို ပုရွက် ပုရွက်ဆိတ်ကိုက်လို့ . . . ဟဲ ဟဲ"

"ဟုတ်လိမ့်မယ်။ နေ့ခင်းက ခရီးသည်တစ်ယောက်ရဲ့ ကလေး မုန့်ဝယ်စားပြီး အစအနတွေကျန်ခဲ့တာ။ သိတော့ကို သိမ်းနိုင်းတာ မသိမ်းဘူး ထင်တယ်။ အချိုရှိလို့ ပုရွက်ဆိတ်ကိုက်တာ ဖြစ် မယ်"

ကိုမင်းလတ်က တကယ်ထင်ပြီး မိန်းမကို ပွစိပွစိလုပ်လေ၏။ အဆင်းကတော့ ရယ်လျက် –

"ပြန်ကြရအောင်"

"အင်း . . . အစ်ကိုရေ . . . ကျွန်တော်တို့ ပြန်ဦးမယ်ဗျာ။ နေဝင်ရင် လူကြီးတွေ စိတ်ပူမှာစိုးလို့"



"ဩော် . . . အေး . . . ကောင်းပြီညီလေး။ မင်းတို့ကိုတော့ အားကျတယ်ကွာ"

နှုတ်ဆက်သံနှင့် ချိုးမွမ်းသံက ရှေ့သွားနောက်လိုက်ညီသလို ပြန်လာသော သူတို့နှစ်ယောက်ကလည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနှင့်မှ အဆုံးရှုံးမခံနိုင်တာ။ လွတ်တဲ့ငါးက ကြီးနေတာ ပေါ့တတ်ခဲ့ပါ။ အစကတည်းက ဒီငါးကိုမှ အလှထားဖို့ ဆန့်ခါကြားနဲ့ ကြေ့ယူဖို့ ကြိုးစားခဲ့တာ။

"မောင်ထွေး ... မောင်ထွေး"

"ဗျာ ... လာပါပြီဆရာ"

"မြန်မြန်လာကွာ"

သတင်းစာကိုလုံးထွေး၍ လွှင့်ပစ်လိုက်သည်။ သူ ဘာလုပ်သင့်သလဲ၊ ဘာလုပ်ရမလဲ။ ဒီအချိန်မှာ စဉ်းစားနေရင် အဖျင်းများတဲ့ ငါးလို သူပဲ ဘေးရောက်သွားမှာ။

"ဆရာ ဘာခိုင်းစရာရှိလို့လဲ"

"ကားအဆင်သင့်ပြင်ထား။ ငါ ခရီးသွားမယ်"

"ဘယ်ကိုသွားမှာလဲ ဆရာ"

"ရွှေအဆင်းနေတဲ့ နေရာ"

"ကျွန်တော် လိုက်ရဦးမှာလား"

"မလိုဘူး။ ငါတစ်ယောက်တည်းပဲ သွားမှာ"

ပြောပြီးတာနှင့် အပေါ်ထပ်သို့ တက်လာခဲ့သည်။ အရင်တုန်း က နူးညံ့ခဲ့သောသူသည် ယခု အချစ်ကြောင့် စိတ်ဓာတ်တွေ ကြမ်း လာခဲ့ပြီ။



# အခန်း (၂၅)

စေ့စပ်ကြောင်းလမ်းခြင်း။

သတင်းစာဖတ်နေသော သိုင်းထက်လင်း စေ့စပ်ကြောင်း လမ်းခြင်းဆိုတဲ့ ကြော်ငြာတစ်ခုကို ဖတ်လိုက်မိသည်တွင် ရင်တစ်ခု ဟာလာဟင်းလင်း ဖြစ်သွားရလေ၏။ စာပိုဒ်အောက်ဆုံးက ... နာမည်ကို နောက်တစ်ခေါက် ပြန်ကြည့်လိုက်မိပြန်သည်။

မောင်မင်းသိုင်းနောင်နှင့် မရွှေအဆင်းတဲ့။

လောကကြီးတစ်ခုလုံးကို ခေါင်းနဲ့သာပြေးဆောင့်လိုက်ချင် သည်။ သူတို့ကပဲ မတရားတာလား ကိုယ်ကပဲ လှည့်စားခဲ့တာလား

မရေရာပေမယ့် သေချာတာတစ်ခုကတော့ သူ အဆင်း...

www.burmeseclassic.com



အခန်းထဲသို့ရောက်လာတော့ ပြုံးနေသော လှယမင်း၏ ဓာတ်ပုံကို မမှိတ်မသုန် ငေးကြည့်နေမိကာ ရင်တွင်းစကားတို့ ဆိုနေမိ၏။

"မမ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ မမရယ်။ ချစ်တတ်ရင်း ချင်းမို့ မမ ကျွန်တော့်ကို နားလည်ပေးနိုင်မှာပါ"

ပူလောင်ခြင်းကို ခြေရာခံ၍ မျက်ရည်နှစ်စက်က ဝေဒနာ၏ ထွက်သက်ကို ရှာဖွေပေးခဲ့ပါပြီ။





**"လက်တွေနဲ့စိတ်ကူး"**

ငွေရောင်အနားကွပ်ထားတဲ့
ဇာပဝါတိမ်တိုက်တွေကြားမှာ
စိတ်ကူးကိုရှက်လွှင့်လို့
ကြယ်တွေကိုဆွတ်ချူစားသုံးရတာ
ပျော်စရာကောင်းလိုက်တာ။
အိပ်မက်ကနိုးထလာတော့
ငါးဆိုတဲ့အသံနဲ့အတူ
မျက်နှာတူရှုထရုံတစ်ချပ်က
ငါ့ကိုလက်ညှိုးငေါက်ငေါက်ထိုးပြီ
ဘာအရူးထနေတာလဲတဲ့။
စိတ်ကူးကိုပိုက်ဆံနဲ့မဝယ်ရပေမယ့်
လက်တွေနဲ့အိပ်မက်
ကမ္ဘာရဲ့အစွန်းတစ်ဖက်လို
အဝ်တစ်ချောင်းကပုဆိန်တစ်လက်ဖြစ်သွား
ရေတစ်စက်က ဝံရော်ကိုတောင်နစ်မြုပ်သွားသတဲ့။
ကိုယ့်ကိုယ်ကိုယ်ပြန်ငုံကြည့်မှ
ငါ့သရက်သီးလောက်မှာအနှစ်မရှိသူပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

သိုက်ဖေါ်နှုတ်ခမ်းလွှာမှာ ပြုံးယောင်သန်းသွားလေ၏။ ကိုယ့်မွေးရပ်ဇာတိဆိုပေမယ့် မရောက်ခဲ့တာ ဆယ့်ငါးနှစ်တိုင်တိုင် ရှိခဲ့ပါပြီ။ သူ ဆယ်တန်းကျောင်းသားဘဝမှာပဲ အငယ်ဆုံးသားဖြစ်တဲ့သူ့ကိုခေါ်ပြီး မိဘတွေက ရန်ကုန်ကိုပြောင်းခဲ့ကြတာ။

လှယမင်းနဲ့ ဆုံတွေ့ခဲ့ပေမယ့် မွေးရပ်ဇာတိကို စိတ်ဝင်စားမှု မမေးခဲ့ကြမိ၍ တစ်ဒေသတည်းသားတွေဆိုတာ မသိရဘဲ အရာရာ လွဲချော်ခဲ့ရသည်။ နဂိုက ဒေသလေးတစ်ခု။ ခုတော့ အရာရာ ခေတ်မီ တိုးတက်လို့ မြို့ရယ်လို့ လူသိများလာခဲ့ပါပြီ။ ကားကို ခြံတစ်ခြံရှေ့ ထိုးရပ်လိုက်၏။ လိပ်စာအရဆို ဒီခြံပါပဲ။





"တီတီ တီတီ"

ကားဟွန်းတီးပြီး ဆင်းလိုက်သည်နှင့် အိမ်ထဲမှ ဝ်သုတ် သုတ် ထွက်လာသောအမျိုးသမီးကို မြင်လိုက်ရလေ၏။

"မသူဇာမင်း"

"ဟင်"

သူ အသံပြုပြီး မျက်မှန်ကိုချွတ်လိုက်တော့ သူဇာမင်းက ညြသွားဟန်။

"ကိုသိုက် . . . ကိုသိုက်ပါနော်"

"ဟုတ်ပါတယ်"

သူဇာမင်း တွေတွေကလေး ဖြစ်သွားလေ၏။ ကလေးပြော ာတွေကို ပြန်လည်၍ ကြားယောင်လာမိ၏။ ဒါပေမဲ့ ညည်သည်အဖြစ် ရောက်လာသူကို အလိုက်အထိုက်တော့ ဆက်ဆံရတော့မည်ပေါ့။

"အိမ်ထဲကို မခေါ်တော့ဘူးလား"

"ဩော် . . . အင်း ခေါ်မလို့ပါပဲ ဝင်ပါရှင်"

သူဇာမင်း တလေးတစားနှင့်ခေါ်သဖြင့် သူမနောက်မှ လိုက် ာခဲ့သည်။ အိမ်ထဲသို့ ခြေကျူးသွားမိသည်နှင့် –

"ပန်းတစ်ပွင့်၊ ပန်းနှစ်ပွင့်၊ ပန်းသုံးပွင့်ပါ။ ပန်းလေးပွင့် ငါးပွင့်၊ ပန်းခြောက်ပွင့်ပါ။ ပန်းခုနစ်ပွင့်၊ ပန်းရှစ်ပွင့်၊ ပန်း[illegible]ပွင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးဆယ်ပွင့်ပါ''

"နားထောင်လို့ မကောင်းပါဘူးဟာ။ ငါ နားထောင်ကောင်းအောင် ဆိုပြမယ် နားထောင်မလား"

"ဆိုကြည့်ပါဦး"

ခေါင်းချင်းဆိုင်၍ ခရေပန်းသီနေကြသော လူနှစ်ယော ဘာတွေတွတ်ထိုးနေကြသည်မသိ။ သူတို့က သူ့ကိုမြင်ဟန်မတူသေး သူဇာမင်းရော သူပါ ခြေလှမ်းတွေရပ်တန့်၍ နားစွင့်နေမိကြ၏။

"ဆိုပြမယ် နားထောင် . . . အဟမ်း"

သိုင်းက ချောင်းဟန့်၍ –

"ပန်းတစ်ပွင့်၊ ပန်းနှစ်ပွင့် မင်းကို သိပ်သိပ်ချစ်။ သုံး,လေး မသိရင်မေး။ ငါး,ခြောက် နင်မရှိရင် နောက်တစ်ယောက်"

"သိုင်းနော် . . . ကဲ"

"အ"

ခေါင်းကို ခေါက်ခနဲ ခေါက်လိုက်တော့ သိုင်းက ရှုံ့ ရယ်ကာ –

"အလကားစတာ ဆက်ဆိုပြမယ်။ ငါး, ခြောက် ချစ်သူ ရာ တကောက်ကောက်၊ ခုနစ်,ရှစ် မင်းကလွဲရင် ဘယ်သူမှ ကိုး, တစ်ဆယ် လက်ထပ်ကြမယ်"





"နင် အရမ်းတော်တယ်"

ကြည်နူးမှုတွေက သူတို့လက်ထဲက ခရေပန်းထ ပင် ရနံ့သင်းနေတော့၏။ ဒီမြင်ကွင်းက သူ့အတွက် နေကမ္ဘာ။

"ကလေး"

သူဇာမင်းက အသံပေးလိုက်တော့ နှစ်ဦးစလုံး ဖြိုင်တူမော့ကြည့်ကာ သူ့ကိုမြင်သွားသည်နှင့် –

"ဟင်"

"လေးငယ်"

မတ်တတ်ရပ်လိုက်ကြပြီး မျက်နှာတွေပျက်ကာ သိုင်းဆိုရင် လက်ထဲမှ ခရေပန်းကုံးလေးများပင် ပြုတ်ကျပြီး ခရေပွင့်လေးတွေက နီးကြိုးလေးဆီမှ ပြေထွက်၍ လွင့်စင်သွားကြလေသည်။

"မင်း ငါ့ကို ကဗျာတွေ လာရွတ်ပြမနေနဲ့သိုင်း။ ခံစားလို့ မရဘူး။ ငါသိတာ အဆင်းကို ငါ မစွန့်လွှတ်နိုင်ဘူး"

တစ်ခါက လေးငယ်ပြောခဲ့သော စကားတွေ။ သူ ဒီကိုလာတာ သိုင်းလက်ထဲကနေ အဆင်းကို လုယူဖို့လာ။ သိုင်း အဆင်း လက်ကိုဖိဆုပ်ထားလိုက်သည်။ ဘယ်တော့မှ လက်တွဲမဖြုတ်ဘူးဆိုတဲ့ သဘောပေါ့။

"ရှင် ဒီကို ဘာလာလုပ်တာလဲ ဦးသိုက်ထက်လင်း ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



မိသားစုနဲ့ ရှင် ဘာမှပတ်သက်စရာအကြောင်း မရှိတော့ဘူး"

"အို ... ကလေး လူကြီးကို ဘယ်လိုပြောလိုက်တာလဲ"

သူဇာမင်းက သိုက်ကို အားနာကာ အဆင်းကို ဟန့်တား လိုက်၏။

"ပြောသင့်လို့ပြောတာပါ အန်တီလေး။ ကိုယ့်ပါးကို ရိုက်ဖို့ လာတဲ့ လက်ကို နဝရတ်လက်စွပ် ဆီးဝတ်မပေးနိုင်ပါဘူး။ ရှင် ကျွန်မ ခြံထဲက ခုထွက်သွားပါ ဦးသိုက်ထက်လင်း"

သိုက်ထက်လင်းက အပြုံးမပျက်ခဲ့ပါပဲ။

"မင်းပြောချင်သလောက် ပြောပါ အဆင်း။ ပြောပြီးရင်တော့ လေးငယ် ရှင်းပြတာကို နားထောင်စေချင်တယ်"

"မလိုပါဘူး။ ရှင် ရှင်းပြရမှာတွေက မှသားစကားတွေ မဟုတ်လား။ ကျွန်မ အဲဒီလောက် မအဘူးရှင့်။ စာရွက်တစ်ရွက် စုတ်ဖြဲပြီးမှ ငါ မှားပါလားလို့ တိတ်ခွဲပြန်ဆက်လည်း စာရွက် အကောင်းပကတိ ပြန်ဖြစ်မလာဘူး။ ကိုယ့်နေရာကိုယ်နေကြ အကောင်းဆုံးပါပဲ"

ဒီတစ်ခါတော့ သိုက်ထက်လင်း မျက်နှာညိုရပြီ။ သူမ စကားရေအလျှင်က သစ်ရွက်တစ်ရွက်ပင် ပါဝင်စီးမျောခွင့်မရှိ။ ကို မျက်ဝန်းထဲက စကားလုံးတွေကို ဘာကြောင့် သူမ မမြင်တတ်ခဲ့တာ





ဒါမှမဟုတ် သိသိနဲ့ ဖွတ်ဆို ဒီဇရပ်အိုပြိုရယ်လို့ လက်ညှိုးထိုးပြီး ပမာမခန့် ပြုချင်တာလား။

"ကောင်းပြီလေ ... အဆင်းပြောသလိုပဲ ကိုယ်က လူယုတ်မာပဲ ထားပါတော့။ ဒါပေမဲ့ ဖြောင်ကျကျနဲ့ရင်ဆိုင်ပြီး ယုတ်မာခဲ့တာ သမင်နဲ့မျှားပြီး လက်နက်ပုန်းနဲ့ပစ်လောက်အောင်တော့ ကလိမ် မကျခဲ့ဘူး"

"ဩော် ... လက်စသတ်တော့ ရှင်က မေမေ့ကို အပြစ်ပုံ ချချင်တာကို။ သေသူစကား မတတ်ဆိုတာမျိုးပေါ့"

"ဒါ ... အပြစ်ပုံချတာ မဟုတ်ဘူး အဆင်း။ အမှန်တရား ကို ဖြေရှင်းပြတာ"

အဆင်း နှုတ်ခမ်းကို မဲ့ပစ်လိုက်၏။

"ထားပါတော့လေ၊ ဘယ်သူကပဲ မှားမှား, မှန်မှန် သံတောင် နှစ်ကြာရင် သံချေးတက်တယ် ဦးသိုက်ထက်လင်းရဲ့။ ဒီတော့ ရှင်နဲ့ ကျွန်မတို့ကြားမှာ ဘာအကန့်မှမရှိတော့ဘူး။ လာရာလမ်းအတိုင်းသာ ပြန်ကြပါတော့"

"သိပ်လည်း အပြောမကြီးပါနဲ့လေ။ မင်းပြောခဲ့တဲ့စကား ကို မင်း မှတ်မိမှာပါ။ ပိတောက်ပန်းတွေ အဝါရောင်မပျောက်သေး ဘူး ရွှေအဆင်း။ ငါ မင်းနဲ့ထပ်တွေ့ဦးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



သိုက်ထက်လင်း လှည့်ထွက်သွားတော့ သိုင်းက အဆင်း မျက်နှာကို တစ်ချက်ငုံ့ကြည့်လေသည်။ လေးငယ်၏စကားအဓိပ္ပာယ်ကို သိုင်းနှင့်အဆင်းကလွဲပြီး အန်တီလေးက နားလည်မှာမဟုတ်ပေ။

"လေးငယ်"

သိုင်း လေးငယ်၏နောက်သို့ အပြေးလိုက်ခဲ့သည်။

"မင်းကရော ငါ့ကို ဘယ်စကားလက်နက်နဲ့ ပစ်ခတ်ဦးမှာလဲ သိုင်း"

"ကျွန်တော် လေးငယ်နဲ့ အေးအေးဆေးဆေး ပြောချင်တယ်"

"ရပါတယ် . . . ကားပေါ်တက်"

သိုင်း ကားပေါ်သို့တက်ပြီး မြို့လေး၏အစွန် လူရှင်းသည့်နေရာသို့ မောင်းထွက်ခဲ့ကြ၏။ လမ်းတစ်လျှောက်လုံး ဘယ်သူမှ စကားမဆိုဖြစ်။

သိုင်းနှင့်အဆင်း သွားနေကျနေရာဖြစ်သော တာဆုံသို့ မရောက်ခင် မလေးရှားပိတောက်ပင်တန်းလေးမှာ ကားကိုရပ်လိုက်သည်။

"မင်း ငါ့ကို ဘာပြောချင်တာလဲ"

"ပြောချင်တာထက် တောင်းဆိုချင်တာပါ"





"ဘာအတွက်လဲ"

သိုင်းက မျက်နှာလွှဲလျက် –

"ကျွန်တော် အဆင်းကို အရမ်းချစ်တယ်"

"အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ"

"လေးငယ် ကျွန်တော်တို့ချစ်ခြင်းကို မခွဲပါနဲ့"

"အပွန်း"

သိုက် နှုတ်ခမ်းကိုမဖွင့်ဟဘဲ ရယ်လိုက်သည်။

"ငါက ရတဲ့နည်းနဲ့ ခွဲမယ်ဆိုရင်ရောကွာ"

"ဗျာ"

သိုင်း ချက်ချင်းပင် လေးငယ်၏အနားသို့ တိုးကပ်သွားမိလေသည်။ ပြစ်မှားကျူးလွန်ဖို့တော့ မဟုတ်ခဲ့ပါ။

"လေးငယ်က နေပူထဲကလာပြီး ရေငွေ့ပူလောင်ခံနေရတဲ့သူကို ပေးစမ်းရေတစ်ခွက်လောက်လို့ တောင်းတာနဲ့မတူဘူးလား"

"မင်းက လက်ကလေးပဲ ပူတာပါကွ။ ငါက တစ်ကိုယ်လုံးလောင်မီးကျခံထားရတာကွ"

ခြေတစ်လှမ်း နောက်ဆုတ်သွားမိသည်အထိ သိုင်း အံ့ဩသွားရ၏။ သိုင်းထင်တာက လေးငယ်က သိုင်းရဲ့မိဘသဖွယ်မို့ တစ်နေ့က သူ အလျှော့ပေးခဲ့တာကို ထောက်ထားပြီး ငဲ့ညှာလိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘွားထားခဲ့တာ။

"လေးငယ်ရျာ"

"ဘာဖြစ်လဲ ဆက်ပြော"

"ဆက်ပြောရင်လည်း မောတာပဲ အဖတ်တင်မှာပေါ့"

"ငါ့ကို လူ့အတ္တသမားလို့ ပြောချင်တာလား"

လေးငယ်၏ ခန့်သံက သိုင်းနားထဲမှာ ခါးသက်လွန်းလှ၏ နေရာဖယ်ပေးတုန်းကတော့ စံပယ်ရိုးလို့ သဇင်ပန်း၊ တစ်ပင်ယံနွယ် ခြောက်လေမှ မြေမှာစံ ပန်းပွင့်ကို သူမြတ်နိုးသတဲ့။ တရားမှ မျှတ လား။

"မင်း ပြောလေ"

"ပြောစရာစကား ရှာမရလောက်အောင်ပဲ လေးငယ်ရဲ့ တ ကိုယ်ကောင်းဆန်မှုတွေက ဖန်သားပြင်မှာ ဝိပြင်လာတာကို။ ဝတ္ထု ရင်တော့ လေးငယ်က မင်းသားပဲဖြစ်မှာပါ။ ကျွန်တော်က ဇာတ် မင်းသားလေးပေါ့။ ခုဟာက လက်တွေ့ဆိုတော့ မင်းသမီးနဲ့ မင်းသာ ညားကြလေသတည်းဆိုပြီး ကျွန်တော်က မျက်ရည်သုတ်ပြီး နော ဆုတ်မပေးနိုင်တော့ဘူး လေးငယ်"

"ဟ ... မင်းက အလာကြီးပါလားဟင်။ ဘယ်ဒါရိုက် တင်လိုက်တဲ့ မင်းသားလဲ"





သိုက်ထက်လင်းက သိုင်း ပခုံးပေါ်လက်တင်လိုက်သည်တွင် သိုင်းက မလိုလားစွာ ဖယ်ချပစ်လိုက်၏။

"ခန့်တယ်ဆိုတာ ယောကျ်ားတွေရဲ့အလုပ် မဟုတ်ဘူး လေးငယ်။ လေးငယ်သိထားဖို့က ကျွန်တော်နဲ့အဆင်းရဲ့အချစ်ကို ဖြတ်တောက်ပစ်ဖို့ ဘယ်လက်နက်မှ အသုံးမဝင်ဘူးဆိုတာပဲ"

"ဟား ဟား ဟား ဟား"

သိုင်း လေးငယ်ကိုကျောခိုင်း၍ ထွက်လာခဲ့ပေမယ့် လေးငယ် ၏ခြောက်ကပ်ကပ်ရယ်မောသံက နောက်ကျောမှ ကပ်ပါလာခဲ့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

အိပ်ရာက နိုးထလာပြီး သိုင်း သွားတိုက် မျက်နှာသစ်၍ ကိုယ်လက်သန့်စင်ကာ သနပ်ခါးဖုံဖုံလိမ်း၊ ခေါင်းဖြီးပြီး ထွက်လာခဲ့၏။

"အဟင်း . . . ငါ့သားကတော့ မိန်းမယူခါနီးမှ ပိုပိုပြီးချော လာသလိုပဲ"

"သားအမိချင်း မြှောက်မနေပါနဲ့ မေမေရာ"

"မနေ့က ဖင်လင်း လာသွားတယ်။ ဒီနေ့ ဖိတ်စာတွေ[illegible] မယ်တဲ့။ သွားယူလိုက်ဦး"

ခေါင်းညိတ်ပြလိုက်၏။ အဆင်းနှင့် သူ လက်ထပ်ကြ[illegible]





ဆယ့်ငါးရက်သာလို့တော့သည်။ လေးငယ်ရောက်လာတော့ သူတို့ နှစ်ဦးအတွက် ဂမ္ဘီရဝတ္ထု ဖတ်နေရသလိုပဲ။ အသည်းတထိတ်ထိတ် ခုင်တဖိုဖိုပါပဲ။

စေ့စပ်ပြီးကတည်းက လက်ထပ်ဖို့ရက် သတ်မှတ်ပြီးသားမို့ ဘာ်သေးတာပေါ့။ လေးငယ်ဆိုမှ သတိရ၏။ လေးငယ် ဘယ်ပျောက် နေပါလိမ့်။ တစ်မိုးအောက်မှာ အတူနေကြပေမယ့် မျက်နှာချင်း သိပ် ဆိုင်ဖြစ်။

လူကြီးတွေကတော့ သူတို့နှစ်ယောက် အတွင်းစစ်ဖြစ်နေ ဘာကို ဘယ်သူမှ မသိရှာပေ။

"လေးငယ်ရော မေမေ"

"အစောကြီးကတည်းက ထွက်သွားပြီး လက်ဖက်ရည်ဆိုင် သွားတာ ဖြစ်မှာပေါ့။ မင်းသာ နေဖင်ထိုးအောင်အိပ်နေတာ"

"မေမေကလည်း"

"သိုင်းရေ . . . သိုင်း"

အိမ်ရှေ့မှခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အန်တီလေး သူ့အမင်း သုတ်သီးသုတ်ပြာနှင့် ဟက်လာတာကို မြင်ရ၏။

"သိုင်း . . . လုပ်ပါဦး သိုင်းရယ်။ ဒုက္ခတွေတော့ ရောက်ကုန် ပြီ ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးက သူ့ကိုဖက်၍ ငိုလေတော့၏။

"အန်တီလေး ဘာဖြစ်လာတာလဲ။ သားကို ပြောဦးလေ"

"ဟုတ်သားပဲ သူဇာရယ်။ ပြောပြဦးမှပေါ့။ ဘာဖြစ်လာတာလဲ။ ဒေါ်ဒေါ်နှင်းများ တစ်ခုခု"

"မဟုတ်ဘူး ... မေမေက ဘာမှမဖြစ်ဘူး။ ဖြစ်တာက ကလေး"

"ဗျာ"

သိုင်း တစ်ကိုယ်လုံး လေဟာပြင်ထဲသို့ မြောက်တက်သွားသည့်နှယ်။

"အဆင်း အဆင်း ... ဘာဖြစ်လို့လဲဟင်"

"ဟိုလူယုတ်မာပေါ့။ ကလေးကို အတင်းဆွဲခေါ်ပြီး ကားပေါ် တင်ပြေးသွားတာ"

"ဟင်"

"တောက် ... ကျွန်တော်နဲ့အဆင်း လက်ထပ်တော့မယ် ဆိုတာ သိလျက်သားနဲ့ ဒီလူကြီး သက်သက်ယုတ်မာတာ။ သား လိုက်သွားမယ်၊ ကားသော့ သားကိုပေးပါ မေမေ"

"ဩော် ... အင်း"

ဒေါ်ခင်ဖြူကြည် ကားသော့ပြေးယူပြီး သိုင်းလက်ထဲ





ထည့်ပေးလိုက်၏။

ကားက ပြီးခဲ့တဲ့လကမှ သားကြီး မင်းဝိုင်းအောင် ပို့ပေးလိုက်တဲ့ကားလေ။

"သား ... ကားကို သတိထားမောင်းနော်"

မေမေ သတိပေးမှ သိုင်း သတိရ၏။ ကားမောင်းတာကိုတော့ သတိနဲ့မောင်းရမည်ပေါ့။ သိုင်းက ကားမောင်းရော ဆိုင်ကယ်စီးပါ ကျွမ်းကျင်သူ။

"အန်တီလေးလည်း လိုက်မယ် သား"

သူဇာမင်း ကားတံခါးကိုဖွင့်၍ တက်လိုက်တော့ သိုင်းက ဘာမှ ပြန်မပြောတော့ဘဲ မောင်းထွက်ခဲ့တော့သည်။

တရိပ်ရိပ်ပြေးနေသော ကားလေးနှင့်အတူ စိတ်တို့ကလည်း ပြေးလွှားနေ၏။

ရင်တွေ ပူလောင်နေရပြီ။ အဆင်း ဘာမှမဖြစ်ပါစေနဲ့။

"ဦးသိုက်ထက်လင်း ... ရှင် ကားကိုခုရပ်ပေးနော်။ ကျွန်မ ခုန်ချပစ်လိုက်မှာ"

အဆင်း၏အသံက သူ့နားထဲကို မတိုးလေရော့သလား။ သိုက်က ဘယ်အပြုံးပျက်ပါ့မလဲ။ အဆင်းဘက်က တံခါးကို သူ့ အပြင်ဘက်ကနေ လော့ခ်ချထားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောနေတယ်လေ ကားရပ်ပေးပါ"

သူက မတုန်မလှုပ်လုပ်နေတော့ အဆင်း ကားတံခါးကို တဘုန်းဘုန်းထု၍ ငိုလေတော့၏။ အဆင်း သူ့လက်ထဲမှာ ဘဝပျက်ရတော့မှာလား။

"အဟင့် အဟင့် ... အီးဟီးဟီး"

သူမ ငိုတာကိုမကြည့်ရက် မမြင်ရက်ပေမယ့် မတတ်နိုင် ဒီလိုမှ မလုပ်ရင် သူ အဆင်းနဲ့တစ်သက်လုံးဝေးရမှာ။ ခွင့်လွှတ်ပါ ကလေးရယ်။

လေးငယ်ရဲ့နှလုံးသားက ကိုယ်သိပ်ချစ်တဲ့ မိန်းကလေးကို သူတစ်ပါးရင်ခွင်ထဲ ပစ်စလက်ခတ်ထည့်ပြီး ဟန်ဆောင်ပြဲဘာ နေရလောက်အောင် မရင့်ကျက်သေးလို့ပါ။

"ရှင် ဝဋ်လည်မှာ မကြောက်ဘူးလား။ ဦးသိုက်ထက်လင်း ... ဒီလိုလုပ်လို့ ရှင် ကျွန်မအချစ်ကို ရလိမ့်မယ်လို့ မမျှော်လင့်နဲ့ ကျွန်မ အသက်နဲ့ အသေခံသွားမယ် မယုံမရှိနဲ့".

"မင်း ဒီလောက်စကားတွေပြောနေရတာ ပါးစပ်မညောင်းသေးဘူးလား"

"ရှင်သာ မယုတ်မာရင် လေသံတောင် မရှိန်းဘူး သိလား" သိုက် နှုတ်ခမ်းကိုမဲ့၍ တစ်ဖက်သို့ လှည့်သွားလေ၏။





"သိုင်းရေ ငါ့အဖြစ်ကို ကြည့်လှည့်ပါဦး"

"ဟာ ... ဟေ့"

ကားလေးက တုံ့ခနဲရပ်သွားလေ၏။

"ရွှေအဆင်း"

"ဘာလဲ"

ခေါ်သံရော ထူးသံပါ တစ်ယောက်မှ မပြေပြစ်ပေ။

"မင်း ငါ့ရှေ့မှာ အခြားယောက်ျားနာမည်ကို တမ်းတစရာ မလိုဘူး"

"သိုင်းက ရှင့်တူအရင်းလေ။ ပြီးတော့ ကျွန်မချစ်သူ ကိုယ် ဒုက္ခရောက်နေတဲ့အချိန်မှာ ချစ်သူကိုတမ်းတတာ ဘာဖြစ်လဲ။ သိုင်း ဘယ်လောက်ဖြူစင်တယ်ဆိုတာ ရှင်အသိဆုံး။ ရှင်သာ ကျားစေဥ်းလဲလို ကောက်ကျစ်တဲ့လူမျိုး"

"ဟာကွာ ... ကဲဟာ"

"ဖြန်း"

"အား"

သိုက်ဒေါသကို မထိန်းနိုင်ဘဲ အဆင်းပါးပြင်ကို ရိုက်ချပစ်လိုက်သည်။ အဆင်းခမျာ ပျော့ခွေ၍ ကျသွားလေတော့၏။ ဒီလိုမှ မလုပ်ရင်လည်း ကိုယ့်ရှေ့မှာ တစ်ပါးသူကို တမ်းတနေတာ သူ



www.burmeseclassic.com

www.burmeseclassic.com



မကြားနိုင်ပါ။ ရင်ထဲမှာ ခံပြင်းမိ၏။ 'ရိုက်ပြီးမှ မှားပြီဆိုတာတော့ သိနေသား။ သတိလစ်သွားသော အဆင်းကိုယ်လေးကို တွေးမှေ့လိုက်စဉ် ...

"ဟင်"

နောက်မှတက်လာသော ဝက်ဝွန်ကားအဖြူလေးကြောင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရလေ၏။ သိုင်းမျုး လိုက်လာခဲ့လျှင်ဆိုတဲ့ အတွေးကြောင့် ရင်ထဲမှာ ဒုတ်ခနဲ မြည်သွားလေသည်။ သူ့ကားကို စတင်မောင်းထွက်လိုက်စဉ်မှာပဲ ထိုကားလေးက သူ့ကားကို ရိုပ်ခနဲ ကျော်တက်သွားလေ၏။

"ဟူး ... တော်ပါသေးရဲ့"

ခုမှပဲ စိတ်အေးလက်အေး ကားမောင်းနိုင်တော့၏။ တစ်နာရီလောက် မောင်းနှင်လာခဲ့ပြီးသည်နှင့် လမ်းမှာဖြတ်သွားဖြတ်လာကြားထဲမှ ပိတောက်ပန်းတွေ ပန်လာသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရ၏။ သူ ကားကိုရပ်လိုက်ပြီး –

"ဒီမှာ ညီမ ... ခဏ"

"ရှင်"

"ဟို ပိတောက်ပန်းတွေမြင်လို့ ဘယ်မှာများ ဝယ်လို့ရမလဲ မသိဘူး"





"ဝယ်လိုတော့ရမှာ မဟုတ်ဘူးအစ်ကိုရဲ့၊ မိုးလင်းကတည်းက အကိုင်းတွေ တက်ချိုင်ပြီး ယူပြန်သွားကြတာ။ ဒါပေမဲ့ ... ဘိုးရှင်တော့ ရနိုင်ပါတယ်"

"ဒါဆို အပင် ဘယ်နားမှာရှိလဲ"

"ရှေ့နားမှာရှိပါတယ်။ လှမ်းကြည့်ရင်း ပန်းတွေပွင့်နေတာ မြင်ရပါတယ်"

"ကျေးဇူးပဲနော်"

"ဟုတ်ကဲ့"

ကားလေးကို ခပ်ဖြေးဖြေးမောင်းနှင်လာခဲ့ရာ တစ်ခဏအတွင်းမှာပဲ တွေ့လိုက်ပါပြီ။ ပိတောက်ပန်းတွေ ထိန်ထိန်ဝါနေတဲ့ ပိတောက်ပင်ကြီးက ထီးထီးမားမားကြီးရှိနေသည်။ သူ အဆင်းမျက်နှာလေးကို အတန်ကြာစိုက်ကြည့်နေပြီး နဖူးပြေပြေလေးကို ဖွဖွနမ်းလိုက်၏။

ချစ်စရာကောင်းလိုက်တဲ့ ကလေးရယ်။ မင်း အိပ်ရာကနိုးလာတဲ့အချိန် ချော့မြှုကျိုစယ်ဖို့အတွက် ကိုယ် ပိတောက်ပန်းတွေ ခူးခဲ့မယ်နော်။

ပိတောက်ပင်ကြီးဆီသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ရာ ခြေမ်းတစ်ဝက်လောက်အရောက် စိတ်တွေ စနိုးစနောင့်ဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကားလေးဆီသို့ သမင်လည်ပြန် တစ်ချက်ကြည့်မိသည်။

အမည်မတပ်နိုင်သော ဝေဒနာတစ်ခုက သူ့ရင်ကို ကိုင်လှုပ်သွားလေ၏။ ကားလေးနှင့် ပိတောက်ပင်၏အဝေးမျှကိုပင် သူနှင့် အဆင်း တစ်သက်လုံး ဝေးရမလို ခံစားနေရသည်။

ဒါ ... သူ စိုးရိမ်လွန်နေတာပဲ ဖြစ်မှာပါ။

"ဥဩ ဥဩ ဥဩ"

သူ မချိပြုံး ပြုံးလိုက်မိသည်။ သူနဲ့အဖော် ဥဩလေးဒေ့ ရှိပါသေးလား။ ငှက်ကလေးလည်း သူလို ဝေဒနာကို ဟစ်ကြွေးသည်ထင်ပါ၏။

ဥဩလေးကမှ သူ့ခံစားချက်ကို အလွမ်းပြေ တေးသီပြီး ဆိုညည်းခွင့်ရသေးသည်။ သူမှာသာ ...

"ရှပ် ရှပ် ရှပ် ဖတ် ဖတ်"

ဩြော် ... သူ့ကို ချစ်သူကတင်မဟုတ်ဘဲ လေပြေကား မုန်းတီးနေရော့သလား။ လေနုအေးက သူ့ကိုရှောင်ပြေးပြီး ပုရွေ ခြင်း လေတို့ကသာ သူ့ရင်ကို တိုးဝင်တိုက်ခတ်လာလေ၏။

ဘာပဲဖြစ်ဖြစ် သူ အဆင်းအတွက် ပိတောက်တစ်ခက်ကို ရအောင်ခူးမည်။ ပြီးမှ သူ့အမှားတွေကို ပိတောက်ခက်နှင့် ပဲ့ တောင်းပန်မည်။





အဆင်း နဖူးလေးကို နမ်းမိလိုက်ချိန်မှာပဲ သူနှောင်တရခဲ့ပါပြီ။ သူတောင် အဆင်းကို ဒီလောက်ချစ်ခဲ့ရင် ငယ်ငယ်က ဂတည်းက တိတ်တခိုးချစ်ခဲ့ရှာတဲ့ သိုင်းက သူ့ထက်ပိုတော့မည်ပေါ့။

ပုစွန်ကြီး နှစ်ခါလျှောက်ဆိုသလို သူက လူကြီးဖြစ်နေပါလျက် သိုင်းအပေါ် အနိုင်ယူခဲ့တာတွေများလှပါပြီ။ သူ တစ်ကြိမ် အရှုံးပေးခဲ့ပြီးပြီပဲ။ ကိုယ်က ထပ်ပြီး အနိုင်ယူရင် လူဆန်သူ မဟုတ်တော့ပေ။

"လေးငယ်ကို ခွင့်လွှတ်ပါ သိုင်းရယ်။ မင်းရဲ့ဇနီးလောင်းကို မင်းရင်ခွင်ထဲရောက်အောင် လေးငယ် ပြန်ပို့ပေးပါ့မယ်။ လေးငယ်ရဲ့နှလုံးသားကို ခွဲခြင်းပြီး မင်းရဲ့အချစ်ခံတွင်းထဲရောက်အောင် သက်ဆင်းနှင်းအပ်ခဲ့ပါ့မယ် သိုင်း။ မင်း ကျေနပ်မှာပါ ကလေးရယ်"

လွင့်ကျသွားသော မျက်ရည်တစ်ပွင့်ကို သတိမမူပါဘဲ ဘောင်းဘီကို ဒူးခေါင်းအထိလိပ်တင်ပြီး ပိတောက်ပင်ပေါ်သို့တက်ဖို့ သူ ကြိုးစားခဲ့သည်။ သစ်ပင်တက်ရမှာ အလွန်ကြောက်ခဲ့သော သိုက်ထက်လင်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကားကို နည်းနည်းအရှိန်လျှော့ပါဦးသားရယ်။ တော်ကြာ မဖြစ်သင့်တာတွေ ဖြစ်ကုန်ပါ့မယ်"

သူဇာမင်း မနေနိုင်တော့ဘဲ တုန်ယင်နေသော အသံနှင့် ဆိုမိသည်။ ဘယ့်နှယ်ကားမောင်းတာ တောင်ပေါ်က ချောက်ထဲကို စီးဆင်းတဲ့ ရေတံခွန်အတိုင်းပဲ။ ရိပ်ခနဲ ရိပ်ခနဲ အသည်းထဲအေးအေး သွားတာပဲ။

ကြာလာတော့ ကိုယ့်အသက်ကိုယ် ဘယ်လိုပါဆယ်နဲ့ ထုံ ထားရမလဲ။ စဉ်းစားရလောက်အောင်ကိုပဲ ဘုရားတနေရသည်။ သမ္ဗုဒ္ဓေ ဂါထာတွေလည်း ရွတ်ရတာ ကုန်သလောက်ဖြစ်နေပြီလေ။





"သား အန်တီလေးပြောတာ ကြားရဲ့လား"

"အန်တီလေးကလည်း စိတ်ချလက်ချသာ စီးစမ်းပါ။ ဘာမှ မဖြစ်စေရဘူး။ သား ခေါင်းပေးပြီး အာမခံတယ်"

"ဒီကလေးနဲ့နော် ... တစ်ခုခုဖြစ်သွားရင် မင်းရဲ့ခေါင်းကို ငါက လိုက်ဖြတ်နိုင်ဦးမှာလား။ ကံကြမ္မာဆိုတာ ကိုယ်မြင်ရတာ မဟုတ်ဘူး။ စကားကိုနားထောင်စမ်းပါ"

မတတ်သာတော့ လူကြီးက တားတာဆိုတော့လည်း နား ထောင်ရတော့မှာပေါ့။ အရှိန်ကို နည်းနည်းလျှော့ချလိုက်၏။ ဒီတော့မှ သူဇာမင်းလည်း ဟင်းချနိုင်တော့၏။

"အန်တီလေးက တကယ်ပဲ။ ဘာမှမဖြစ်တာကျနေတာပဲ။ သားမှာဖြင့် စိတ်ပူနေရတာ ဦးနှောက်ပြောကျတော့မယ်"

"ပြောရက်လိုက်တာ သိုင်းရယ်။ ငါ့တူမတစ်ယောက်လုံး ဒုက္ခရောက်မှာကို ငါက စိတ်မပူဘဲ နေပုံမလားဟဲ့။ ပြောပဲပြောတတ် တယ်"

သိုင်း အဆင်းအွတွက်သာ စိတ်ပူတာမဟုတ်ပါ။ လေးငယ် အတွက်လည်း စိတ်ပူနေရ၏။ အဆင်းရဲ့စိတ်ကို သိုင်း အသိဆုံး။ လေးငယ်က အချစ်စိတ်မွှန်နေလို့ အဆင်းကို ဒုက္ခပေးနိုင်တာက အသက်ဘေးကို ရန်ရှာတာမျိုးမဟုတ်ပေ။ အဆင်းကလေးငယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခါးသီးသီး မုန်းနေသူတစ်ယောက်။ သူမ၏မာနနှင့်အရှက်သိက္ခာတို့ကို အပွန်းပဲ့ခံနိုင်သူမဟုတ်သဖြင့် လေးငယ်ကို တစ်ခုခုလုပ်လိုက်လျှင် –

"သား ရှေ့မှာ ကားတစ်စီးရပ်ထားတယ် တွေ့လား။ ကိုသိုက်ကားလား မသိဘူး"

သိုင်းလည်း မြင်နေရပါသည်။ ကားနံပါတ်ကို သဲသဲကွဲကွဲ မမြင်ရသေးလို့သာ။

ကားနံပါတ်ကို မြင်နိုင်သည့်နေရာသို့ရောက်တော့ ...

"ဟုတ်တယ် အန်တီလေး။ ဒါ ... လေးငယ်ရဲ့ကားပဲ"

ကားချင်းယှဉ်၍ရပ်လိုက်ပြီး သိုင်းရော အန်တီလေးပါ ထိုကားဆီသို့ပြေးခဲ့၏။

"ဟင် ... အဆင်း"

"ကလေး"

လေးငယ်ကို မတွေ့ရဘဲ သတိလစ်နေပုံရသော အဆင်းတစ်ယောက်တည်းသာ ကားပေါ်မှာတွေ့လိုက်ရသဖြင့် သိုင်းနှင့်အန်တီလေး အကြည့်ချင်းဆုံသွားကြလေသည်။

"အဆင်း ... အဆင်း"

"ကလေး ... အဆင်း"



မေးစေ့ကို ကိုင်လှုပ်၍ အတန်ကြာခေါ်မှ အဆင်း မျက်ခွံလေးတွေ ပွင့်လာသည်။

"အဆင်း ... နင် သတိရပြီလား"

"အင်း ဟင် သိုင်း ... သိုင်းရယ်။ အဟင့် ဟင့်"

"အဆင်း"

အဆင်းက သိုင်းရင်ခွင်ထဲသို့ တိုးဝင်ကာ အားရပါးရ ငိုရှိုက်လေတော့၏။ သိုင်း အလိုက်သင့်ပင် သူမ ပခုံးလေးကို ပြန်ဖက်ထားကာ –

"မငိုပါနဲ့တော့ အဆင်းရယ်။ ငါ ရောက်လာပြီပဲဟာ ဘာမှ မကြောက်နဲ့တော့နော်။ ငါ အားလုံးကို ရင်ဆိုင်ရဲပါတယ်"

ကား၏အပြင်ဘက်သို့ရောက်သည့်တိုင် အဆင်းက သိုင်းကို ဖက်ထားဆဲ။ လေထဲမှာ လွင့်လူးသွားသော ဆံစလေးများကို တယုတယ သပ်တင်ပေးလိုက်၏။

"သူ ငါ့ကို ပါးရိုက်တာ သိုင်းရဲ့"

"ဟင်"

သိုင်း၏မျက်ခုံးနှစ်ဖက်က မြင့်တက်သွားလေ၏။ နှုတ်မှ ထွက်လာသည့် 'ဟင်' ဆိုသောအသံက အဆင်းကို ပါးရိုက်သည်ဆိုသောကြောင့် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လေအဝှေ့မှာ နှာခေါင်းဖျားကို တို့ထိကျီစယ်သွားသော ပိတောက်ပန်းရနံ့ကြောင့် –

ချစ်သူကို သူက မထိရက် မတို့ရက်ပေမယ့် ပါးရိုက်သွားသည်ဆိုသော စကားကြောင့်လည်း စိတ်ကတော့ မျက်ချင်သား ဒါပေမဲ့ –

"သူရော အဆင်း"

"မသိဘူး"

"သူ တစ်ခုခုများ ဖြစ်နေသလား ရှာပါဦး သားရယ်"

လူတစ်ယောက်ကို ဘယ်လောက်ပဲမုန်းမုန်း အသက်ဘေးကြုံမှာကိုတော့စိုးရိမ်တတ်ကြတာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေရဲ့ စိတ်ထားမဟုတ်လား။

"ပိတောက်ပန်းနံ့ရတယ်"

သူ့ရင်ခွင်မှ မျက်နှာခွာပြီး အဆင်းက ဆိုသည်။ သိုင်းမျက်လုံး ကစား၍ ပိတောက်ပင်ကို ရှာနေမိ၏။ လေးငယ် ပိတောက်ပင်ဆီမှာပဲ ရှိမှာပါ။

"သိုင်း ... ဟိုမှာ"

အဆင်း လက်ညှိုးထိုးပြရာသို့ကြည့်လိုက်တော့ ပိတောက်ပန်းတွေ ဝေဝေဆာဆာပွင့်နေသော ပိတောက်ပင်ကြီးက အကိုင်း



အခက်တွေ ယိမ်းထိုးကခုန်လျက်။

တိတ်ဆိတ်၍ ချောက်ချားဖွယ်ကောင်းသော ပိတောက်ပင်ကြီးကြောင့် သိုင်း ရင်ထိတ်သွားမိသည်။ ဘာကို စိုးရိမ်မှန်းမသိ။ သစ်ပင်မတက်တတ်သော လေးငယ် ပိတောက်ပင်ပေါ်မှာ ရှိနေမှာကို စိုးရိမ်တာလား။ ဒါမှမဟုတ်။

"သွားရအောင် အဆင်း"

"အို ... ဘာလုပ်ရအောင်လဲ။ သူနဲ့တွေ့ရင် တို့ကို ထင်ပြီး ဒုက္ခပေးမှာပေါ့"

"မပေးနိုင်ပါဘူး အဆင်းရယ်။ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲ။ လေးငယ် တစ်ခုခုဖြစ်မှာကို စိုးရိမ်နေမိတယ်"

"ဒါဆိုလည်း သွားလေ"

လက်ချင်းရိုက်၍ ပိတောက်ပင်ကြီးဆီသို့ ခြေလှမ်းခဲ့စဉ် ထူးခြားစွာ လှုပ်ယမ်းသွားသော ပိတောက်ကိုင်းတစ်ကိုင်းကြောင့်။

"လေးငယ်"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

သစ်ပင်မတက်ဖူးတော့ တက်သာတက်ရ ရင်ထဲက တစ်လှပ်လှပ် ဖြစ်နေသည်။ ကိုယ့်အပြစ်တွေကို ဆေးကြောဖို့အတွက် ပိတောက်ပန်းတစ်ခက်တော့ရမှဖြစ်မည်။

အဝေးကကြည့်တော့ ပိတောက်ပန်းတွေ အပင်မှာဝေနေပေမယ့် တကယ်တမ်းခူးတော့ လက်လှမ်းမီရာမှာ လွယ်လွယ်ကူကူ မရှိပေ။ ဩော် ... အချစ်ဆိုတာလည်း ဒီပိတောက်ပန်းတွေလိုပါလား။

"ဖျောက်"

"ဘုရား ... ဘုရား"





သူနင်းထားသော အကိုင်းလေးက ဖျောက်ခနဲ မြည်လာသဖြင့် ဘုရားတပြီး တစ်ဖက်အကိုင်ကို လျင်မြန်စွာ ကူးလိုက်သည်။ အောက်သို့ငုံ့ကြည့်မိတော့ ကျောချမ်းစရာပင်။

"ဟော ... တွေ့ပြီ"

အရွက်တွေအောက်မှာ ပုန်းရှုပွင့်နေသော ပိတောက်ပန်းတစ်ခက်က လှလှပပကြီး။ လက်လှမ်းမီတာမို့ အားရပါးရ ချိုးယူလိုက်သည်။

"ဖျောက်"

လက်ထဲမှာပါလာသော ပိတောက်ခက်ကားကားစွင့်စွင့်ကြီးက သူ့ကိုအားပေးနေသယောင်။ ဒီတစ်ခါက်ဆိုတော်ပါပြီ။ ဝတ်ထားတာက ဖောရှိန်းရှပ်လက်ရှည်မို့ ပိတောက်ခက်ကို ပြုတ်မကျအောင် အကျီအိတ်ထဲသို့ ကျပ်နေအောင် အရွက်တွေပါခူးပြီး ထိုးသိပ်ထည့်လိုက်၏။

နောက်ဆုံးပေးခွင့်ကြုံရမည့် ပိတောက်ခက်မို့ မြေပြင်နှင့် မထိတွေ့စေလိုပါ။

သူတစ်ပါး၏ ဇနီးမယားဖြစ်သွားပြီဆိုတာနှင့် သူ့ အကြောင်းကို နောက်ထပ် ပန်းပေးခွင့်ကြုံတော့မှာ မဟုတ်တော့ပေ။ သစ်ပင်ပေါ်မှ ဆင်းပြီဆိုတာနှင့် သိုက် ချွေးတွေထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးသူမတွေ ပြောခဲ့ဖူးသည်လေ။

သစ်ပင်ဆိုတာ အတက်ရလွယ်ပေမယ့် အဆင်းရခက်သတဲ့။ ခုတော့ သိုက်ယုံပါပြီလေ။

ကြိုးစား၍ ဆင်းရင်း၊ သေးသွယ်သော အကိုင်းတစ်ကိုင်းကို နင်းရမည့်အချိန်။

"ဒီအကိုင်း နိုင်ပါ့မလား။ အတက်တုန်းကတောင် နင်းလာသေးတာပဲ။ နိုင်မှာပါ။ ရုတ်တရက်တော့ မကျိုးလောက်ပါဘူး"

အတွေးနှင့် ခြေချလိုက်မိစဉ် –

"ဖျတ်"

"အဲ"

"ဖျောက်"

"ဟာ"

"––––"

"အား"

သူ နင်းချလိုက်သော သစ်ကိုင်းကကျိုးပဲ့ကာ ဘယ်လိုမှ ထိန်းချိန်မရလိုက်ဘဲ ခြေလွတ်လက်လွတ် ပြုတ်ကျသွားလေ၏။

ကြောက်အားလန့်အားနှင့် 'အားခနဲ' အသံကုန်အော်ပြီး သိပ်မကြာ။





"ဘုတ်"

"အ"

သွားပြီဟု အတွေးမဆုံးခင် နာကျင်မှုဝေဒနာကြောင့် အော်ဖို့ပင် အသံမထွက်တော့။ အံ့သြဖို့ကောင်းတာက သူ သတိမလစ်ခဲ့ခြင်းပါ။ ဝမ်းဗိုက်တစ်ခုလုံး နာကျင်နေပေမယ့် ကုန်းထဖို့ သူကြိုးစားလိုက်၏။

ထိုစဉ်မှာပဲ အိပ်ထဲကပိတောက်ပန်းခက်ကို သတိရဖြစ်အောင် ရသေး၍ ဆွဲနုတ်ဖို့ကြိုးစားတော့ လက်တွေက တဆတ်ဆတ်တုန်နေ၏။

ကြည့်စမ်း၊ သူ ဝမ်းလျှားမှောက်ကျလို့ မြေပြင်နဲ့သူ့ရင်ဘတ်ကြားမှာ ပိတောက်ပွင့်လေးတွေ ကြေမွကုန်ရှာပြီ။ အဆင်း ကလေးခုယ်။ လှပတဲ့ပိတောက်တစ်ခက် မင်းကိုပေးဖို့ ကြိုးစားပေမယ့် ပိတောက်ပန်းလေးတွေက လေးငယ်နဲ့အတူ။

"အု ဝေါ့"

ပါးစပ်မှ အန်ထွက်လာသည့် သွေးတွေက ပိတောက်ပန်းခက်ပေါ်သို့ ဖြန့်ကျက်ဆင်းလျက် အဝါရောင်ပိတောက်ပန်းတို့သည် နီရွေးသွားလေ၏။

"ဒီမှာကြည့် ... ဒီပိတောက်ပန်းလေးတွေ [illegible]ဒီအဝါ



www.burmeseclassic.com

www.burmeseclassic.com



ရောင်လေးတွေ ပျောက်ပြီး အနီစစ်စစ်ဖြစ်သွားရင်လေ အဆင်း အဲဒီ
အခါကျ လေးငယ်ကို မုန်းပစ်မယ်သိလား"

"တကယ်လား"

"အင်း ... တကယ်ပေါ့။ ဒီပိတောက်ပန်းတွေ အခုနီကြည်
ပါလား"

"အခု မုန်းပစ်မယ်ပေါ့"

အဆင်းရယ် ... နားထဲမှာစွဲနေအောင် မင်းပြောခဲ့ဖူးတဲ့
စကားကို မင်း ငါ့ကိုမုန်းလွန်းလို့ ပိတောက်ပန်းတွေက သက်သေ
တည်ဖို့ နီစွေးပြလိုက်တာလား။

မင်းနိုင်ပါတယ် အဆင်း။ မမအတွက် ငါပေးဆပ်ရမည့်
ဝဋ်ကြွေးတွေ ကျေပြီပေါ့နော်။ မင်းလည်း ကျေနပ်ပါတော့ ကလေး
ရယ်။

တကယ်တော့ ...

လေးငယ်ဟာ အနှစ်မှာ ချိုမြိန်နေတာမသိဘဲ အခွံကြည့်
ပြီး စိမ်းလှချေရဲ့လို့ နှုတ်ခမ်းမဲ့ခေါင်းခါသွားတဲ့ လူတစ်ယောက်ပါ။

အာဟာရသိတဲ့ ပိုးကလေးကသာ ဒီသရက်သီးရဲ့ အာဟာရ
ကို အတွင်းလိုက် စားပြီး သရက်သီးရဲ့ဘဝကို ပိုင်စိုးသွားနိုင်ခဲ့တယ်။
လေးငယ်က သရက်သီးလောက် မချိုမြိန်သလို ပိုးကလေးလိုလည်း





ဖွဲ့မရှိခဲ့ဘူး အဆင်း။

"အ"

ရင်ဘတ်ထဲမှ ထိုးအောင့်လာသဖြင့် အားတင်း၍ ထောင့်
ထားသော ဦးခေါင်းက မြေပြင်သို့ ပြန်လည်၍ ထိကပ်သွားလေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"လေးငယ်"

"ဦးသိုက်"

မြင်လိုက်ရသော မြင်ကွင်းက မရှုမလှပါ။ အဖြူရောင်အင်္ကျီက အနီရောင် ဆေးဆိုးပန်းရိုက်ဖော်ထားသလို ကြည့်ရက်စရာမရှိ။

"လေးငယ်"

သိုင်း လေးငယ်ကိုပွေ့ထူလိုက်လေ၏။ သူ အလာကောင်းပေမယ့် အခါနှောင်းလေပြီ။ သစ်ပင်မတက်ဖူးတဲ့လေးငယ်ကို စိုးရိမ်လို့ လိုက်လာတာ။ ခုတော့ ထင်တဲ့အတိုင်းပါပဲ။ မျက်စိရှေ့မှာတင် မြေပြင်ပေါ်သို့ ပြုတ်ကျလာတာ မရှုမလှ။ လှမ်း၍သာ အော်လိုက်နိုင်ပေမယ့်





အချိန်မီ ရောက်မလာနိုင်ခဲ့။

"လေးငယ် ... လေးငယ်"

"ဦးသိုက်"

အားလုံး၏မျက်ဝန်းမှာ မိုးတွေရွာခဲ့ပြီ။

"အဟင့် ဟင့်"

မျက်လုံးမဖွင့်နိုင်သေးပေမယ့် သိုင်း၏လက်ကို ညင်သာစွာ ဆုပ်ကိုင်လာတာက စေးပျစ်နေသောအရာတွေနှင့်။ ပြီးမှ မျက်လုံးကို ကြိုးစား၍ ဖွင့်နေပုံရသည်။

"ဖြစ်ရလေ လေးငယ်ရယ်"

သိုက်ထက်လင်း၏ နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်လာလေ၏။

"ဟော ... သိုင်း သူ နှုတ်ခမ်းလေးတွေ လှုပ်လာတယ်။ ဘာပြောချင်လို့လဲ မသိဘူး။ ဦးသိုက် ဦးသိုက် ... ဘာပြောချင်လို့လဲ ဟင်"

သိုင်း အံကိုတင်းတင်းကြိတ်၍ မျက်ရည်တွေက လေးငယ်၏ရင်ဘတ်ပေါ်သို့ တစ်ပေါက်ချင်း ပြုတ်ကျနေ၏။

"သိုင်း"

ခေါ်သံကမပီပြင်။ အဆင်း မျက်ရည်တွေကြား၌ သိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်သည်။

"သိုင်း"

"ခေါ်နေတယ်လေ သိုင်း။ ထူးလိုက်ပါ သိုင်းရယ်"

"ဟင့်"

သိုင်းထံမှ ရှိုက်သံတစ်ချက် –

"ဘာဖြစ်လို့ ငို ငိုတာလဲကွာ"

"ဟင် ... ကျွန်တော် ကျွန်တော် လေးငယ်ကို မကြည့်ရက်လို့ပါ"

"လေး လေးငယ်ကို ... ခွင့် ခွင့်လွှတ်ပါနော်"

ဦးခေါင်းကို ခါယမ်းလျက်သာ။

"လေးငယ်နဲ့ ကျွန်တော့်ကြားမှာ ဘာအကြွေးမှ မရှိတာ လေးငယ်ရဲ့။ ကျွန်တော်က ဘာကို ခွင့်လွှတ်ရမှာလဲ။ လေးငယ် စကားမပြောနဲ့နော်။ ကျွန်တော် လေးငယ်ကို ဆေးရုံပို့မယ်။ ရအောင် ကယ်မယ်နော်။ လေးငယ် နော်လို့"

လေးငယ်၏အပြုံးယဲ့ယဲ့က သိုင်းကို နှလုံးသည်းပွတ်ဆွဲနေ၏။

"အချိန်တွေ မ မဖြုန်းပါ ပါနဲ့"

"ဦးသိုက်"





သိုက် မျက်ဝန်းလေးတွေ ရွှေလာသည်။ တဆတ်ဆတ်တုန်နေသော လက်ဖြင့် နီစွေးနေသော အရာတစ်ခုကို အဒ  းရှေ့သို့ ထိုးပေးလာလေ၏။

"ပိ ပိတောက်ပန်းလေ ... အ အနီရောင် ရောင် ဖြစ်သွားပါပြီ"

ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရ၏။ အဆင်းနဲ့ပတ်သက်ပြီး ဒီစကားကို သူ အမြဲအမှတ်ရနေခဲ့ပါလား။

"ပိတောက်ပန်းတွေ နီလည်း အဆင်း လေးငယ်ကို ဘယ်တော့မှ မမုန်းပါဘူး လေးငယ်ရယ်။ သမီးတစ်ယောက်က ဖခင်လိုထားတဲ့မေတ္တာမျိုးနဲ့ အဆင်း လေးငယ်ကို ချစ်နေခဲ့တာပါ။ နောင်လည်း ချစ်နေမှာပါ လေးငယ်ရဲ့"

"အဆင်း လေး လေးငယ်ကို လေးငယ်ကို ပြန် ပြန်ခေါ်ပြီပေါ့နော်"

အဆင်း ခေါင်းညိတ်ပြီး လေးငယ်ရဲ့ လက်တစ်ဖက်ကို ပြန်ဆုပ်ကိုင်လိုက်ချိန်မှာပဲ လေးငယ်၏နှုတ်ခမ်းပေါ်မှ အပြုံးလေးတွေ ပြေလျော့သွားလေသည်။ အဆင်းကိုကြည့်နေသော မျက်ဝန်းတွေကို သိုင်းက လက်နှင့်အုပ်၍ ပိတ်ပေးလိုက်၏။

"လေးငယ် လေးငယ် ... အဆင်း ခေါ်နေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



လေးငယ်ရဲ့ ပြန်ထူးပါဦး"

"ကလေး"

သူဖာမင်း တူမ၏ပခုံးကို ပွေ့ဖက်ထားလိုက်သည်။ သိုင်းက တော့ တအင့်အင့်ငိုနေသည်မှာ ခေါင်းမဖော်တော့။

"လေးငယ်ရယ်"

ထိုသို့သာ ညည်းတွားနိုင်တော့သည်။ စောစောက ချောက် ချားဖွယ်ကောင်းသော ပိတောက်ပင်ကြီးသည် ခုတော့လည်း လေ ညင်းလုလင်၏ မောင်းခတ်သံကြားမှာ ပြုံးပျော်ရယ်မောလို့ ချစ်ဓ ယာဉ်ကြားမှာ နစ်မျောနေကြသည်ထင်ပါ့။

အချစ်ကြီးသူတစ်ယောက်ကတော့ ချစ်သူမြတ်နိုးခဲ့သော ပန်းတွေကို ချစ်ခင်တွယ်တာမိခဲ့လို့ ဒီပိတောက်ပန်းကြောင့် အချ သတ်လို့သေခဲ့သူတစ်ဦးအဖြစ် သိုင်းရဲ့နှလုံးသားမှာ ကမ္ပည်းတင်ထာ ပါမည်။

"ကဲ ... သားနဲ့သမီး ငိုနေကြရုံနဲ့ မပြီးသေးဘူးလေ။ ပြ ကြရအောင်။ သူ့ကိုပွေ့ပြီး ကားပေါ်တင်ကြမယ်လေ"

သိုင်း လေးငယ်ကို ပွေ့ချီ၍ ပခုံးပေါ်သို့ ထမ်းလိုက်သည် ဒါ နောက်ဆုံးယုယခြင်းနဲ့ နွေးထွေးမှုတွေပါ လေးငယ်။ လေးငယ်ရဲ့ သိုင်း ရင်းနှီးမှုတွေ လွင့်ပျယ်သွားခဲ့ကြတဲ့ကာလမှာ ဘယ်လော





ခံစားခဲ့ရသလဲ လေးငယ်သိရဲ့လား။

ခုတော့ ရင်းနှီးနွေးထွေးမှုလေးတွေ အစပြန်ပေါ်လာတော့ ညည်ဆိုမှ နောက်ဆုံးဆိုတဲ့ အဝ်တစ်ချောင်းက နှလုံးသားရဲ့ အလယ် ဗဟိုတည့်တည့်ကိုမှ ထိုးစိုက်ခဲ့တာ ဘယ်ဘဝက ဝဋ်ကြွေးကြောင့်လဲ လေးငယ်။

အိမ်ကိုပြန်ရောက်တာနဲ့ –

မောင်မင်းသိုင်းနောင်နှင့်မရွှေအဆင်း

တို့၏

ထိမ်းမြားမင်္ဂလာ

ဆိုတဲ့ ဖိတ်စာကလေးက လေးငယ်ကို ဆီးကြိုနေမှာအမှန်ပဲ။ အဲဒီအခါ လေးငယ် ကျွန်တော့်ကို နားလည်ပေးပါနော်။ ကျွန်တော် အဆင်းကို သိပ်ချစ်တယ်ဆိုတာ လေးငယ် သိပါတယ်။

နှလုံးသားချင်း စာနာတတ်တဲ့ လေးငယ်။ ကျွန်တော်နဲ့ အဆင်းကို ...

"ဥဩ ဥဩ ဥဩ"

ဩော် ... ပိတောက်တွေကို အနီရောင်ဖြစ်စေပြီး ချစ်တာ တွေ သက်သေပြသွားတဲ့ လေးငယ်ရယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

မင်းသိုင်းနောင်နဲ့ ရွှေအဆင်းတို့ရဲ့ မင်္ဂလာပွဲမှာ ရွှေရောင် စိန်ရောင်တွေ ဖိတ်ဖိတ်တောက်လို့ တကယ့်ထည်ကြီးဝါကြီးတွေ လာကြတာဖြစ်၏။ သတို့သားနဲ့သတို့သမီးမှာ မျက်နှာလေးတွေ ပြုံး နေကြပေမယ့် ရင်ထဲမှာတော့ ငိုနေရသည့်အဖြစ်ရယ်သာ။

"သားရေ"

"ဗျာ"

"ဟိုမှာ သားသူငယ်ချင်းတွေ ရောက်နေတယ်။ သွား ... နှုတ်ဆက်လိုက်ပါဦး"

"ဟုတ်ကဲ့ မေမေ"





ပြောပြီး အဆင်းကိုပါ ဆွဲခေါ်လေတော့ –

"နင် သွားလေ၊ ငါ ဒီမှာကျန်ခဲ့မယ်"

"ဘာဖြစ်လို့လဲ"

"ဒီမှာလည်း ဧည့်သည်တွေကို ဧည့်ခံနေတာလေ"

"ခဏလေးပါ။ ပြီးရင် ပြန်လာမှာပဲဥစ္စာ လိုက်ခဲ့"

"ကဲပါ သမီးရယ် ... လိုက်သွားလိုက်ပါ။ သားက သမီး မပါရင် မသွားချင်ဘူး ထင်ပါရဲ့"

သိုင်းမေမေက ရယ်ပြီးပြောတော့ သိုင်းကို အဆင်း မျက် စောင်းထိုးလိုက်၏။ အကဲပိုလွန်းလို့လေ။

"သိုင်း"

"သူက သိုင်းဆိုတော့ သူ့မိန်းမက ဂျူဒို ကရာတေးတွေ တတ်မယ်ထင်တယ်"

"ကွန်ဖူးပါ ပါသေးတယ် မင်းသင်မလား"

"မလိုဘူး သိုင်းရေ၊ ဒီကောင်က တတ်ပြီးသားကွ"

"အဆင်း"

"ဟင်"

"ဒီကောင်ကြီးကို လက်ထပ်ပြီး သိပ်လွှတ်မထားနဲ့နော်"

"ဒါကတော့ ဂျင်းစိမ်းနဲ့ မိသလင်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ... ငါ့ကို ချစ်ပုံက"

သူငယ်ချင်းတွေနဲ့ စရင်းနောက်ရင်း ရယ်မောတဲ့အချိန်ကုန် လွန်သွားပြီးနောက် မင်္ဂလာပွဲပြီးဆုံးချိန်မှာတော့ –

"ဟင်"

အဆင်း အဝတ်လဲနေရင်း နှာခေါင်းထဲသို့ ပိတောက်ပန်းရနံ့ တိုးဝင်လာတာကြောင့် ဟင်ခနဲဖြစ်သွားသည်။ သူမစိတ်ထင်လို့များ လားဟု နှာခေါင်းဖျားလေး ရှုံ့ပြီး အနံ့ခံကြည့်လေတော့ စိတ်ထင်တာ မဟုတ်ဘူး။

သေသေချာချာကို မွှေးနေတာပါ။ အခန်းထဲက တစ်နေရာရာမှာများ ပိတောက်ပန်းတွေရှိနေလို့ မွှေးတာလားဆိုပြီး ရှာကြည့်တာ လုံးဝမတွေ့။

ဒါဆို ...

ဘယ်ကလာတဲ့ ပိတောက်ပန်းရနံ့လဲ။ ဒီခြံထဲမှာ ပိတောက်ပင် မရှိသလို အခြားခြံတွေထဲမှာလည်း နီးနီးနားနား ပိတောက်ပင် မရှိတာ အဆင်းသိနေသည်။

လေးငယ် ...

လေးငယ်ရဲ့ဝိညာဉ်များ အဆင်းအနားမှာရှိနေသလား။ ဝိညာဉ်လောကကို ယောက်ျားလေးတွေက သိပ်မယုံတတ်ကြပေမယ့်





မိန်းကလေးအချို့က ယုံတတ်ကြသည်လေ။ ဒါကြောင့် လေးငယ်များ ရောက်လာသလားလို့ တွေးပြီး အဆင်း မျက်ရည်တွေ ဝေ့တက်လာ၏။

"လေးငယ်"

နှုတ်မှ ဖွဖွခေါ်မိပြီး –

"လေးငယ် အဆင်းအနားမှာ ရှိနေသလား။ ရှိနေတယ်ဆိုရင် ကိုယ်ထင်ပြပါ လေးငယ်ရယ်။ အဆင်း လေးငယ်ကို သတိရနေလို့ပါ။ တွေ့ချင်လို့ပါ လေးငယ်ရယ်"

"-----"

"လေးငယ်"

ပါးပြင်ပေါ်သို့ မျက်ရည်က ပေါက်ခနဲကျလာ၏။ သစ်ပင်တက်ရမှာကြောက်တဲ့ လေးငယ်။ အဆင်းအတွက် ကိုယ်တိုင်သက်စွန့်ဆံဖျား တက်ခူးသတဲ့လား လေးငယ်ရယ်။

အခု ...

လေးငယ်ရဲ့အသက်တစ်ချောင်း ဆုံးရှုံးခဲ့ရပြီ။ အချစ်အတွက်နဲ့ အဲဒီလောက်တောင် မိုက်မဲခဲ့ရသလား။ မဖြစ်နိုင်တော့တဲ့ အကြောင်းတရားတွေကို ဘာလို့ မရှုမြင် မသုံးသပ်ရတာလဲ လေးငယ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



လေးငယ်ကို အဆင်း ဖခင်တစ်ယောက်လိုချစ်ခြင်းများနဲ့ ထာဝရလေးစားကိုးကွယ်သွားမယ်ဆိုတာကို ယုံပေးပါ။

"လေးငယ်ရယ်"

"အဆင်း"

"ဟင်"

"အဆင်း"

"သိုင်း"

အဆင်းပါးပြင်ပေါ်က မျက်ရည်စတွေကို သိုင်း မြင်သွားလေတော့ –

"ဟင် … နင်ငိုနေတယ် ဟုတ်လား အဆင်း။ ဘာဖြစ်လို့လဲဟင် ငါ့ကို ပြောစမ်းပါ"

စောစောက တားမရတဲ့မျက်ရည်တွေကို လျင်မြန်စွာ သုတ်လိုက်ရင်း –

"သိုင်း"

"ပြောလေ"

သိုင်းရင်ခွင်ထဲသို့ တိုးဝင်ဖက်တွယ်ထားလေလျှင် –

"အဆင်း … ဘာဖြစ်လို့လဲ ပြောလေ"

"လေး လေးငယ်လာတယ် သိုင်း"





"ဘယ်လို"

"လေးငယ်လာတာ ငါသိတယ်။ သူ တို့အနားမှာရှိနေတယ်"

"မဖြစ်နိုင်တာ အဆင်းရယ်။ တယ့ူသန်ကြီး စွဲလမ်းမနေပါနဲ့။ ဝိညာဉ်ဆိုတာ သက်ရှိလူသားတွေအနားကို ကပ်ချင်တိုင်း ကပ်လို့ ရတာမှ မဟုတ်တာကို"

"ငါ သိနေတယ်၊ နင် မခံစားမိဘူးလား သိုင်းရယ်။ နင် ဘာနံ့မှမရဘူးလား။ ပိတောက်ပန်းရနံ့တွေ မွှေးနေတယ်လေ"

"ဟင်"

ဒီတော့မှ သိုင်း သတိထားမိသွားတာသည် သူလည်း အခန်းထဲဝင်လာတာနှင့် ပိတောက်ပန်းရနံ့တွေ ရနေခြင်းပါပဲ။

ဒါပေမဲ့ … သိုင်းကတော့ အဆင်း ထင်သလို လေးငယ်လာတယ်လို့ မထင်ပါဘူး။

အိမ်တစ်အိမ်မှာ ဘုရားနဲ့ ခြံစောင့်နတ်၊ အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ်ဆိုတာ ရှိနေတယ်တဲ့။

ဒါတွေ ရှိနေတဲ့အတွက် ဝိညာဉ်ဆိုတာ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့မှ မရတာ။

ဒီနေ့ …



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ပိတောက်ပန်းပွင့်သည့်နေ့။ အခြားတစ်နေရာရာမှာ ပိတောက်ပင်ရှိနေလို့ လေသင့်ရာလိုက်ပါပြီး မွှေးနေတာပဲဖြစ်မှာပေါ့။

"သိုင်း"

"ဟင်"

"နှင် ဘာနံ့မှမရဘူးလားဟင်"

"ရပါတယ်"

"*ဒါဆို ငါပြောတာကို ဘာလို့မယုံတာလဲ*"

"ဖြစ်မှမဖြစ်နိုင်တာ အဆင်းရဲ့"

အဆင်းက အလိုမကျသောမျက်လုံးတွေနဲ့ သူ့ကိုမော့ကြည့်လေလျှင် သိုင်း ပခုံးလေးကိုဖက်လိုက်ပြီး –

"ဒီနေ့ ဒုတိယအကြိမ် ပိတောက်တွေ ပွင့်တယ်"

"ဟုတ်လား"

"ပထမအကြိမ်ပွင့်တုန်းက လေးငယ် သေခဲ့တာ"

"ဟုတ်တယ်နော် . . . ဒါဆို"

"နှင့်ရဲ့အစွဲအလမ်းကြီးကို ဖျောက်ပစ်လိုက်စမ်းပါ။ ပန်းရနံ့ဆိုတာ လေသင့်ရာမွှေးတာပဲလေ။ ဒီနေ့ ပိတောက်တွေပွင့်နေတာပဲဥစ္စာ။ တစ်နေရာရာက ပိတောက်ရနံ့တွေကို လေပြေက သယ်ဆောင်





လာတာပဲပေါ့"

ပိတောက်တွေ ပွင့်ပြန်ပြီ လေးငယ်။ ပိတောက်တွေပွင့်တိုင်း လေးငယ်ကို ကျွန်တော်နဲ့အဆင်း သတိရနေမယ်ဆိုတာ ယုံပေးပါ။

"အဆင်း"

"ဟင်"

"မငိုနဲ့တော့နော်"

ပြောရင်း ပါးပြင်မှာ တင်ကျန်နေရစ်သည့် မျက်ရည်စများကို ဖွဖွလေးသုတ်ပေးလိုက်သည်။

ပြီးတော့ ရယ်လိုက်ရင်း –

"မင်္ဂလာဦးမှာငိုရင် သားဦးကလေး မျက်လုံးပြူးတတ်တယ်တဲ့ အဆင်းရဲ့"

"ဟင် သိုင်းစုတ်၊ ဘာတွေလျှောက်ပြောနေမှန်းမသိဘူး"

"လျှောက်မပြောပါဘူး။ မတ်တတ်ရပ်ပြီး ပြောနေတာကို"

"ကြည့်စမ်း"

"ကြည့်မယ်"

"သိုင်းနော်"

အဆင်းရဲ့မျက်နှာအနားမှာ သူ့နှာခေါင်းက ရစ်ဝဲလာတော့ လက်ကလေးကာရင်း အဆင်းက တွန်းလွှတ်လေလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"လင်မယားဖြစ်နေပြီ မတွန့်တိုနဲ့လေ"

ပြောရင်း အံတင်းတိုးဖက်ထားတော့ အဆင်း ငြိမ်နေမိတော့သည်။ တကယ်လို့ လေးငယ်များ အနားမှာရှိနေရင် ထွက်သွားပါတော့လေးငယ်။ လေးငယ်တစ်ယောက် ကောင်းရာသုဂတိလားပါစေ။

တကယ်တော့ –

သိုင်းနဲ့အဆင်းမှာ အပြစ်မရှိသလို လေးငယ်မှာလည်း အပြစ်မရှိပါဘူး။ အပြစ်ရှိသူက ဒေါ်လှယမင်းဆိုတဲ့ အဆင်းရဲ့မေမေပါ။ အချစ်ကြောင့် အတ္တကြီးခဲ့တဲ့ မေမေ့ကို လေးငယ် အပြစ်မတင်ပါနဲ့နော်။ သူလည်း ချစ်တတ်တဲ့နှလုံးသားနဲ့မို့ မှားခဲ့တာပါ။

"အံဆင်း"

"ဟင်"

"မောင့်ကိုချစ်လား"

"မောင် ဘာမောင်လဲ"

"စာရိတ္တမောင်"

"အဲဒါဆို မထိနဲ့"

"စာရိတ္တနဲ့ မိန်းမကိုဖက်တာ ဘာဆိုင်လို့လဲ"

"မသိဘူး သွား"

ပါးစပ်ကသွားဆိုပေမယ့် ခေါင်းလေးက သူ့ရင်ခွင်ထဲ...





မှီထားလျက်ပါ။ အချစ်ဆိုတာ ချစ်တတ်ရင် ဆေး၊ မချစ်တတ်ရင် ဘေးတဲ့။ ချစ်တတ်တဲ့သူတို့နှစ်ယောက်အတွက်ကတော့ အချစ်ဟာ အားဆေးတစ်ခွက်ပါပဲလေ။

**ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်**

**မိုးစက်ပွင့်**

**၂၇-၄-၂၀၀၉**

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်သည်…

ကျွန်မ စာရေးဆရာမ မဖြစ်ခင် စာရူး, ပေရူးဘဝက ရေးသား ခဲ့သောစာအုပ် ဖြစ်ပါသောကြောင့် လိုအပ်ချက်များရှိလျှင် နားလည်ခွင့်လွှတ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ငယ်ငယ်က အတွေး။

ငယ်ငယ်က အရေးအသားတွေကို ပရိသတ် ခံစားသိမြင်နိုင် အောင် မည်သည့်စာသားမှ ပြုပြင်ပြောင်းလဲခြင်းမရှိပါသဖြင့် မေတ္တာရပ်ခံခြင်း ဖြစ်ပါသည်။

မိုးစက်ပွင့်

၂၀၁၅နိဝင်ဘာလတွင်
ဖတ်နိုင်ပါပြီ

# မမသဒ္ဒါမောင်

ကြယ်တွေကြွေတဲ့ည

# ကြယ်စင်မှူးဝေ

မာယာအသစ်ျ

# မိုးစက်ပွင့်

ပိတောက်နီမှ မုန်းမယ်ဆို

# အလင်းသစ်

သူငြိုးလေသမျှ

# လှိုင်းကြာဖြူ (လားရှိုး)

ကြေကွဲနေ့ရက် အဆုံးသတ်

BURMESE CLASSIC

www.burmeseclassic.com